
www.burmeseclassic.com

ဉာဏ်ဝင်းစာပေ



BURMESE CLASSIC .com

# ခင်သူဇာ

(လုံးချင်းဝတ္ထုသစ်)

## အိပ်မက်လှလှ

L ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ခင်သူဇာ

## အိပ်မက်လုလု

BURMESE CLASSIC .com

ပြည်လုံးကျွတ် ဖြန့်ချိရေး

ညကျော်ဝင်းစာပေ
အမှတ် ၂၇၊ သင်္ဂဟာလမ်း
ကျောက်မြောင်း
ဖုန်း - ၅၄၃၀၁၈

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"ဖြူရေ"

"ရှင်…လာပြီ…ကို"

"မိန်းမကလဲကွာ…ဘာလုပ်နေတာလဲ၊ ဒီမှာ ကို အလုပ်သွားဖို့ နောက်ကျတော့မယ်။ လာစမ်းပါ…မြန်မြန်"

"အင်းပါ…ကိုရယ်… လာနေပါပြီ၊ ဒီမယ် နေ့လယ်စာအတွက် စိန်စိန့်ကို ချက်ဖို့ မှာနေလို့ပါ"

အပေါ်ထပ်ဆီမှ ဖေဖေ့အသံဝါဝါသြသြကြီးက တစ်အိမ်လုံး ဟိန်းနေအောင် ကြားပါသည်။

မေမေကလည်း ဖေဖေ့အသံနောက်မှ ထပ်ကြပ်မကွာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလို တုံ့ပြန်ဖြေကြားသံ ပေါ်ရင်း ထမင်းစားခန်း ကော်ဖီဝိုင်းထဲမှ ဆယ့်ခြောက်နှစ်သမီးကလေးပမာ သွက်လက်ဖျတ်လတ်စွာဖြင့် ထကာ အပေါ်ထပ်ဆီ တက်သွားပါတော့၏။

နေ့စဉ် မြင်တွေ့ ကြားသိနေရသော မေမေ့လှုပ်ရှားမှုများကို ကော်ဖီသောက်နေသော ညီုတစ်ယောက် မသိမသာလေး သက်ပြင်း ချမိရပါသည်။

မေမေ့ကိုကြည့်ပြီး ညို တကယ်ပင် လင်စိတ်သားစိတ်ကုန်မိပါသည်။ အပေါ်ထပ်မှာ မေမေ့ကို သွားမကြည့်ဘဲလည်း ညို သိနေပါ၏။

ဖေဖေ အလုပ်သွားတော့မည်ဆိုသည်နှင့် မေမေ ထုတ်ထားပေးသော ခုတင်ပေါ်မှ အဝတ်အစားများကို ဝတ်မည်။ အင်္ကျီဝတ်သည်နှင့် မေမေ့ကို လိုတော့၏။

ဖေဖေက နေရာတကာ မေမေပါမှဆိုသည့်လူစားမျိုး။

အင်္ကျီကြယ်သီးများပင် ဖေဖေ တပ်၍မတတ်ပါဟု ပြောရလျှင် လွန်မည်မထင်။

ဘုရားစူးရစေ…တကယ်ပင် ဖေဖေ အင်္ကျီဝတ်သောအခါ မေမေက ကြယ်သီးတွေ တပ်ပေးရလေသည်။

ညို ခပ်ငယ်ငယ်က ကလေးပီပီ နားမလည်သဖြင့် မေးဖူး၏။





"ဟင်…ဖေဖေက ကြယ်သီးကို ကိုယ့်ဘာသာကိုယ် တပ်ပါလားလို့၊ ဘာလို့ မေမေ တပ်ပေးရတာလဲ၊ ကလေးလည်း မဟုတ်ဘဲနဲ့"

ထိုအခါ မေမေက သဘောကျစွာပြုံး၍ ညို့ကို စိတ်ရှည်လက်ရှည် ရှင်းပြလိုက်ပုံက…

"သမီးဖေဖေက အလုပ်များတယ်လေ သမီးရဲ့၊ တစ်ခါတော့ ဖေဖေပေါ့၊ ကြယ်သီးကို အထက်အောက်မှားပြီး လွဲတပ်သွားတော့ အင်္ကျီကြီးရွဲ့ပြီး ဝတ်သွားတာကွယ့်၊ ရယ်စရာဖြစ်နေတာပေါ့၊ ဒါကြောင့် မေမေက မရွဲ့အောင် တပ်ပေးနေရတာလေ"

တကယ်တော့ အဲဒီအဖြေကို ညိုက သိပ်လက်မခံချင်ပါ။

မရွဲ့ဘဲနေအောင် ဖေဖေက ဂရုစိုက်ပြီး သတိထားတပ်ပါလားဟု ပြောချင်ပေမယ့် ဖေဖေ့ မျက်နှာထိ မျက်နှာထားနှင့် ကြည့်ခံရမှာစိုးသဖြင့် ညို မပြောတော့ပါ။

မေမေပြောသလိုပင် ဆောက်လုပ်ရေးလုပ်ငန်း ကန်ထရိုက်ကြီးတစ်ယောက်ဖြစ်သော ဖေဖေက အလုပ်များပါသည်။

လုပ်ငန်းကိစ္စတွေ စဉ်းစားနေရသဖြင့် ဖေဖေက သူ့ကိုယ်သူ သိပ်ဂရုမစိုက်နိုင်ပါ။ အဝတ်အစား၊ အစားအသောက် အစစအရာရာ မေမေကသာ စေ့စပ်သေချာစွာ ဂရုတစိုက် လုပ်ကိုင်ပေးရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလိမ်းဆီလိမ်းပြီး ဆံပင်ဖြီးတာကအစ မေမေပါရ၏။ ကိုယ်လိမ်းပေါင်ဒါတောင်မှ မေမေ သတိမပေး မယူပေးလျှင် မလိမ်းဖြစ်တော့။ လိမ်းဖြစ်သည်ထားဦး…ဖေဖေက ပေါင်ဒါတွေကို စိတ်ရှည်စွာ မပွတ်ဘဲ အကွက်လိုက် အပုံလိုက်ကြီး ထားတတ်တာမို့ မေမေက ဆွဲဖြန့်ပွတ်လိမ်းပေးရ၏။

အဝတ်အစား ဝတ်ပြီးပြီ။ အလုပ်သွားရန် အဆင်သင့်ဖြစ်ပြီဆိုတော့မှ မေမေ အသင့်ပြင်ဆင်ထည့်သိုပေးထားသော စာရွက်စာတမ်းများပါသည့် အတာက်ချီကော့စ်၊ ဒိုင်ယာရီ၊ မျက်မှန်၊ ဘောလ်ပင်၊ ဟန်းဖုန်းနှင့်တွဲရန် ဓာတ်ခဲ အသင့် ရှိမရှိနှင့် စနိုးတာဝါများကိုပါ သေချာစီစဉ်ထည့်ပေးကာ ပေါ်တီကိုအောက်ရှိ ကားဆီ ပို့ရ၏။

ကားဆီမသွားခင် ဖိနပ်စီးပြန်တော့လည်း ဒီနေ့ ဖေဖေ ဝတ်ဆင်သည့် အဝတ်အစား၊ အရောင်အသွေး၊ ဒီဇိုင်းနှင့် လိုက်လျောညီထွေဖြစ်မည့် ဖိနပ်တစ်ရံရံကို ဖိနပ်စင်မှ မေမေ ယူထုတ်ပေးရပါသည်။

မဟုတ်လျှင်တော့လား အလုပ်များသောဖေဖေက စီးရမည့် ဖိနပ်အပေါ် လုံးဝအာရုံမထားသဖြင့် ကတ္တီပါဖိနပ်တစ်ဖက်၊ သားရေဖိနပ်တစ်ဖက် စီးချင်စီးသွားတတ်၏။

တစ်ခါက မေမေမအားသဖြင့် ဖေဖေတစ်ယောက် Walker





တစ်ဖက် Aerosoft တစ်ဖက်နှင့် ကွင်းထိုးဖိနပ်ကြီးစီးသွားသဖြင့် ကုမ္ပဏီရောက်မှ အလုပ်သမားလေးက တိုးတိုးတိတ်တိတ် သတိပေးတော့မှ ရုံးခန်းထဲ အရံထားတတ်သော အောကတ္တီပါလေး ရှိနေ၍သာ တော်တော့၏။

ဖိနပ်အလွဲနှင့် အိမ်ပြန်လာသောဖေဖေ့ကို မေမေ့ခမျာ ကားနာ၍မဆုံးတော့။

မေမေ့ ချို့ယွင်းချက်ကြောင့် ခုလိုဖြစ်ရပါသတဲ့လေ။

ဖေဖေကတော့ ခပ်တည်တည် မေမေ့ကို ပြောလိုက်ပုံကြည့်…

"အဲဒါ…ဖြူပေါ့လျော့လို့ ဖြစ်ရတာ၊ ကိုယ့်ယောက်ျားပွဲရှုသူရှေ့မှာ အရှက်ကွဲတာဟာ အိမ်က မယားဝတ္တရား မကျေပွဲ့ဘဲကွ၊ ကိုတော့ မရှက်ပေါင်ကွာ၊ သူများတွေက ဖြူ ကိုယ့်ကို မျပမိုက်ဘူးလို့ဘဲ ထင်ကြမှာပေါ့"

ထိုနေ့မှစ၍ မေမေတစ်ပေါက် ဖေဖေ ကားပေါ်မရောက်ချင်း လိုလေသေးမရှိအောင် ဂရုစိုက်ပေးတာမှ ညို စိတ်ပျက်ရလောက်အောင်အထိ ရှိနေသည်ဆိုလျှင် လွန်မည်မထင်ပါ။

မေမေ့ခမျာ နေ့စဉ် ဖေဖေ့ကားလေးထွက်သွားတော့မှ မနက်စာက စားလက်စ သောက်လက်စ ကော်ဖီနှင့် မုန့်ကို ဆက်စား



www.burmeseclassic.com

www.burmeseclassic.com



လျှင်စား၊ ဒါမှမဟုတ် စိန်စိန်ကို ဘာဟင်းတွေချက်ရအောင်ဟူ၍ ဆက်ပြီး မှာချင်မှာ၊ ညို ကြားနေရတာ ရိုးနေပါပြီ။

မေမေ့ကို ညို သနားလှပါသည်။

ဖေဖေ့ ဝေယျာဝစ္စတွေကို ဇနီးကောင်းတစ်ယောက် ပီသလွန်းစွာ အကွက်စေ့စေ့လေး လုပ်ကိုင်ဆောင်ရွက်နေပါသော ညို့မေမေ ဒေါ်ကြာဖြူဆို အမျိုးသမီးသည် သာမန်အိမ်ရှင်မ တစ်ယောက် မဟုတ်ပါ။

ဗိုလ်ချုပ်ဈေးသစ်ထဲမှာ မေမေ့ ရွှေဆိုင်ကြီး ရှိပါ၏။ မေမေ ကိုယ်တိုင်လည်း ရွှေဆိုင်ထိုင်ပါသည်။ မေမေ့မိဘများလက်ထက် ကတည်းက အမွေဆက်ခံလာခဲ့သောဆိုင်မို့ မိတ်ဟောင်း မိတ်သစ် များနှင့် မေမေ့ဆိုင်က ရောင်းအားလည်း ကောင်းလှပါသည်။

စံချိန်စံညွှန်းပြည့်မီသော အာမခံအထည်များမို့ စိတ်လက် ချချ ဝယ်ယူအားပေးကြသော ဖောက်သည်များနှင့် အမြဲ စည်ကား နေတတ်၏။ မေမေ့ကိုဆို အားလုံးက လေးစားယုံကြည် ချစ်ခင်ကြ သည်။

မေမေ့ဆိုင်မှ ပစ္စည်းတွေဆို လုံးဝ စိတ်ချပြီးသားမို့ မေမေ့ ကိုယ်ကျင့်တရား ဖြူစင်မှုနှင့် သဘောထားပြည့်ဝမှုတွေကို အားလုံး နားလည်ထားကြ၏။





ထို့ကြောင့်လည်း မေမေ့ဆိုင်ဆို သူများတွေဆိုင်ထက် အချိန် နောက်ကျမှဖွင့်သော်လည်း အကြောင်းသိ ဓာတ်သိတွေက မေမေ့ ဆိုင်အဖွင့်ကို တမင် စောင့်ဆိုင်းပြီးမှ ဝယ်တတ်လေသည်။

မေမေ ဆိုင်အဖွင့်နောက်ကျရခြင်းကလည်း ဆိုခဲ့ပြီးသော ဖေဖေ့ ဝေယျာဝစ္စတွေကြောင့်ပင်။

ညို မကြိုက်တာက ထိုအချက်ပင်တည်း။ ညို အရွယ်လေး နည်းနည်းရလာသောအချိန်မှာ မေမေ့ကို ကြိတ်၍ ပြောကြည့်ဖူးပါ သည်။

“မေမေကလည်း ကိုယ့်မှာလည်း အလုပ်နဲ့ပဲဟာ၊ အဲဒီ ဖေဖေဟာလေ မေမေ့ကိုဆို ကျွန်မှတ်နေသလားမသိပါဘူး၊ အရမ်း ခိုင်းတာပဲ”

“သမီး”

မေမေ့ခမျာ ဖေဖေ မတော်တဆ ကြားသွားမှာစိုးရိမ်ဟန် မျက်ဝန်းများပင် ဝိုင်းသွားရပြီးမှ ပြုံး၍…

“ဖေဖေ့ကို အဲဒီလိုထင်ရင် သမီး မှားလိမ့်မယ်၊ ငရဲကြီး တတ်တယ်သိလား၊ သမီး ကြီးလာမှ နားလည်လိမ့်မယ်၊ နောက်ကို ဒီလို မပြောရဘူးနော် သမီး”

မေမေမနှစ်သက်သဖြင့် နောက်ကိုလည်း ညို မပြောတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မေမေ့ကိုကြည့်ပြီး ညို တစ်နေ့ထက်တစ်နေ့ စိတ်ကုန်လာရတာ အမှန်ပင်။

ခုတော့ ညို နှစ်ဆယ့်ငါးနှစ် ရှိပါပြီ။ စီးပွားရေးဘွဲ့ယူပြီး သူငယ်ချင်းတွေနှင့် စတိုးဆိုင်ကြီးတစ်ဆိုင် အစုဝင်ကာ ဖွင့်ထားပါသည်။

အမျိုးသမီးသုံး အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်၊ မိတ်ကပ်၊ လက်ကိုင်အိတ်၊ ဖိနပ် စသော ပစ္စည်းများ ရောင်းသဖြင့် ညိုတို့ဆိုင်လည်း အမြဲတမ်း လူစည်ကာ ရောင်းအားကောင်းပါသည်။

မေမေပြောသော သမီးကြီးလာမှ နားလည်လိမ့်မယ် ဟူသောစကားကို ညို ဘယ်တော့မှ မမေ့။ ခုတော့ ညို အရွယ်ရောက်ကာ ကြီးလာပါပြီ။ နားလည်း လည်ပါပြီလေ။

ထိုအရာက ယောကျ်ားယူလျှင် မေမေ့လိုပင် 'မယားဝတ္တရား' ဟူသော ပုံစံခွက်ကြီးထဲမှာ ညို့ဘဝတစ်ခုလုံး စုန်းစုန်းနစ်ကာ ယောကျ်ားတစ်ယောက်အတွက် 'ကျွန်' ဖြစ်ရမည့်အဖြစ်ကို ညို ကောင်းစွာ နားလည်သဘောပေါက်လိုက်ပါပြီတည်း။

ထို့ကြောင့်လည်း ခိုင်မာသော သံဓိဋ္ဌာန်ကို ညို ရဲရဲဝံ့ဝံ့လေး ချလိုက်၏။





ညို ဘယ်ယောကျ်ားကိုမှ လက်မထပ်နိုင်ပါဟူ၍။

ညို့မှာ ပညာရှိ၏။ လုပ်ငန်းရှိ၏။ အရည်အချင်းရှိ၏။ ဥစ္စာပေါ ရုပ်ချောဟူသော စာရင်းထဲမှာ ညို ထိပ်ဆုံးကပါနိုင်ဟု ဆိုလျှင် ကြွားရာ၊ ဘဝင်မြင့်ရာ၊ မာနကြီးရာ ကျပါမည်။

ညို မာနမကြီးပါ။ ဘဝင်မမြင့်ပါ။

ကြွားလည်း မကြွားပါ။

ကိုယ့်ကိုယ်ကို ညို ယုံကြည်မှုအပြည့် ရှိ၏။

ကိုယ့်အစွမ်းအစ ကိုယ့်အရည်အချင်းတွေကို ညို စိတ်ချ၏။

ဆိုလိုချင်တာက ညို့ဘဝမှာ ယောကျ်ားတစ်ယောက်ကို မှီခိုအားထားရမှ ရပ်တည်နိုင်မည့်ဘဝမျိုးမဟုတ်။

ဘယ်သူ့ကိုမှ ညို မှီခိုအားကိုးစရာမလိုအောင် ညို့မှာ ပြည့်စုံနေ၏။

ဖေဖေ့ကို ညို ချစ်ပါသည်။

အောင်မြင်သော လုပ်ငန်းရှင်တစ်ယောက်အဖြစ် ဖေဖေ့ ဂုဏ်သတင်း မွှေးမွှေးတို့က ညို့ကို ဖေဖေ့သမီးဟု သိလိုက်သည်နှင့် လူအတော်များများက . . .

'သြော် . . . ဦးမြတ်သင်း သမီးကိုး၊ ဒါကြောင့်တော်တာကိုး' ဟူသော ကောက်ချက်ချမှုတွေကို ညို လုံးဝမကြိုက်။



www.burmeseclassic.com

www.burmeseclassic.com



'ကြာညိုသင်း' ဆိုတာ ဖေဖေ့သမီးဖြစ်နေ၍ တော်နေတာ ဖြစ်ကာမှဖြစ်ရော။

ဖေဖေ့လို မေမေ့အပေါ် အခွင့်အရေးတွေ ပိုယူတတ်ပြီး မညှာတာခိုင်းသူ မဟုတ်ပါ။

စိန်စိန်ရှိနေပေမယ့် ညို့အဝတ်တွေ ညိုကိုယ်တိုင်လျှော်၊ ညိုစားပြီးသောပန်းကန်ကို ညိုကိုယ်တိုင်ဆေးသူမို့ အိမ်မှာ အခွင့်ထူးခံ မဟုတ်ပါ။

ဖေဖေ့ကွယ်ရာမှာ ညို မေမေ့ကို မသိမသာမဲ့ပြလျှင် မေမေ ကြည်စင်ချိုအေးစွာပြုံး၍…

"သမီးရယ် ဇနီးကောင်းတစ်ယောက်ဆိုတာ လင်သားရဲ့ ကိစ္စအဝဝတွေကို အလိုက်သိရတယ်ကွယ့်၊ မေမေက ဖေဖေ့ကို ချစ်ခင်မြတ်နိုးလို့ စေတနာ မေတ္တာတွေနဲ့ လုပ်ကိုင်ပေးချင်တာလည်း ပါတာပေါ့ကွယ်"

ညို မချိပြုံးလေးသာ ပြုံးမိပါ၏။ စိတ်ထဲမှာ…

"ဟင့်အင်း…ညိုတော့ မေမေ့လိုစိတ်မျိုး မထားနိုင်ပေါင်"



## အခန်း ( ၂ )

ကျောင်းမှ သူ ပြန်ရောက်ချိန်မှာ ထုံးစံအတိုင်း ဖေဖေက မီးဖိုထဲမှာ တကုပ်ကုပ် ထမင်းချက်နေ၏။

သူ့အတွက်တော့ မဆန်းပါ။

ဖေဖေဆိုသောပုဂ္ဂိုလ်က 'မိုးစက်' လူမှန်းသိတတ်စအရွယ် ကတည်းက ထမင်းချက်၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေး ကိစ္စ အဝဝကို နေသားကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သူ မဟုတ်ပါ လား။

အိမ်ရှင်မတစ်ယောက်၏ ပြုဖွယ်ကိစ္စမှန်သမျှတွေကို ဖေဖေ ကျွမ်းကျင်နိုင်နင်းစွာ လုပ်ဆောင်နိုင်၍လား မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဖေဖေ့အားကိုးဖြင့် ဘာတစ်ခုမှ ဟုတ်ဟုတ်ညားညား မလုပ်တတ်တော့။

ထမင်းဟင်းချက်ပြုတ်ရာမှာလည်း အဆီအငေါ်မတည့်။

ပေါ့တစ်လှည့်၊ ငန်တစ်ခါ၊ ဘူးခြစ်မာဆတ်သွားတတ်တာ ခဏခဏမို့ မီးဖိုချောင်အသုံးစရိတ် မထိခိုက်စေရန် ဖေဖေ့ခများ အော်တိုမက်တစ် အိမ်ရှင်မစစ်စစ်တစ်ယောက်ပမာ ပုခုံးပြောင်း တာဝန်ယူထားလိုက်ရပါတော့သည်။

မေမေကလည်း အိမ်မှုကိစ္စမှန်သမျှကို အလွန်ထူးဆန်း အံ့သြဖွယ်ကောင်းလောက်အောင်ပင် လုံးဝ စိတ်မဝင်စားသော်လည်း အကောင်းတော့ အလွန်ကြိုက်၏။

ဖေဖေချက်သော ဟင်းများကို ကောင်းလျှင် ချီးကျူးသလောက် မကောင်းလျှင် ပျစ်ပျစ်နစ်နစ် ပြောတတ်လေသည်။

ဥပမာ…ဖေဖေက ဝက်သားပေါင်းနှင့် ချဉ်ပေါင်ကြော် ချက်ထားသည်ဆိုပါစို့။ ဖေဖေ ပေါင်းသော ဝက်သားပေါင်းဆိုလျှင် အလွန့်စားကောင်း၏။

ဗင်နီဂါရည်နှင့် နာနာနယ်ထားသဖြင့် မအီတော့ဘဲ နူးအိအိ အရသာလေးက လျှာပေါ်မှာစွဲစေလောက်ပါသည်။ ဒါကို မေမေက…





"ကောင်းတယ်…ရှင့်ဝက်သားပေါင်းဆို နာမည်ကြီးတယ် ကိုမိုးရဲ့၊ ရှိသေးတယ် မဟုတ်လား ထည့်ပေးစမ်းပါ။ တစ်ချိုင့်လောက် မမစောတို့ကို ကျွေးချင်လို့"

"အင်း…ရှိတယ်၊ ထည့်ပေးမယ်လေ"

ဖေဖေကလည်း မေမေက ဖြူဆိုလျှင် မီးသွေးကိုပင် ဖြူမည့်သူမို့ သူပေါင်းထားသော ဝက်သားတစ်အိုးလုံး တက်တက်ပြောင်သွားအောင် ထည့်ပေးတတ်လေသည်။

ဖေဖေ ဟင်းတွေထည့်ပေးနေတုန်း သူသာ အနားမှာရှိနေပါက ဖေဖေပြောတတ်သည့်စကားက…

"အဟင်း….မင်းမေမေက သူ့အပေါင်းအသင်းတွေကို ကြွားထားတာနေမှာကွ၊ နည်းသွားရင်လည်း စားလို့မလောက်ဘဲ ဖြစ်မှာစိုးလို့ အကုန်လုံးပဲ ထည့်ပေးလိုက်တော့မယ်၊ ငါတို့သားအဖအတွက်တော့ ယန်ယန်ပြုတ်နဲ့လည်း ဖြစ်ပါတယ်ကွာ…နော်"

ဖေဖေက မေမေ့အတွက်ဆို ထိုကဲ့သို့ စေတနာ မေတ္တာ ဝေဖြာစွာဖြင့် နားလည်ခွင့်လွှတ် အလိုက်သိ လိုက်လျောလေ မေမေက အကဲပါလေ။ အကယ်၍ သူတို့သားအဖနှစ်ယောက် ညနေစာကို ယန်ယန်ပြုတ်နှင့်သာ စားလိုက်ရတာကို မေမေမြင်သွားပါက ဖေဖေ မသက်သာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ရှင်တို့သားအဖက ဘာဖြစ်တာလဲ၊ ဟင်း မရှိလို့လား"

ထိုအခါ ဖေဖေက ပြုံးကျဲကျဲလေး ပြောတတ်တာက…

"ကိစ္စမရှိပါဘူးကွာ၊ ဝက်သားပေါင်းက နည်းသွားမှာစိုးလို့ အကုန်လုံးထည့်ပေးလိုက်တာပါ၊ ယန်ယန်ပြုတ်လည်း ကောင်းပါတယ်ကွ"

ဒါဆိုလျှင် မေမေ့မျက်စောင်း အကြောင်းသုံးပါးမရွေးတော့၊ ဒိုင်းကနဲ ကျလာရကာ မဲ့တဲ့တဲ့ ငေါ်တော့တော့လေး ပြောပါတော့၏။

"ဟွန်း…ဘာကောင်းပါတယ်လဲ။ ရှင်ဟာလေ အတော့်ကို ထူတဲ့လူ၊ အတဲ့လူပါလား ကိုမိုး"

"ဟင်"

"ကိုယ်စားဖို့အတွက် ကြည့်ကျက်ပြီး ချန်ထားမှပေါ့၊ ခုတော့ ဝေါ်ပြီမဟုတ်လား"

"ရပါတယ်ကွာ"

"ဘာ…ရပါတယ်လဲ၊ သူများတွေသိရင် စိုးကိုပဲ အပြစ်တင်ကြမှာ၊ နောက်ဆို ခုလို မစို့မပို့လေးမချက်ပါနဲ့၊ များများသာ ချက်စမ်းပါ၊ ကုသိုလ်ရတယ် မဟုတ်လား၊ ပြီးတော့ စိုးအတွက်လည်း အလုပ်အကိုင် အဆင်ပြေတယ်လေ၊ ကျွေးမွေးပေးကမ်းထား





တဲ့မျက်နှာကြောင့် ပွဲစားအချင်းချင်းတောင်မှ စိုးလောက် ဘယ်သူမှ အခွင့်အရေး မရကြပါဘူး၊ ရောင်းသူ ဝယ်သူကြားမှာ စိုးစိုးဝင်းကသာ ကြားဝင်တော့ဆိုင်ပေးလိုက်ရင် အဆင်ပြေသွားတာများတယ် မဟုတ်လားလို့၊ လုပ်ငန်းအောင်မြင်တယ်ပေါ့၊ ဒီတော့ ကိုယ်ကလည်း နှစ်ဖက်ပွဲခ မြက်မြက်ကလေးရတာပေါ့၊ စိုးက ကိုယ့်အကြံနဲ့ ကိုယ် ကျွေးတာပါနော်"

"အေးပါကွာ…ငါ နားလည်ပါတယ်၊ ခုလည်း ဘာမှ ဖြစ်ပါဘူး၊ ငါလည်း ဝက်သားပေါင်း သိပ်မစားချင်ဘူးဖြစ်နေလို့ပါ စိုးရာ"

"ဟုတ်လား…ဒါဆိုလည်းပြီးရော။ စိုးက ကိုမိုးကို အားနာလို့ပြောတာ။ ကိုယ့်ယောကျ်ားက အချက်အပြုတ်ကောင်းတော့လည်း စိုးတို့က သူငယ်ချင်းတွေအလယ်မှာ မျက်နှာမငယ်ဘူးလေ။ ယိုမိန်းမတွေက ကိုမိုးလောက် တစ်ယောက်မှ ဟန်မကျပါဘူး။ ပိုးဟင်းတွေများ ထည့်သွားကြည့် တစ်ခါတည်းကို အလုအယက် ပေါင်းမဖော်တမ်းကို စားကြတော့တာ သိလား၊ အဟင်း…ဟင်း"

"အင်း…ဟုတ်လား၊ ချက်ရကျိုးနပ်တာပေါ့ကွာ…နော်"

"ဒါပေါ့…စိုးကလည်း လက်မထောင်ပြီး အပြတ်ကို ချီးပစ်ထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"လောကမှာ ကိုမိုးလိုယောက်ျား နှစ်ယောက်မရှိဘူး။ မိုးလင်ရ သိပ်ကံကောင်းတယ်လို့ပေါ့"

"အင်း"

ဖေဖေ တပြုံးပြုံးနှင့် ကျေနပ်မဆုံးတော့။ မိုးစက်က ဒါကို လုံးဝ ဘဝင်မကျနိုင်ပါ။ ဖေဖေက မေမေ့ကို အလွန်ချစ်သလောက် အလွန် အနွံ့အတာခံသူ ဖြစ်၏။

ခုလည်း ဖေဖေ ညာပြောလိုက်တာ မိုးစက်သိပါသည်။

တကယ်တော့ ဝက်သားပေါင်းကို ဖေဖေ အလွန်ကြိုက်၏။

မေမေ့အတွက် ချိုင့်လေးထဲထည့်ရင်း အိုးကပ် အရည် အနှစ်ကျန်တွေကို လက်ညှိုးလေးနှင့် သပ်ကာသပ်ကာ ဖေဖေ လျက်ကာ လျက်ကာ စားနေတာ မိုးစက် အမြင်မဟုတ်ပါလား။

မေမေ ကျေနပ်အောင် 'သိပ်မစားချင်ဘူး' ဟူသော စကားကို ဖေဖေ ညာပြောလိုက်မှန်း မိုးစက် သဘောပေါက်တာကို ဖေဖေလည်း ရိပ်မိ၏။

မေမေထွက်သွားတော့မှ မိုးစက်ကို ဖေဖေ ဘာပြောတာ မှတ်သလဲ။

"မင်းအမေက သူများတွေကို ကျွေးချင် မွေးချင် ပေးကမ်း





ချင်တဲ့စိတ်တွေ အရမ်းများတာကွ။ သူ့သူငယ်ချင်းတွေကို ဖေဖေ့ အကြောင်းတွေ ဘယ်လောက်ကြွားထားမှန်းမှ မသိတာကွာ။ တကယ်တော့ ဖေဖေက ဝက်သားပေါင်း အရမ်းကြိုက်တာကွ"

"သား...သိပါတယ်။ အဲဒါနဲ့တောင် ဖေဖေက ဘာလို့ သားလုံးထည့်ပေးလိုက်တာလဲလို့"

"အဟင်း...မင်းအမေက ဝက်သားဈေး၊ ဆီဈေးတွေ ဘယ်လောက်ဖြစ်နေတာ သူ မသိဘူးကွ။ ချက်ချက် များများသာ ချက်လို့ သူပြောနေတာ၊ တကယ်ဈေးသွားရတာက ဖေဖေလေ။ ...န်းဘောလဘောကြီးတော့ ဘယ်ဝယ်လာမလဲကွာ။ ကိုယ့်မိသားစု ...ချင့်ချိန်ပြီး ချက်ရအောင် လိုသလောက်ပဲ ဝယ်လာတာပေါ့။ ဒီတော့ ...ားဖြတ်ကြော်ကြော်ဝင်သွားတော့လည်း ထုံးစံအတိုင်း ယန်ယန်နဲ့ပဲ ...လိုက်ကြတာပေါ့သားရာ...အဟား"

ဖေဖေ့ကိုကြည့်ပြီး မိုးစက် တကယ်ပင် စိတ်မကောင်းနိုင် ...။

တကယ်တော့ ဖေဖေ့မှာ အလုပ်မရှိသူ မဟုတ်။ ဌာနတစ်ခု ...ယ်တန်းအရာရှိတစ်ယောက် ဖြစ်၏။

အစကနဦးမှာ မေမေ အလုပ်မလုပ်ပါ။ ဖေဖေ့လုပ်စာကို ...ကျကျလေး ထိုင်စားကာ အိမ်ဖော်နှင့် နေလာခဲ့သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်လည်း မကျွမ်းကျင်၊ သူများလုပ်ကိုင်တာကို လည်း စီဇာကြောင် ကျီးများလွန်းသော မေမေ့ကြောင့် ဘယ်အိမ်ဖေ မှ တာရှည်မခံ။

အိမ်မှုကိစ္စတွေမှာလည်း မေမေလုပ်ကိုင်သမျှ အလေအလွ အဆုံးအပါးတွေ များလွန်းသဖြင့် မတတ်သာသည့်အဆုံး ဖေဖေ ကြားဝင်နေရာယူလိုက်ရခြင်း ဖြစ်လေသည်။

ဖေဖေက ငယ်စဉ်ကတည်းက စည်းကမ်းကလနား စနေ ဇယားလေးနှင့် ကြီးပြင်းလာခဲ့ရတာမို့ အောက်သက်ကျေကာ ဘာ လုပ်လုပ် နားလည်ကျွမ်းကျင်ပြီးသား လူတစ်ယောက်ဖြစ်၏။

မေမေကျ ငယ်ငယ်ကတည်းက မိဘမောင်နှမဖေ အလယ်မှာ ကြားချောင်ကာ ဘာတာဝန် ဝတ္တရားတစ်ခုမှ တိ ကျကျ မထမ်းဆောင်ခဲ့ရဘူးသူမို့ ပေါ့ပေါ့နေ ပျော်ပျော်စားသမ ဖြစ်နေခဲ့၏။

ဖေဖေနဲ့ညားပြီးမှ မိုးစက်ကို မွေးပြီးချိန်အထိ ဟန်ကျယ် လေး ရှိခဲ့သေး၏။

နောက်ပိုင်းမှာ မေမေ အသုံးအစွဲကြီးမှုတွေကြောင့် ဖေ ဝင်ငွေတစ်ခုတည်းနှင့် အဆင်မပြေတော့။

မေမေ ပွဲစားအလုပ်လုပ်ကာ အိမ်အတွက် တစ်ဖက်တ





လမ်းမှ ဝင်ငွေ စတင်ရှာရသောအချိန်မှစ၍ ဖေဖေခမျာ အလုပ် တစ်ဖက်နှင့် အိမ်ရှင်မတာဝန်ကိုပါ ယူလိုက်ရပါတော့၏။

မိုးစက်က ဖေဖေ့ကို မေမေ့ထက် ပိုချစ်၏။ ထို့ကြောင့် ဖေဖေနှင့်သာ အထိအတွေ့ အဆက်အဆံများကာ ဖေဖေ လုပ်သမျှ လက်တို့လက်တောင်း ဝင်ကူပေးရင်း ခုတော့ မိုးစက်လည်း ဖေဖေ့ လိုပင် ချက်ပြုတ်လျှော်ဖွပ် အလုပ်တွေကို ကောင်းကောင်းကြီး ကျွမ်းကျင်နေလေပြီ။

မနက်စောစောထကာ ဖေဖေ ရုံးချိန်အမီ ချက်ပြုတ်ရ၏။

ညနေပြန်လာမှ လိုအပ်လျှင် ထပ်ချက်။ မလိုအပ်လျှင် နွေးပြုပြီး အဝတ်လျှော် ရေချိုး လုပ်ရ၏။

တစ်ခါတလေ ညနေစာအတွက် မေမေ ပွဲခမြက်မြက် လေး ရတတ်သောနေ့များဆိုပါလျှင် ခေါက်ဆွဲကြော်၊ အသားကင်၊ ပေါင်း၊ ကီးမား၊ တုတ်ထိုးအကင်များ ဝယ်ဝယ်လာတတ်ပါသည်။

ထိုအခါမျိုးဆိုလျှင် အိမ်မှာ ချက်ထားသော တော်ရုံတန်ရုံ ဟင်းတွေက အမှိုက်ပုံးထဲ ရောက်သွားရရှာတော့၏။

ဖေဖေက သူ့ဟင်းတွေ သွန်ပစ်ရလျှင် အလွန်နှမျောကာ ပျက်စီပျက် မျက်နှာပျက် ရှိနေတတ်သလောက် မေမေက အပြုံး ပျက်...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးရယ်…လူ့ဘဝဆိုတာ ခဏလေးရတာတဲ့။ ရတုန်း ပျော်ပျော်နေ ကောင်းကောင်းစားမှ အဓိပ္ပာယ်ရှိတော့မှာပေါ့။ ရှင့် ဟင်းတွေကို နှမျောမနေစမ်းပါနဲ့။ သွန်သာပစ်လိုက်။ စိုးဝယ်လာ တာတွေ စားစမ်းပါနော်"

မေမေကတော့ ဘာကိုမှ အလေးမထား။ ကောင်းကောင်း ဝတ်မည် ကောင်းကောင်းစားမည်။

ထိုဒဿနက မေမေ့ဒဿနဖြစ်၏။ ဖေဖေကျ ရှေ့နောက် ဝဲယာ တွေးတောချင့်ချိန်တတ်သူမို့ မေမေ့ကို ချစ်သည့်စိတ်တစ်ခု တည်းဖြင့် ဘာမှမပြောရက်။

မိုးစက်ကျ မေမေ့ကိုပြောချင်နေတာ လျှာကိုယားနေ၏။ မိခင်မို့ မပြောသာ။ မိုးစက် ဘဝင်မကျတာ ဖေဖေသိ၏။ ပြုံး၍…

'စိတ်ချမ်းသာသလိုနေပါစေကွာ' တဲ့။

ခုလည်း မေမေကြိုက်တတ်သော ဟင်းတွေချက်နေ၏။ မိုးစက်ကိုမြင်တော့ ဖေဖေ အကြော်အိုးလေးမွှေနေရာမှ လှမ်းပြော၏။

"သား…ရောက်ပြီလား။ အတော်ပဲကွာ။ ရေချိုးခန်းထဲမှာ ဖေဖေ အဝတ်တွေစိမ်ထားတယ်။ လျှော်လိုက်ဦး ဟုတ်လား"

"ဟုတ်ကဲ့…ဖေဖေ"



# အခန်း (၃)

"ဟင်း…ဖေဖေ"

ဧည့်ခန်းထဲမှာ ဖေဖေ့ကို ငုတ်တုတ်လေး ငိုက်နေတာ မြင် …တော့မှ မိုးစက် ထိတ်ကနဲ ဖြစ်သွား၏။

ညနေစာကို မိုးစက်က ဖေဖေတို့နှင့် စားခဲ့ပါသည်။

ပြန်ချိန်မမှန်တတ်သော မေမေ့ကြောင့် မိုးစက် စာကျက် …ကျန်ရှိသေးသဖြင့် ထမင်းကို တစ်ယောက်တည်းသာ စားလေ့ရှိပါ …သည်။

ထမင်းစားပြီး ခဏနားကာ အိမ်စာတွေလုပ်မည်။ စာကျက်မည်။



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေသော ဖေဖေ့ကို မြင်လိုက်သည်နှင့် မေမေ့မျက်နှာ မသိမသာ ပျက်သွားရတော့၏။

မိုးစက် အားလုံးကို မမှိတ်မသုန်လေး လှမ်းကြည့်နေပါသည်။ မေမေက ချက်ချင်း အမူအရာပြောင်းကာ ဖေဖေ့ လက်မောင်းကို ကခွဲ့ကလျူလေး တွဲခိုလိုက်ပြီးမှ…

"ပြောရဦးမယ် ကိုမိုးရဲ့ သိလား။ ဒီနေ့လေ စိုး ပွလာတယ်…အဟင်း။ ခုနက လာပို့တဲ့ ကိုထွန်းထွန်းဦးကြောင့်ပေါ့။ သူက တကယ့်ကို နူးညံ့တဲ့လူလေ။ စိတ်လည်းကောင်းတယ် ကိုမိုးရဲ့။ အဲဒီလိုလူနဲ့ မိတ်ဆွေဖြစ်ရတာ စိုးတို့ ကော်တာပဲ။ ကဲ..စိုး ဗိုက်ဆာပြီ။ ကိုမိုး စောင့်နေတယ်မဟုတ်လား။ ခဏလေးနော်…ကိုမိုး ထမင်းအသင့်ခူးထား ဟုတ်လား။ စိုး အဝတ်လဲလိုက်ဦးမယ်"

ပြောပြီး မေမေ အပေါ်ထပ်တက်သွားတော့ ဖေဖေ ထမင်းစားခန်းထဲ ဝင်လာ၏။

ဖေဖေ့ကို တွေတွေလေးကြည့်နေသော မိုးစက်ကို ရုတ်တရက် မြင်လိုက်ရသဖြင့် ဖေဖေ တန့်ကနဲဖြစ်သွားကာ ဟန်ဆောင်ပြုံးလေးနှင့် ရယ်လိုက်ပြီးမှ ပြောလိုက်၏။

"အဟင်း…ဒီနေ့ မင်းအမေ အဆင်ပြေလာတယ်တဲ့ …သား"

◆ ဥဏ်ဝင်းစာပေ ◆



သူ ဘာမှ မပြောတော့ဘဲ ဖေဖေ့အားမှပွတ်ကာ သူ့အခန်းရှိရာ အသာထွက်လာခဲ့၏။ စာကျက်၍လည်း မရတော့။

သူ့မျက်ဝန်းထဲမှာ ဟိုလူကြီး၏ မေမေ့ကိုကြည့်သော အရောင်တလက်လက်မျက်လုံးများ။

မေမေ၏ အရွယ်နှင့်မလိုက် ချိုရွှင်မြူးသွက်နေသော ဟန်ပန်အမူအရာ။

ဖေဖေ၏ ငိုင်တွေတွေ မျက်ဝန်းများ။ တစ်ခုစီ တစ်လှည့်စီ အစီအရီ ပေါ်ကာနေ၏။ အသက်လေးဆယ်ပင် မပြည့်သော မေမေ့အရွယ်က ပြင်တတ်ဆင်တတ်မှုတွေကြောင့် ဆယ့်ခြောက်နှစ်သမီးနှင့်အပြိုင် လှနေဆဲဖြစ်၏။

ဖေဖေနှင့်ယှူချိန်မှာ မေမေ အသက်ဆယ့်ရှစ်နှစ်ဟု သိရပါသည်။

ဖေဖေနှင့် မေမေက အသက်ဆယ်နှစ်တိတိကွာသဖြင့် မယားချောချော ငယ်ငယ်လေးရထားသော ဖေဖေ့ခမျာ မေမေ့ကို ငုံထားမတတ် တုန်နေအောင်ချစ်ရှာတော့၏။

မိုးစက်သာ အခု တက္ကသိုလ် ဖိုင်နယ်ကျောင်းသားဖြစ်ချိန်အထိ မေမေက ဖေဖေ့ကို ညှာတုတု ခရာတာတာ ချွဲနွဲ့စွာပြောကာ အညှာကို အပိုင်ကိုင်ထားနိုင်လေသည်။

◆ ဥဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



အလွန်ချမ်းသာချင်သော မေမေက ဖေဖေ့ဝင်ငွေနှင့် ချမ်းသာစွာ မနေနိုင်သော်လည်း အလယ်အလတ်တန်း အဆင့်မျှတော့ အေးဆေးသက်သာစွာ နေထိုင်နိုင်ပါသည်။

ကိုယ့်အမေမို့သာပြောသည် မဟုတ်။ မေမေ့အမူအရာ အပြောအဆိုတွေက တည်ငြိမ်ရင့်ကျက်မှုတွေ သိပ်မရှိဘဲ ကလက်တက်တက်ရှိလှသည်ဟု မိုးစက် ဝမ်းနည်းစွာ မကြာခဏ တွေးမိဖြစ်ရသည်။

တွေးလည်း တွေးစရာ။ မေမေ့ဆံပင်၊ မိတ်ကပ်၊ အဝတ်အစား၊ ဖိနပ်၊ လက်ကိုင်အိတ်တွေက ဆယ်ကျော်သက်လေးတွေ ပုံစံအတိုင်း နေထိုင်ဝတ်ဆင်သူမို့ အကြောင်းမသိလျှင် အပျိုဟုပင် ထင်မှတ်ကြပါသည်။

ထိုမေမေက ခုတော့ 'ကိုထွန်း' ဆိုသော ပုဂ္ဂိုလ်ကြီးနှင့် ရင်းနှီးဟက်ပက်လွန်းစွာ ပြောဆိုနေတာကို မိုးစက် စိတ်ထဲ တကယ်ပင် မသက်သာလှပါဘိခြင်း။

ဖေဖေတော့ ဘယ်လိုနေမည်မသိပါ။ မိုးစက်အထင် ဖေဖေလည်း ကသိကအောက်လေးတော့ စိတ်အနှောက်အယှက်ဖြစ်ပေလိမ့်မည်။

သို့သော် မေမေ့အကြောင်း မိုးစက်သိ၏။





ထမင်းဝိုင်းမှာ ဖေဖေ့ကို ရေပက်မဝင်အောင် စကားတွေဖောင်ဖွဲ့ကာ ဖေဖေ့စိတ်တင်းကျပ်မှုတွေကို ဖြေလျှော့စေလိမ့်မည်သာ။

ဖေဖေကလည်း မေမေ့ကို အချစ်လွန်စိတ်ဖြင့် မေမေ ဘာပဲလုပ်လုပ် ခွင့်လွှတ်မြဲ အလျှော့ပေးမြဲ အလိုလိုက်မြဲ။

ခုတော့ မေမေ လွန်လာပြီထင်သည်။

မိုးစက် တကယ်ပင် အိပ်၍မပျော်နိုင်လောက်အောင် ရင်ထဲအိလယ်လယ် နင်တင်တင်ကြီးဖြစ်ကာ အခံရခက်လှ၏။

ထိုနေ့မှစ၍ မေမေ ခြေလှမ်းပျက်တော့သည်ဟုသာ တိတိကျကျ ပြောရပါမည်။

အဘယ်ကြောင့်ဆိုသော မေမေ အိမ်ပြန်ချိန် အမြဲနောက်ကျလေသည်။

ပြန်လာလျှင်လည်း ဟိုလူကြီးက မေမေ့ကို လိုက်ပို့ပြီးမေမေက အသံလွင်လွင် ချိုရှင်လေးဖြင့် နှုတ်ဆက်နေတတ်၏။

မိုးစက်မှာ မေမေ ပြန်လာချိန်ဆိုလျှင် လည်တဆန့်ဆန့်ပိပ်တဝိုက်ဝိုက်ဖြင့် မျှော်နေတတ်သော ဖေဖေ့ကိုလည်း သနားလှပါ၏။

မေမေ့ကိုလည်း နောက်ကျရကောင်းလားဟူသော မချင့်မရဲစိတ်လေးဖြင့် စိတ်ခုနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကွယ်ရာမှာ မိုးစက်က ဖေဖေ့ကို မကျေမနပ် ပြောမိ၏။ တကယ်ပင် ရင်ထဲ တင်းကျပ်စွာ ဖြင့်ပါ။

"ဖေဖေ…မေမေ့ကို မပြောတော့ဘူးလားဗျာ"

မိုးစက်စကားကြောင့် ဖေဖေ မျက်နှာညှိုးသွားပြီးမှ သက်ပြင်းကို လေးတွဲစွာချကာ ပြော၏။

"သားရာ…မင်းမေမေအကြောင်းလည်း သိသားနဲ့။ ဒီအိမ်မှာ သူဗိုလ်လေ။ အဟင်း…ဖေဖေ့လစာလောက်ကို သူက အရေးစိုက်တာမှ မဟုတ်တာကွာ။ သူ့ဝင်ငွေက ကောင်းနေတော့ သူ့သဘောပဲပေါ့…အဟင်း"

မချိုရယ်သံလေးဖြင့် ဖေဖေ စိတ်ပျက်လက်ပျက် ပြောနေတာကို ပါးစပ်အဟောင်းသားဖြင့် ကြည့်ရင်း မိုးစက်ရင်ထဲ ကျဉ်စက် ဆို့နင့်စွာ ခံစားရ၏။

ဖေဖေ့ကို နားလည်ပါသည်။ တစ်လျှောက်လုံးလုံး မေမေ့အလိုဆန္ဒမှန်သမျှ ပုတ်သင်ညို ခေါင်းညိတ်အကြိုက်ဆောင်လောက်ခံလာခဲ့သော ဖေဖေ့ မေတ္တာ စေတနာတွေအပေါ် မေမေ ဥပက္ခာပြုရက်လေခြင်းဟု မိုးစက် မေမေ့အပေါ် နာကျည်းမိ၏။

မေမေ့ အတင့်ရဲမှုတွေက ဘယ်လောက်အထိ လွန်ကဲလာသည်ဆိုပါလျှင်…





ဟိုလူကြီးကို စကားပြောဆိုသော လေသံ ဟန်ပန် မျက်နှာအမူအရာနှင့် ဖေဖေ့ကို ပြောဆိုဆက်ဆံသော အမူအရာတွေ သိသိသာသာ ပြောင်းလဲသွားပါတော့၏။

ဟိုလူကြီးကို မေမေ ချိုလွင်ရှင်ပြနေသလောက်၊ ဖေဖေ့ကို ကျ ငြူစူ မှုန်ကုပ်ကာ ဖေဖေ ဘာချက်ချက် စားမကောင်းတော့။ အပြစ်မရှိ အပြစ်ရှာကာ အပြစ်တင်စကားတွေသာ ဖေဖေ့အပေါ် မေမေ ခပ်တင်းတင်း ဆက်ဆံလာပါတော့၏။

ဖေဖေ့သည်းခံမှုကို မိုးစက် အံ့ဩမဆုံးတော့။ မေမေ့ကို ဘာတစ်ခွန်းမှ မပြောတော့ဘဲ ဖေဖေ မသောက်စဘူး အရက်ကိုသာ ဖိသောက်ကာ အရက်သမားကြီးလုံးလုံး ဖြစ်သွားတော့၏။

မေမေက ခပ်တည်တည်ပင်။ ဖေဖေ ဘာဖြစ်နေနေ လုံးဝဂရုမစိုက်တော့ဘဲ တစ်နေ့မှာ အဝတ်အစားသေတ္တာဆွဲကာ အိမ်ပေါ်မှ ဆင်းသွားပါတော့သည်။

ဖေဖေလည်း မတားပါ။ မိုးစက်လည်း မတားပါ။ တားလည်း ထူးမည် မဟုတ်၍ပါ။ မေမေထွက်သွားတော့မှ ဖေဖေ ရှိုင်ကွဲသံကြီးဖြင့် ငိုတာကို မိုးစက် ဘယ်တော့မှ မမေ့။

အရက်၏ကျေးကျွန်အဖြစ် ဖေဖေ့ဘဝ ကံဆိုးမိုးမှောင်ကျစွာ အလုပ်ပြုတ်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ယစ်ထုပ်ကြီးဖြစ်နေသော ဖေဖေ့ကို မိတ်ဆွေများ၏ အကူအညီဖြင့် ဖျောင်းဖျနှစ်သိမ့်ပြောဆိုကြကာ မိတ်ဆွေကောင်းပီသစွာ ဖေးမကြပါသည်။ စိတ်ပျက်၊ ဘဝပျက် ဖြစ်နေသော ဖေဖေ့ကို ကောင်းနိုးရာရာ ဘာသာရေးစာအုပ်များကို ရှာဖွေ ငှားရမ်း ဖတ်ရှုစေခဲ့ရာမှ ကံကောင်းထောက်မစွာ ဖေဖေ အသိမှန် အမြင်မှန် ပြန်လည်ရှင်သန်လာရစ္စာ လောကီအာရုံ ကာမဂုဏ်များကို တွန်းလှုပ်ချောက်ချားကြောက်လန့်အားကြီးစွာဖြင့် ဖေဖေ သာသနာ့ဘောင်သို့ အပြီးအပိုင် ဝင်ရောက်သွားပါတော့၏။

ကျောင်းပြီး၍ လောကအလယ် တစ်ကောင်ကြွက်ဘဝဖြင့် ကျန်ခဲ့ရသော မိုးစက်မှာ မိဘနှစ်ပါး၏ အဖြစ်ကြောင့် 'မိန်းမဆိုပါလျှင် ကိုယ့်အမေကစပြီး ဘယ်မိန်းမမှ မကောင်း' ဟူသော မှဝါဒကြီး တရားသေစွဲကာ မိန်းကလေးများနှင့် တတ်နိုင်သမျှ ကင်းကင်းရှင်းရှင်း ခပ်တင်းတင်းလေးသာ နေလိုက်ပါတော့၏။



## အခန်း (၄)

အလုပ်သွားရန် လှေကားပေါ်မှ ဆင်းလာနေသော ညို ...င်းဘက်လေးထဲမှ ဆဲလ်ဖုန်းလေးက မြည်လာသဖြင့် အသာ ...တ်ကာ နားထောင်လိုက်ရ၏။

"ကြာညိုသင်းပါ"

"ဟဲ့...ရွှေညို...ကျူပ်"

ပပ၏ အသံက ညို့နားထဲ စီးမျောဝင်လာတာမို့ ပြုံးကာ...

"အင်း...ပြော"



www.burmeseclassic.com

www.burmeseclassic.com



"နင်…ထွက်လာနေပြီလား…ညို"

"အင်း…လှေကားပေါ်က ဆင်းနေပြီ"

"အေး…ငါ စောင့်နေမယ်…ဝင်ခေါ်"

"နင့်ကို လာကြိုရမှာလား၊ နင့်ကားရော"

"မမကြီးက ခဏဆိုပြီး ယူသွားပြီ။ ငါတို့က ဆိုင်ကို အရင်မသွားဘဲနဲ့ အန်တီအေးဆီ အရင်သွားရမှာ။ ပစ္စည်းသစ်တွေ ရောက်နေပြီတဲ့။ ခုနလေးတင် အန်တီအေးဆီက ဖုန်းဆက်တာ၊ ငါတို့ သူများမဦးခင် အရင်ရွေးရအောင်ဟာ"

"အင်း…အင်း…ကောင်းပြီ ပပ၊ ငါ ခုပဲ လာခဲ့မယ်၊ ဒါပဲနော်"

"အင်း"

ဖုန်းပြောအပြီး လှေကားရင်းရောက်တော့ ဧည့်ခန်းထဲမှ လူတစ်ယောက် ရှိနေ၏။

သူက ဖေဖေ့အင်ဂျင်နီယာ ကိုကျော်မင်းထွန်း။

ဖေဖေ အလွန်အားကိုးသောလူ။

ညို့ကို အသေအလဲ စိတ်ဝင်စားနေသောလူ။

ညိုကလည်း လုံးဝ စိတ်မဝင်စားသောလူ။

ဖေဖေ့မျက်နှာထောက်၍ မကောင်းတတ်၍သာ မေးပြ





ါ်ထူး ဆက်ဆံနေရသော ထိုလူကို ညို တစ်စက်ကလေးမှ ကြည့်မရ။

အဘယ်ကြောင့်ဆိုသော် ကိုကျော်မင်းထွန်းက သူ့ကိုယ်သူ အထင်ကြီးကာ ကိုယ်ရည်သွေးစကားတွေ အလွန်ပြောတတ်၍ ဖြစ်သည်။

ခုတော့ ဧည့်ခန်းထဲ ပက်ပင်းကြီးတွေ့နေရပြီမို့…

ကိုယ်က အိမ်ရှင်၊ သူက ဧည့်သည်။

အရေးမစိုက်သလို နေလိုက်လျှင် ကိုယ်ရိုင်းရာကျတော့မည်။

အရေးထဲ ဖေဖေကလည်း မရှိ။ အပြင်သွားနေ၏။

မေမေက ဧည့်သည်အတွက် ကော်ဖီ ဝင်ယူနေဟန်တူ၏။

ညို့ကို မြင်သည်နှင့် ကိုကျော်မင်းထွန်း မျက်နှာကြီး ဝင်းလက် ပြုံးကျသွားရကာ။

"ညို…အလုပ်သွားတော့မှာလား"

"ဟုတ်ကဲ့"

"အဟင်း…ညိုတို့စတိုးကို ကိုယ် လာအားပေးချင်ပေမယ့် ရောင်းတဲ့ပစ္စည်းတွေက အမျိုးသမီးသုံး သီးသန့်ဆိုတော့ အားမပေး [illegible]ူး ဖြစ်နေတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်…ကျေးဇူးပါပဲ"

"ညီ့က ဘယ်အချိန်ကြည့်ကြည့်ကွာ အမြဲ လှနေတာပဲ"

ပြောရင်းကပင် ဇာတိပြချင်လာတာမို့ ညီ မကြားသလိုပ နေလိုက်ကာ သူ့ရှေ့မှ ခပ်တည်တည်ပင် ဖြတ်လျှောက်ကာ ပေါ်ဝ ကိုအောက်ရှိ ကားပေါ်တက်ကာ မောင်းထွက်လာခဲ့၏။

"ဟွန်း"

အလိုမကျစွာဖြင့် ညီ့ မျက်နှာလေး မှုန်တင်းနေပါမည်။

ကိုကျော်မင်းထွန်းလို မျက်နှာပြောင်သည့်လူကို ညီ တကယ် အထင်မကြီးပါ။

ဖေဖေကတော့ အိမ်ရာပရောဂျက်တွေ တစ်ခုပြီးတစ် လက်ရာမြောက်စွာ ဆောက်လုပ်နေသော ကိုကျော်မင်းထွန်း စိတ်ကူးစိတ်သန်းနှင့် အရည်အချင်းတွေကို ချီးကျူးမဆုံး သဘောက မဆုံး မကြားချင်မှအဆုံး။

သူကလည်း ဖေဖေ မျက်နှာသာပေးမှုအပေါ် အခွင့်အရေ ယူချင်ဟန်ဖြင့် အိမ်ကို ဝင်ထွက်သွားလာတတ်ပါသည်။

ညီနှင့်တော့ ဆုံချိန်နည်းပါသည်။ မေမေကတော့ ထုံး အတိုင်း ဘယ်ဧည့်သည်ပဲလာလာ အပူဆိုအပူ၊ အအေးဆိုအအေ ဝတ္တရားမပျက် ကျွေးဆိုဧည့်ခံပေးတတ်ပါ၏။





ညီ့ မကြိုက်ဆုံးက ကိုယ်လည်း ခတ်လူငယ်တစ်ယောက် တ်ပညာတတ်တစ်ယောက်ပီပီ လုပ်ငန်းမှာ ဖေဖေပြောသလို ကွက်မြင် အကင်းပါးသလောက်။

မိန်းကလေးတစ်ယောက်က ကိုယ့်အပေါ် လိုလားမှု ရှိမရှိ ိုသည့် အရိပ်အကဲလေးကိုလည်း အကင်းပါး၍ နားလည်တတ်ရန် ိုသည်မဟုတ်ပါလား။

ခုတော့ ညီ သူ့ကို မလိုလားမှန်း သူ မသိဘဲနေမည် ဟုတ်။

သူလည်း လူပါးတစ်ယောက် မဟုတ်ပါလား။ ကိုယ့်ကို ကြည့်မှန်းသိရက်နဲ့ မျက်နှာပြောင်တိုက် လာလာ နေတာ အံ့စရာ ကောင်းလှ၏။

သူ့ပုံစံက ညီ့ကို အပိုင်တွက်ထားပုံပင်။

ရယ်ချင်စရာ ကောင်းပါသည်။

ညီဆိုသည့် မိန်းမကလည်း မေမေ့ကိုကြည့်ပြီး ဘယ် ယောကျ်ားသားကိုမှ စိတ်မဝင်စားချင်လောက်အောင် စိတ်ကုန်လိုက် ည့်ဖြစ်ခြင်း။

ဖေဖေ့ကိုကြည့်ပြီး ညီသာ အိမ်ထောင်ပြုရလျှင်တော့ ဖေဖေ့လို လင်ကိုဘုရား၊ သားကိုသခင် ရှိသေလေးစားတတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဇနီးကောင်းအရည်အချင်း ရှိနိုင်မည် မဟုတ်ဟုလည်း ကိုယ့်ကိုယ်ကို သိနေ၏။

ဖေဖေ့လို မိန်းမကို တခိုင်းတည်း ခိုင်းချင်လွန်းသော ယောက်ျားဖြစ်နေလျှင်တော့ ညီနှင့် နေ့စဉ် တကျက်ကျက် ဖြစ်ရမည်မလွဲ။

တော်ပါပြီ။

ဘာလို့ ဒါတွေ စဉ်းစားရမှာလဲ…သွား… မတွေးဘူး။ ညီမှ အိမ်ထောင်ပြုဖို့ဆန္ဒ မရှိတာကို။ ကားကိုသာ မောင်းနေရ၏။

အတွေးနှင့်အတူ ညီ မျက်နှာတစ်ခုလုံး ညိုမှောင် မှုန်ကုပ်နေပါမည်။

ကျင့်သားရနေသော လက်တွေက ပပတို့ တိုက်ရှေ့ ခြံဝမှ ကားကို အသာရပ်လိုက်သည်နှင့် ပပက အိမ်ထဲမှ အပြေးလေး ထွက်လာ၏။

ပပ ကားပေါ် တံခါးဖွင့် တက်ထိုင်လိုက်သည်နှင့် ညီ ကားကို မောင်းထွက်ခဲ့တော့၊ ပပက ညီ့မျက်နှာ မှုန်အစ်အစ်လေးကို အကဲဖမ်းသလို စောင်းကြည့်ကာ…

"ဟဲ့…ဘာဖြစ်လာတာလဲ"

"ဟင့်အင်း"





"အံမယ်…မညာနဲ့၊ ရှင် တစ်ခုခုဖြစ်နေပြီ။ ကျုပ်တို့က ဒုမှပေါင်းတဲ့လူတွေလား၊ လုပ်မနေနဲ့ သိတယ်။ ရှင့်မျက်နှာက ပက်သေပြနေတယ်လေ"

"အလကားပါဟာ"

"ရွှေညီ…ရှင်က အလကားပါဆိုပေမယ့် ရှင့်မျက်နှာက အလကား မဟုတ်ဘူးနော်။ အလိုမကျစရာ တစ်ခုခုဖြစ်ခဲ့လား။ မျက်နှာက ဖုန်းပြောနေတာ အကောင်းကြီးပါနော်။ ခုမှ အပမှီသလို ကုပ်ပုပ် သိုးနေတာ။ ပြော…ဘာဖြစ်တုန်း"

"အဟင်း"

ညီ ပြုံးမိပါတော့၏။ အဲဒါတွေပါပဲ။ ညီ့အကျင့်က တစ်ခုခု ဖြစ်ပြီဆိုလျှင် ဘယ်တော့မှ ဟန်ဆောင်ဖုံးကွယ်ထား၍ မရပါ။

မျက်နှာပေါ်မှာ ဖုံးမရ ဖိမရ အမြဲပေါ်နေတတ်၏။

ညီ့ဗီဇကိုက တစ်မျိုး။ သူငယ်ချင်း အချင်းချင်း ရွတ်နောက် ကျင်ရမည့်စကားမျိုးကို ခပ်တည်တည်လေး မင်သေသေပြော၍ ပါချေ။

လိမ်ညာရမည်ဆိုလျှင် ပို၍ ဆိုး၏။

ပြောရကတည်းက ညီ့မျက်နှာက အိုးမလုံ အုံပွင့် စပ်ဖြဲ ကြဲလေး ရှိနေတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ပပနှင့် ယမုံတို့က ဒီနေရာမှာ ညို့ထက် သာကြ၏။

လိမ်နေတာကို အပတ်ထင်မှတ်သွားအောင် မင်သေပိ[illegible] မျက်နှာပိုးတည်တတ်ကြ၏။

ခုလည်း ကိုကျော်မင်းထွန်းကြောင့် ညို ထွက်လာခါနီ[illegible] လေးမှာ စိတ်အနှောင့်အယှက် ဖြစ်သွားရသည် မဟုတ်ပါလား။

ပပက စိတ်မရှည်ဟန်ဖြင့်…

"ဟဲ့…ပြော…ဘာဖြစ်လာတုန်း"

"အလကားပါဟာ…လာခါနီးလေးမှာ ဟိုလူနဲ့တွေ့ခဲ့လို့"

"ကိုကျော်လား"

"အစစ်ပေါ့"

"ရိသဲ့သဲ့ ပြောလိုက်တယ်လား"

"အင်း…တကယ်စိတ်တိုတယ်ဟာ။ ငါ့ကို ပြောလိုက်[illegible] တာကြည့်ပါဦး။ ဘယ်အချိန်ကြည့်ကြည့် အမြဲလှနေတာဘဲတဲ့[illegible] ဘယ်လောက် အမြင်ကတ်စရာကောင်းလဲ၊ သူပြောစရာလား"

"ခစ်…ခစ်…ခစ်"

ပပ သဘောကျစွာ ရယ်ပါတော့၏။

ညို ပို၍ စိတ်တိုသွားရကာ…

"ဟဲ့…ဘာရယ်တာလဲ။ ပပနော် ကျုပ် တကယ်စိတ်[illegible]





နေတယ်။ ကားကို ရှေ့က အုတ်ခုံကြီးဝင်အောင်းလိုက်ရမလား… ဟွန်း"

"အမလေး…လေး မလုပ်ပါနဲ့ ရှေ့ညို့ရယ်။ ကြောက်ပါတယ်နော်။ အပျိုဘဝလေးနဲ့ မသေပါရစေနဲ့ဦးဟာ။ ကျုပ်က လင်ယူရဦးမှာ…ခစ်…ခစ်"

"သွား"

ပပအပြောကြောင့် စိတ်တိုနေရာမှ ညို ပြုံးစိစိလေး ဖြစ်သွားရ၏။

ပြီးမှ မျက်စောင်းလေးထိုးကာ…

"အဲဒါပဲ စဉ်းစားနေ၊ အပိုတွေ။ ကျွန်ခံချင်တဲ့ ရှင့်စိတ်ဓာတ်တွေကို သနားလိုက်တာနော်"

"အံမာ…ကျုပ်က သဘာဝတရားကို မဆန့်ကျင်တဲ့သူပါနော်။ ရှင်သာ သဘာဝလွန် အတွေးကြီးနဲ့ အလကားနေရင်း အမြင်စောင်းနေတာ"

"သွား…ဘယ်ကလာ အမြင်စောင်းရမှာလဲ။ လက်တွေ့ ရှင့် လက်တွေ့ ဟွန်း…"

"ရှင့်ဖေဖေနဲ့ ရှင့်မေမေက ဘာမှမဖြစ်ရဘဲနဲ့ ရှင်က ကြားဝင်ပြီး သက်သက် မကြည်မလင်ဖြစ်နေတာ ရယ်စရာကောင်းနေပြီ



www.burmeseclassic.com

www.burmeseclassic.com



သိလား။ အခုလည်း ကိုကျော်က ရှင်လှလို့ လှတယ်ပြောတာ စိတ်ဆိုးစရာလားလို့။ ကျေးဇူးလို့ ပြောလိုက်ပါလား"

"အို…ဘာလို့ပြောရမှာလဲ။ ကြည့်လို့မရပါဘူး"

"ဩော်…ရွှေညိုရယ်၊ ဖူးစာ…ဖူးစာ"

"ပပနော်"

"အဟင်း…ဟင်း…ဟင်း၊ ယမုံသိရင်တော့ ရယ်ဦးမယ်။ တကယ်တော့လည်း ကိုကျော်မင်းထွန်းလိုလူကို ရှင် စဉ်းစားသင့်တယ် သိလား။ သူက ရှင့်ဖေဖေရဲ့ လက်ရုံးမဟုတ်လား။ လူတော်တစ်ယောက်ပဲဟာ။ ရှင့်ကိုလည်း တော်တော်လေးကို ဟိုဒင်းဖြစ်ပုံရတယ်"

"သွားစမ်းပါ…ဘာဟိုဒင်းလဲ။ အဲဒီတော်တာကို မလိုချင်တာ။ အလကား သူ့ကိုယ်သူ အထင်ကြီးနေတဲ့လူ။ လုံးဝကြည့်လို့ကို မရဘူး"

"ရွှေညိုရယ် တိုးတိုးပြော။ တော်တာကို မလိုချင်တော့ တော့ ရှင်က ခပ်ညံ့ညံ့လေးကို တွေးနေတာပေါ့လေ ဟုတ်လား။ အဟင်း…ဟင်း"

"ပပ"

"အင်း"





"မျက်နှာသေချာကြည့်ထား"

"ဘာကိုလဲ"

"ကြာညိုသင်းဘဝမှာ ဘယ်ယောကျ်ားတစ်ယောက်ရဲ့ ဇာစေအပါးအဖြစ်နဲ့ နေမယ့်မိန်းမ မဖြစ်စေရဘူး…ဟွန်း"

"မှတ်ထားပါ့မယ်တော်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဒေါက်…ဒေါက်၊ သမီး အိပ်ပြီလား"

မေမေ့အသံကြောင့် ဘောက်ချာစာရွက်များကို စီနေသော ညို့ ခေါင်းထောင်ကာ…

"မအိပ်သေးပါဘူး…မေမေ"

မေမေ တံခါးဖွင့်ကာ ဝင်လာပါသည်။

"မေမေ…ညို့ကို ခိုင်းစရာရှိလားဟင်"

"မရှိပါဘူး သမီးရယ်၊ ပြောစရာလေး နည်းနည်းရှိလို့"

"ဟင်…ဘာများလဲ မေမေ"

"သမီး အလုပ်ပြီးပြီလား၊ ဆက်လုပ်လေ မေမေ စောင့်နေမယ်"





"ဟင့်အင်း…ပြီးနေပါပြီ မေမေ၊ ဘောက်ချာလေးတွေ စီစစ်နေတာပါ…ပြီးပြီ"

ပြောလည်းပြော၊ ဘောက်ချာအထပ်လိုက်ကို အံဆွဲထဲထည့်ကာ ညို မေမေ့ဘက် မျက်နှာချင်းဆိုင်လှည့်ကာ ပြောလိုက်၏။

"ပြောပါ မေမေ…ဘာလဲဟင်"

"အဟင်း"

မေမေ စကား စရ ခက်နေဟန်ဖြင့် ပြုံးရင်း ညို့ကိုကြည့်နေလေသည်။

မေမေ့မျက်နှာ အရိပ်အကဲကိုကြည့်ပြီး ညို တစ်စုံတစ်ခုကို ပိတ်ကနဲ သဘောပေါက်မိသလို ရှိသွားရ၏။

နေ့ခင်းက ကိုကျော်မင်းထွန်းရှေ့မှာ ညို မျက်နှာထား တည်တင်းတင်းလေးဖြင့် ဖြတ်သွားတာကို မေမေ ကော်ဖီဗန်းလေးနှင့် မျက်အလာမှာ မြင်သွားပုံရ၏။

မေမေက ဘယ်သူ့အပေါ်မှာမဆို အမြဲတမ်း အလိုက်သိ အားနာတတ်သူဖြစ်လေသည်။

ညို့အပေါ်မှာ မေမေ မည်သည့်ကိစ္စကိုမှ ဝင်ရောက်စွက် ဖက်ခြင်း မရှိခဲ့ဘူးချေ။ ကိုကျော်မင်းထွန်းကျ ဖေဖေနှင့် ပတ်သက်နေ တဲ့လူ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကလွဲပြီး တခြားကိစ္စ မဖြစ်နိုင်။ မေမေ နှုတ်လေးနေမှုကို ညို မချင့်မရဲဖြစ်လာရစွာ ထပ်မေးလိုက်မိ၏။

"မေမေ…ဘာပြောမလို့လဲ…ပြောလေ"

"ဟို…သမီးဖေဖေက မေးခိုင်းလို့"

"ရှင်…ဖေဖေက"

"အင်း…သမီးကို မောင်ကျော်မင်းထွန်းနဲ့ ဖေဖေက…"

"အို…မဖြစ်နိုင်ဘူး မေမေ၊ သမီး အဲဒီလူကို လုံးဝ မကြိုက်ဘူး သိလား"

"သမီးရယ်..ခုဆို သမီးအသက်လည်း အစိတ်ရှိနေပြီလေ။ အိမ်ထောင်ပြုဖို့ အချိန်တန်နေပြီမဟုတ်လား။ ဖေဖေက သူ အားကိုးစိတ်ချရတဲ့သူငယ်နဲ့ ဖြစ်စေချင်တဲ့ဆန္ဒရှိနေတယ်။ တကယ်တော့ မောင်ကျော်မင်းထွန်းဆိုတာက အရည်အချင်းရှိတဲ့ လူတော်လေးတစ်ယောက်ပဲ မဟုတ်လား။ ပြီးတော့ သူလည်းပဲ သမီးကို နှစ်သက်မြတ်နိုးပုံရတယ်လေ"

"မေမေ"

"ဟင်"

"ဖေဖေ့ကို ပြောလိုက်ပါ မေမေရယ်။ ညို အိမ်ထောင်ပြုဖို့ လုံးဝ ဆန္ဒမရှိပါဘူးလို့ နော်"





"အို…သမီး"

ညို့စကားကြောင့် မေမေ့ခမျာ ဆတ်ကနဲဖြစ်သွားရစွာ မျက်စိပျက် မျက်နှာပျက်ကာ ပြောတော့၏။

"မဟုတ်တာ သမီးရယ်၊ ဒီလိုမပြောပါနဲ့ကွယ်။ လူဆိုတာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်တဲ့၊ သဘာဝတရားကြီးကို သမီးက ဆန့်ကျင်ဖို့ စိတ်ကူးရှိနေတာ မှားလိမ့်မယ်နော်၊ မှားလိမ့်မယ်။ အဲဒီအတွေးကို ဖျောက်လိုက်စမ်းပါ သမီးရယ်"

"ညို တကယ်ပြောနေတာပါ မေမေ"

"ဟင်"

"ယောက်ျားတစ်ယောက်ကို ကိုယ့်အချိန်နဲ့ အခွင့်အရေးတွေ ပုံပေးရတဲ့ အိမ်ရှင်မဘဝကို ညို နည်းနည်းလေးမှ စိတ်မဝင်စားလို့ပါ မေမေရယ်"

"သမီးရယ်"

မေမေ သက်ပြင်းလေးချကာ ခေါင်းအသာရမ်းပါတော့၏။

"မဟုတ်သေးပါဘူး သမီး၊ သမီးတွေးသလို မဖြစ်နိုင်ပါဘူးကွယ်။ မေမေတို့မှာ ပြေးကြည့်လို့မှ ဒီသမီးတစ်ယောက်တည်းပဲ…။ မေမေတို့ရဲ့ အမွေတွေကို သမီးဆက်ခံသလို သမီးရဲ့အမွေခံ …သားသမီးတွေလည်း ရှိဖို့လိုတယ်လေ။ မေမေတောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှားရှားပါးပါး သမီးတစ်ယောက်တည်း မွေးထားရတာ။ တကယ်တော့ အများကြီးကို မွေးချင်တာကွယ့်။ မောင်နှမတွေ သိုက်သိုက်ဝန်းဝန်းလေးနဲ့ သမီးကို အရမ်းနေစေချင်တာ။ မေမေတို့ စည်းစိမ်တွေကို ဆက်ခံမယ့် မျိုးဆက်လေးတွေ ရှိလာအောင် သမီးက လက်ဆင့်ကမ်း တာဝန်ယူရမှာပေါ့။ ဒါမှလည်း လူသား တစ်ယောက်ရဲ့တာဝန် ကျေမှာပေါ့ကွယ်။ သမီးတွေးသလိုသာ လူတိုင်းတွေးကြရင် ဒုက္ခ"

"မေမေရယ်···မေမေက ဒုက္ခလို့ပြောတဲ့အတွေးကို ညိုက သဘောကျနေတာပါ။ တကယ်တော့ အိမ်ထောင်ပြုတယ် ဆိုတာ ကိုယ့်ဒုက္ခ ကိုယ်ရှာကြတာပဲ မဟုတ်လားဟင်"

"သမီး"

"တကယ်ပြောတာ မေမေ၊ ညို တွေးကြည့်တယ်။ အခု ညို နေရတာ ဘယ်လောက်လွတ်လပ်သလဲ။ ဘယ်လောက် စိတ် ချမ်းသာစရာကောင်းလဲလို့။ ကိုယ့်အတွက် ကိုယ်ပိုင်အချိန်ဆိုတာ အချိန်ပြည့်ရှိနေတယ်လေ။ အိမ်ထောင်ပြုလိုက်တာနဲ့ ညို ဘယ် လောက် အချုပ်အနှောင်ကျလိုက်မလဲဆိုတာ စဉ်းစားလိုက်တာနဲ့ စိတ်ပျက်စရာကောင်းနေပြီ"

"သမီး အယူအဆတွေက သိပ်တင်းလွန်းနေပြီကွယ်"





"ဟင်"

"လောကမှာ လူဆိုတဲ့ သတ္တဝါဟာ တစ်ဦးတစ်ယောက် တည်း မနေကြပါဘူးကွယ်။ အဖော်အပေါင်း အသိုင်းအဝိုင်းလေးနဲ့ နေတယ် မဟုတ်လား"

"အခုလည်း ညို့မှာ သစ္စာရှိတဲ့သူငယ်ချင်းတွေနဲ့ ဖေဖေ မေမေတို့ ရှိနေတာဘဲ မေမေ"

"ဟင့်အင်း···မေမေဆိုလိုချင်တာက တစ်ဦးနဲ့တစ်ဦး ...းကပ် ဖေးမကြင်နာနွေးထွေးတဲ့ ဘဝခရီးဖော်ကိုပြောတာ၊ ...ယ်ချင်းတွေလည်း အချိန်တန်ရင် သူ့လမ်းသူသွားကြမှာပဲ။ ...တွေဆိုတာလည်း တစ်နေ့ကျရင် သမီးကို ဘယ်လောက်ချစ် ... ဘယ်လောက် စိတ်မချချ ခွဲခွာသွားရမှာဘဲ မဟုတ်လား။ ...ချိန်မှာ သမီးဘေးမှာ ဖေးကူပေးမယ့် အနီးကပ် အဖော်ဆိုတာ ...သင့်တယ် သမီး။ မောင်ကျော်မင်းထွန်းဆိုရင် အစစ အရာရာ ...တော်တဲ့လူတစ်ယောက်မို့ မေမေတို့ စိတ်အေးချင်လို့ပါကွယ်"

ညို စိတ်ပျက်စွာ ပြုံးလိုက်မိ၏။

ပြီးမှ···

"မေမေတို့က သူ့ကို သမီးနဲ့ သင့်တော်တဲ့လူလို့ ထင်နေ ...း"



www.burmeseclassic.com

www.burmeseclassic.com



ညို့စကားကို မေမေ အံ့သြဟန် မျက်ဝန်းလေးဝိုင်းသွား
စွာ ပြောတော့၏။

"အင်းပေါ့ ...သမီး ဘယ်လိုပြောလိုက်တာလဲကွယ်
လုပ်ငန်းမှာ အင်မတန် သေချာတိကျ စေ့စပ်ပါတယ်ဆိုတဲ့ သမီးဖေ
တောင်မှ ချီးကျူးရတဲ့သူငယ်လေ။ ဒီလို အရည်အချင်းရှိတဲ့လူ
သမီးက သဘောမကျဘူးလား။ လူငယ်ပေမယ့် သမီး ဖေဖေ့လိုပါ
အသောက်အစား အပျော်အပါး လုံးဝကို မရှိတဲ့လူကိုမှ မစဉ်းစား
သမီး ဘယ်သူ့ကို စဉ်းစားတော့မလဲ"

မေမေ့ကို ညို့ ပြောလိုက်ချင်တာမှ လျှာကိုယားနေ
စိတ်ထဲမှာတော့...

*'ဟုတ်တယ် မေမေ၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်း
သူ့လိုလူကိုသာ လက်ထပ်ရရင်တော့ သမီးဘဝက မေမေ့ထ
တောင် ဆိုးမှာသေချာတယ် သိလား။ သမီး မကြိုက်နိုင်တာ
ဖေဖေနဲ့ တူနေတာဆိုတဲ့ အချက်တွေက အဓိကပါပဲ'*

ညို့စိတ်ထဲမှ စကားတွေကို မေမေမကြားနိုင်ပါ။

ငိုင်တွေတွေလေး ရှိနေသော ညို့ကို အကဲခတ်သလို ကြ
ပြီးမှ မေမေ ဆက်ပြော၏။

"ခုလောလောဆယ်မှာတော့ သမီးစိတ်ထဲ လက်မ





စ်ချင်ဖြစ်နေလိမ့်မယ်။ ဒါပေမယ့် သမီးဖေဖေရဲ့ လုပ်ငန်းတွေ
စိတ်ချယုံကြည်ရတဲ့ သူ့လို လူတော်တစ်ယောက်ကို လက်
လွှတ်ပါရစေနဲ့လား သမီးရယ်။ သမီးအတွက်ရော မေမေတို့
တွက်ရော အကျိုးရှိမယ့် ကိစ္စပါကွယ်။ ပိုပြီး ဝမ်းသာရမှာက
ကိုယ်တိုင်ကကိုပဲ သမီးအပေါ်မှာ စုံစုံမက်မက်လေးကို မြတ်နိုး
တဲ့အချက်ပဲလေ။ မေမေပြောတာ သဘောပေါက်ရဲ့လား သမီး"

ညို့ ငြိမ်နေ၍ မဖြစ်တော့။

ဆိတ်ဆိတ်နေ ဝန်ခံခြင်းဟု မေမေ ထင်သွားတော့မည်။

ထို့ကြောင့် မေမေ့ကို တည်ငြိမ်စွာဖြင့် ညို့ ပြောလိုက်ရ၏။

"သဘောပေါက်ပါတယ် မေမေ။ ဒါပေမယ့် ခုချိန်ထိ
တ်ထဲမှာ အိမ်ထောင်ပြုချင်တဲ့ဆန္ဒ မရှိသေးလို့ပါ။ သူ့ဘာသာသူ
ယ်လောက်ပဲ တော်နေနေ ကောင်းနေနေ ညို့ စိတ်မဝင်စားလို့ပါ
။ ဒီထက်ရှင်းအောင်ပြောရရင် ညို့ ဒီကိစ္စကို စိတ်ဝင်စားပြီး
တ် စဉ်းစားရမယ်ဆိုတောင်မှ ညို့လက်ထပ်မယ့်သူဟာ
ကျော်မင်းထွန်း မဖြစ်နိုင်ပါဘူး မေမေ။ ဘာလို့လဲဆိုတော့ သမီး
ကြည့်မရလို့ပါ။ သူ့ကိုယ်သူ အရည်အချင်းရှိတယ်ဆိုပြီး
ချီးကျူးသဘောကျတာနဲ့ပဲ ဘဝင်လေဟပ်နေတဲ့လူကို ညို့
ည်းလေးမှ အထင်မကြီးပါဘူး မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"မေမေ စဉ်းစားကြည့်ပါလား။ ဒီလိုလူကိုသာ ညို လိုက်ရင် ညို့ဘဝ ဘာဖြစ်သွားမလဲ။ သူ့အကြိုက်လိုက်ပြီး မျက်နှာအရိပ်အကဲ ကြည့်ပြီး အမြဲတမ်း ပျာပျာသလဲနဲ့ သူ့ကိစ္စ ညို ကျွန်တစ်ယောက်လိုပဲ လုပ်နေရတော့မှာ၊ အဟင်း…စိတ် ဘူး မေမေရယ်။ တကယ်ကို လုံးဝ ဆန္ဒမရှိလို့ပါနော်"

"သမီးရယ်"

မေမေ မသက်မသာ ညည်းပါတော့၏။

"ညို တကယ်ပြောနေတာနော် မေမေ။ ညို အိမ် မပြုချင်ဘူး။ ယောကျ်ားတစ်ယောက်ရဲ့ အစေအပါးဘဝနဲ့ အကျွေးပြုရတဲ့မိန်းမထဲမှာ ညို မပါချင်ဘူး။ ညို့ဘဝမှာ တစိမ်းကိုမှ အားမကိုးဘဲနဲ့ နေနိုင်ပါတယ် မေမေ။ ကိုယ် ဘယ် ကြည့်မရတဲ့၊ အထင်လည်းမကြီးတဲ့လူကို လက်ထပ်ပြီး စိတ် နေရတာမျိုး ညို မလုပ်နိုင်ဘူး။ တကယ်လို့သာ မေမေတို့ အကျက် စီစဉ်ရင်တော့ ညို ထွက်သွားတော့မှာ"

"တော်ပါတော့ သမီးရယ်"

မေမေ စိတ်ညစ်သွားဟန် မျက်နှာလေး ညိုးကာ လျှော့ဟန် ထရပ်လိုက်ပြီးမှ…





"သမီးဖေဖေနဲ့ သမီးတို့နှစ်ယောက်ကြားမှာ မေမေတော့ တ်ရှုပ်ပါတယ်ကွယ်"

ညည်းညည်းညူညူလေးပြောကာ မေမေ ထွက်သွားလေ ည်။

"ဟွန်း"

ညို စိတ်ပေါက်ပေါက်နှင့် ခုတင်ပေါ် ဝုန်းကနဲ လှဲကာ ကျော်မင်းထွန်းဆိုသော ပုဂ္ဂိုလ်ကိုသာ မေတ္တာပို့မိပါတော့၏။

"ကာလနာ"



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၆ )

"အဟင်း…ဟင်း၊ ဖြစ်ရလေ ညီရယ်။ နင့်မှာလည်း အဲဒီဒုက္ခက အခုမှ စတော့မှာပါလားနော်"

ပပက ခေါင်းတညိတ်ညိတ်ပြောတာကို ယမုံကလည်း…

"နင်ကလည်း အကဲပိုလွန်းပါတယ် ညီရယ်။ ဟိုလူသ ကြားရင် တက်ပြီး သေမလား၊ ဒေါသပဲ ထွက်မလားဘဲ။ သူ့ကိုယ် အထင်ကြီးတာလည်း သူ့အရည်အချင်း သူ့သိလို့ဖြစ်မှာပေါ့ဟဲ့"

"အံမာ…သူ ဘာကြီးဖြစ်နေနေ၊ ငါမှ စိတ်မဝင်စားတာ"

"ရှင်ရော ရွှေညိုရေ၊ ရှင် အပျိုကြီးလုပ်ဖို့ လုံးဝ သေ ပြီလား"





"ဒါပေါ့၊ ဒီထက်သေချာတာတောင်မှ ဒီလောက်မသေချာ သေးဘူး ဟွန်း"

"ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်"

"ဘာလဲ"

"နင့်အဖေကြီးက ဇွတ်စီစဉ်ရင်ကော"

"ပြောပြီးသား ထွက်သွားမှာ"

"ဟင်…ဘယ်သွားမှာတုန်း"

"ရောက်ရာ ပေါက်ရာ"

"အံမယ်…မဖြစ်နိုင်တာ။ ရှင့်လို ငယ်ငယ်ချောချောလေး ရောက်ရာပေါက်ရာ သွားလို့ကတော့လား ရောက်ပါလိမ့်မယ်"

"ဘာကိုလဲ"

"လူပွဲစားတွေနဲ့တွေ့ပြီး လှည့်သွားမှာကိုပြောတာ"

"သြော်… ငါက နံနံအအ မြီးကောက်ပေါက်မလေး …"

"ညီရယ်…နင် လူတွေအကြောင်း မသိသေးပါဘူးနော်"

"ဘာ"

"ဒီလိုလုပ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကိုကျော်မင်းထွန်းနဲ့ နင် သေချာတွေ့ပြီး သူ သဘော
ပေါက်အောင် နင့်ခံယူချက်တွေနဲ့ ဆုံးဖြတ်ချက်တွေကို ပြော
လိုက်ဟာ"

"အို…မတွေ့ချင်ပါဘူး၊ ဘာလို့ တွေ့ရမှာလဲ။ ကြည့်…
ပါဘူးဆိုနေမှ"

"ဟဲ့…အခုက နင်ကြည့်မရပေမယ့် သူက နင့်ကို ကြ…
လို့ရနေတာလေ။ သူလည်း မဆိုးပါဘူး ညိုရယ်…အဟင်း"

"ယမုံစုတ်မ ဘာမဆိုးပါဘူးလဲ၊ နင်ယူပါလား"

"ဟော်တော်… ကျုပ်လား၊ အဟွန်း…ဟွန်း၊ …
ကိုကျော်မင်းထွန်းကသာ ယူမယ်ဆိုရင်တော့ ဝဲလ်ကမ်း(welcom…
ပါနော်။ ဟွန်း…သူက ညိုမှ ညို ဖြစ်နေတာကို"

"တော်စမ်းပါဟာ…စိတ်ရှုပ်တယ်။ ငါတော့ မေမေ…
အပြတ်ပြောလိုက်ပြီ။ ဖေဖေ ဘာပြောဦးမလဲ မသိဘူး။ ဝုန်း…
ကျဲရင်တော့ ငါလည်း ထင်ရာလျှောက်လုပ်ပစ်မှာ"

"ညို"

ပပကဲ တွေးတွေးဆဆဟန်လေးဖြင့် မျက်နှာပိုးသတ်…
ခေါ်လိုက်သဖြင့် မျက်ဝန်းဖြင့်သာ ညို ပပကို ကြည့်လိုက်၏။

ပပက ချိတုံချတုံ ဖြစ်နေဟန်ပင်။





ပပ အမူအရာကိုကြည့်ပြီး ညို စိတ်မရှည်တော့။

"ဘာလဲ ပပ…ပြောလေ"

"အင်းပါ…ငါ…မေးရမှာ အားနာလို့"

"ဘာများတုန်း…သူငယ်ချင်း အချင်းချင်းမှာ အားနာတယ်ဆိုတာ ရှိသင့်လို့လား ပြော"

"ဒီလိုပါဟာ နင် ဒီလို တူးတူးခါးခါးဖြစ်နေတာ မဟုတ်မှ လွဲရော နင့်ဖေဖေကြောင့် မဟုတ်လား"

"ဟင်"

"နင့် မေမေကိုကြည့်ပြီး နင် စိတ်ကုန်နေတာလား ညို"

"အစစ်ပေါ့…အဲဒီအတိုင်းပဲ။ စိတ်ကုန်တယ်ဟာ။ မေမေ တစ်သက်လုံး ငါ့ကို သင်ခန်းစာတွေ အများကြီး ပေးထားတာပဲ။ ဒါကိုသိရက်နဲ့ ငါကိုယ်ငါ အဆုံးစီရင်သင့်သလား ပပရဲ့"

"အင်း"

ယမုံရော ပပပါ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ခေါင်း မသိမသာညိတ်မိကြ၏။

ဟုတ်တာပေါ့။ ညိုက အမြဲ ပြောတတ်တာ မဟုတ်ပါလား။

ဖေဖေက မေမေ့ကို အမြဲတမ်းလိုလို ရာကြဲခိုင်းနေရမှ နေကောင်းပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယုတ်စွအဆုံး ညည့်ခန်းထဲ အတူတူထိုင်နေစဉ် ဖုန်းမြည်လာပြီဆိုပါစို့။

ဖုန်းနှင့် အနီးဆုံးက ဖေဖေပေမယ့် ဘယ်တော့မှ ဖေဖေအရင်မကိုင်ပါ။

မေမေ့ကို မျက်ရိပ်ပြကာ ကိုင်ခိုင်း၏။ သူ့ဖုန်းဆိုပါက သူ မပြောချင်သည့်လူဆိုပါလျှင် မေမေက ညာပေးရ၏။ ထားပါတော့။

ထမင်းစားလျှင်လည်း မေမေက အရိုးနွှင်ပေးရ၏။ ကြက်သားဆိုလျှင် ဖေဖေက အရေခွံမစားသဖြင့် အရေခွံပါ ဖယ်ပေးရ၏။

အစပ် မစားသော ဖေဖေက သူကြိုက်သော ငါးငပိရည်ဖျော်လေး နည်းနည်းစပ်သွားလျှင် ပြောမဆုံးတော့။

"မင်းကလည်းကွာ့ သေချာ မှာမထားဘူးလား။ စိန်စိန်လုပ်တာ အဆင်မပြေပါဘူး။ မင်းကိုယ်တိုင် လုပ်စမ်းပါ"

"အင်းပါ…ကိုမိုးရယ်၊ နောက်ဆို ဖြူလုပ်ပါ့မယ်။ ဒီနေ့ဖြူလည်း နည်းနည်းအရင်လိုသွားလို့ပါ"

"မင်းရွှေဆိုင်က ဘယ်အချိန်ထွက်ထွက်ပါကွာ။ အလကားဒီလောက်လည်း မြတ်နေတာမဟုတ်ဘဲနဲ့ မရောင်းရလည်း ဘာအရေးလဲ"





ကြည့်…ဖေဖေ ပြောပုံကြီးက မေမေ့ရွှေဆိုင်ကို ပစ်စလက်ခတ်။

တကယ်တော့ အိမ်စရိတ်အဝဝကို မေမေ့ရွှေဆိုင်မှ ရနေတာ ဖေဖေ မသိ၍မဟုတ်။

ညို သိတာပေါ့။ ဖေဖေ့စကားက…

'မင်းရတယ်ဆိုတဲ့ ရွှေဆိုင်ကဝင်ငွေဆိုတာ ငါ အိပ်နေသလောက်ပဲ ရှိသေးတယ်ကွာ။ မစိုမပို့လေးများ အရေးလုပ်လို့'

ဟူသော အဓိပ္ပာယ်ပင်။

ရွှေဆိုင်ကဝင်ငွေဖြင့် အိမ်စရိတ်ဖောဖောသီသီ သုံးနိုင်တာမို့ ဖေဖေ့ဝင်ငွေ အမြတ်အစွန်းတွေက တစ်ပြားမှ ထိစရာမလိုဘဲ ပီးခံသေတ္တာထဲ၊ ဘဏ်ထဲ အလုံးအရင်းနှင့် ဝင်ပါ၏။

မေမေဆိုသော မေမေကလည်း ဖေဖေဘာပြောပြော ဘာတစ်ခွန်းမှ စောဒကမတက်ပါ။

မချေပပါ။ လင်သားကို ပြန်ပြောလျှင် မြေမျိုမှာစိုး၍လားပသိပါလေတော့။

မေမေကိုယ်တိုင် ဘာမှမပြောတော့ ညိုက အူယားပါးစပ်ဟင်းကာ နေလိုက်ရ၏။ ပြောလိုက်ချင်တာမှ ရင်ထဲစကားတွေဟန်းစိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမေ့ကို အထင်မကြီးသလို ပြောတာမျိုး ညို တကယ် လက်မခံချင်ပါ။

ပြောလိုက်လျှင် ဖေဖေက သူ့လုပ်ငန်းကြီး ဘယ်လောက် အောင်မြင်တိုးတက်ကာ အမြတ်အစွန်းတွေ ဘယ်လိုရှိနေပြီဆိုသည့် စကားတွေ မကြားချင်မှအဆုံး။

မမေ့လုပ်ငန်းကို မရိုမပို့လေးဟု ပြောရက်တာ ညို့စိတ်ထဲ ခုတုတု ဖြစ်မိရတာ အမှန်။

သင်ခန်းစာတစ်ခု ညို ကောင်းစွာရလိုက်ပါသည်။

သြော်…မမေသာ အလုပ်မရှိ ဝင်ငွေမရှိဘဲ ဖေဖေ့ ဝင်ငွေ နှင့်သာ မှီခိုနေရမည်ဆိုပါက ဖေဖေ့မာန်အောက်မှာ ဘယ်လောက် အထိ ပြားပြားဝပ်နိုင်လေမလဲနော်။

ရှိသေး၏။ အိပ်ရာဝင်ခါနီးဆိုလျှင် ဖေဖေက မမေ့ကို ခိုင်းတတ်၏။

"ဖြူရေ…လာပါဦးကွာ။ ဒီမှာ တစ်နေ့လုံး အညောင်းမိ လာလို့ ဇက်ကြောတွေရော၊ ခါးတွေပါ တောင့်နေပြီ။ အကြောပြေ ဆေးလေး လိမ်းပေးစမ်းပါ။ ပြီးရင် ဖွဖွလေး နှိပ်ပေး ဟုတ်လား။ ဖြူ့နှိပ်ပြီး အိပ်လိုက်ရင် တုံးကနဲပဲ"

ကဲ…ကြည့် နေ့ခင်းဖက်မှာ သူရော ကိုယ်ပါ အလုပ်လုပ်





ရတာချင်းအတူတူ မေမေကရော ရွှေဆိုင်ထိုင်ရတာ မညောင်းရှိပါ့ မလား။

မတောင့်မအောင့် ရှိပါ့မလားလို့။

မေမေ့ကျ လိမ်းစရာ နှိပ်စရာ မလိုဘူးပေါ့။ ဘယ်လောက် ဟရားကျဖို့ကောင်းတဲ့ ဖေဖေပါလဲ။

မေမေ့ခမျာ စားကောင်းခြင်း မစားရ။

အိပ်ကောင်းခြင်းလည်း မအိပ်ရ။

မနက်စောစော ဖေဖေမထခင် အရင်နိုးရကာ ကော်ဖီဝိုင်း အတွက် အသင့်ဖြစ်အောင် ပြင်ဆင်ကြီးကြပ်ရ၏။

နေ့လယ်စာအတွက် စိန်စိန်ကို ညွှန်ကြားရ၏။

ဖေဖေစားသော ဟင်းတွေက ပူနေရမည်။

အရိုးမပါရ။ အဆီမများရ။ အငံမပိုရ။ အစပ်မပိုရ။

အသားဟင်း နှစ်မျိုးလောက် ပါရပြီး အသီးအရွက်ကြော် တစ်ခုခု မပါမနေရ။

ငပိကြိုက်သဖြင့် ရေကျိုငပိ၊ ငံပြာရည်ချက်၊ ငပိထောင်း နှင့် ငပိသုပ် တစ်မျိုးမျိုးပါရ၏။

အတို့အမြှုပ်အတွက် သခွားသီးနုနု၊ ခရမ်းကျွတ်သီးနှင့် ဂေလပ်ရွက်တွေ ပါရ၏။



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဖေဖေနှင့် အတူတူ ထမင်းစားသည်ဆိုပေမယ့် ဖေဖေ့အတွက် အလေးထားဂရုစိုက်နေရတာနှင့်ပင် ကိုယ့်အတွက် သိပ်မစားဖြစ်တော့။

မေမေ့ကိုကြည့်ပြီး ညို သနားမိ၏။

မေမေက ဘယ်တော့မှ မညည်းညူ၊ အပြုံးမပျက် မေမေ့ လက်သုံးစကားက…

"လင်ယောကျ်ားကို ရိုသေလေးစားစွာ ပြုစုတာဟာ မင်္ဂလာတစ်ပါးပဲ သမီးရဲ့။ အဲဒါမှလည်း လင်သားရဲ့ လုပ်ငန်းကိစ္စ အဝဝ ချောမောအောင်မြင်စေတာလေ"

ညို ရယ်ချင်ပါသည်။

ဖေဖေ့အနေဖြင့် သူ့ နောက်ကြောင်းအေးစွာဖြင့် လုပ်ငန်း ထဲ စိတ်ရောကိုယ်ပါ အာရုံနှစ်မြှုပ် အလုပ်လုပ်နိုင်တာဟာ မေမေ့ အပြုအစု အထောက်အပံ့ကောင်းမှုကြောင့်ဘဲဆိုတာ တစ်ခါတစ်ရံ သတိမှထားမိပါလေစ။

"ဟဲ့…ညို၊ ဘာတွေစဉ်းစားနေတာလဲ"

"ဟင်"

ပပ ခေါ်လိုက်တော့မှ ညို ဆတ်ကနဲ ဖြစ်သွားရကာ မချိုပြုံး လေးဖြင့် ခေါင်းအသာရမ်းပြလိုက်၏။





"ကဲပါဟာ…အဲဒီကိစ္စ မတွေးနဲ့ဦး။ နင် လက်မခံရင် လူကြီးတွေကလည်း ဇွတ်ကြီးတော့ စီစဉ်မှာ မဟုတ်ပါဘူး"

ပပ အပြောကို ယမ်းက…

"ဟုတ်တယ်…ညို၊ တစ်ခုတော့ရှိတယ်ဟ"

"ဘာလဲ"

"နင့်မှာ ချစ်သူရှိတယ်ဆိုရင် အကြောင်းပြ ငြင်းလို့ရတာ ပေါ့နော်"

"တော်စမ်းပါ…ဘာချစ်သူလဲ။ ရှုပ်ရှုပ်ယှက်ယှက်"

"နင်ကလည်း ငါ ပြောတာဖြင့် ဆုံးအောင်နားမထောင်ဘဲ နဲ့"

"ဘာတုန်း"

"ချစ်သူရှိတယ်လို့သာ ပြောဟာ။ နောင်ခါလာ နောင်ခါ ဈေးပေါ့"

"ဟဲ့…အဲဒါကြီး ပြပါဆိုရင်ရော"

"အငှားတစ်ယောက် ရှာပြလိုက်ပေါ့"

"တော်ပြီ…ပြဿနာပိုတက်လာမယ်။ ဗိုက်ဆာတယ်ဟာ။ ဒေါ်ပဲ ဟိုဖက်နား မျက်စောင်းထိုးမှာ လက်ဖက်ရည်ဆိုင်သစ် လာဖွင့်ထားတယ်။ သွားသောက်မယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



ညိုက လက်ဖက်ရည် အလွန်ကြိုက်ပါသည်။

ဒီမနက်မှ အဲဒီဆိုင်ကို သတိထားဖြစ်တာပါ။၏

အထဲဖက် အဆင်အပြင်လည်း သန့်ရှင်းလှပ ကဗျာဆန်လှ၏။

ယမုံက…

"အေး…သွားရအောင်၊ ငါ အဲဒီဆိုင်ကို စိတ်ဝင်စားနေတယ်ဟဲ့"

"ဘာလို့လဲ"

"နာမည်ပေါ့ 'အိပ်မက်' တဲ့"



# အခန်း [၅]

ယမုံပြောတာ မှန်၏။

'အိပ်မက်' ထဲ ညိုတို့ မှန်တံခါးကြီးကို တွန်းဖွင့်ဝင်သွားသည်နှင့် အထဲမှ အခင်းအကျင်းတွေကြောင့် ညိုတို့အားလုံး မင်သက်သွားမှုလေးတွေ ရှိသွားရပါတော့၏။

လိမ္မော်ရနံ့လေး စိမ့်ပျံ့နေသော အဲကွန်းတပ် ခန်းမကျယ်ကြီးထဲမှာ မဟော်ဂနီရောင်တောက်နေသော ကျွန်းစားပွဲဝိုင်းလေးတွေ ကို ချထားပါသည်။

နှစ်ယောက်ဝိုင်း၊ သုံးယောက်ဝိုင်း လေးယောက်နှင့် ...ယောက်ဝိုင်းတွေ အစားစားရှိရာ စားပွဲထိုးကောင်လေးက ညိုတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ခါးညွတ် အရိုအသေပေးကာ သုံးယောက်ဝိုင်းရှိရာ ခေါ်ဆောင်သွ
၏။

ဘဲဥပုံ မျက်နှာကျက်နှံ့ရံပေါ်မှ ဆောင်းဘောက်စ်လေး
ဂီတာသံစဉ် ငြိမ့်ငြိမ့်လေးက ထွက်ပေါ်နေပါသည်။

ကြမ်းခင်းကော်ဇော အကွက်လှလှ အရောင်စိုစိုပေါ်
လျှောက်ရင်း ပပက တိုးတိုးပြောတော့၏။

"အပျံစားပဲဟာ…အထဲမှာ ဒီလိုရှိနေမှန်း မသိဘူးနော်"

အထဲမှာ သူ့စားပွဲလေးနှင့်သူ၊ လူတွေ အတော်များ
လက်ဖက်ရည်၊ ကော်ဖီ၊ အအေး နှစ်သက်ရာ သောက်နေကြ

တကယ်ပင် အိပ်မက်ထဲ လမ်းလျှောက်နေရတာနှင့်
တူသေးတော့။

နေရာတကျ ဝင်ထိုင်လိုက်ပြီးမှ ညို မှာလိုက်၏။

"လက်ဖက်ရည် သုံးခွက်"

"ဟုတ်"

စားပွဲထိုးလေး ထွက်သွားသည်နှင့် ယမုံက…

"ဟဲ့…ဒီဆိုင်က လက်ဖက်ရည် ကောင်းပုံရတယ်"

"မသောက်ရသေးဘဲနဲ့ ယမုံနာရယ်"

"အနံ့လေ အနံ့၊ နင်တို့ ရှူကြည့်ပါလား"





ဟုတ်ပါသည်။

တခြားဝိုင်းမှ ပျံ့လွင့်လာသော လက်ဖက်ရည်အနံ့က
ဝမှာ ကလူတာမို့ ညို သဘောကျစွာပြုံးကာ ခေါင်းညိတ်လိုက်ရ၏။

"ဆိုင်ရှင်က စိတ်ကူးကောင်းလိုက်တာနော်။ ကြည့်စမ်း
ခင်းအကျင်းတွေ ကောင်းမှကောင်း၊ နံရံက ပန်းချီတွေနဲ့ မျက်နှာ
ကျက်က ပန်းဆိုင်းတွေ၊ ဟာ…အရမ်း ကဗျာဆန်တယ်နော်။
စ်ဝိုင်းနဲ့ တစ်ဝိုင်း ခြားပေးထားတဲ့ ပါတေးရှင်းလေးကလည်း
မိမ့်မမြင့်လေး၊ လွတ်လပ်မှုရှိတယ်။ ပြီးတော့…"

အလွန် စပ်စပ်စုစု ကြည့်တတ်သော ပပက တတွတ်တွတ်
ပြောနေစဉ် ညိုကလည်း မသိမသာလေး မျက်လုံးဝင့်ကာ ကြည့်မိ
၏။

ပပ ပြောသလိုပင် နံရံပန်းချီများက လက်ရာမြောက်လှ
ပါသည်။

တောတောင်ရှုခင်း စိမ်းမြမြလေးနှင့် ရေတံခွန်ဖွေးဖွေးတွေ
မြင်ရသူစိတ်ထဲမှာ အေးချမ်းလန်းဆန်းသွားသလိုပင်။

နံရံတစ်လျှောက် မျက်ဝန်းအရှေ့မှာ ပေါလစ်ရှ်ရောင်
ဘက် ကနုတ်၊ ပွတ်လုံးတန်းအောက်ရှိ ကောင်တာစားပွဲနောက်မှ
ဝန်းတစ်စုံကြောင့် ထိတ်ကနဲ ဖြစ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ညီ့တို့ကို စူးစူးလေး စိုက်ကြည့်နေသော မျက်ဝန်းတစ်စုံ

တည်တည်တင်းတင်းလား။ အထင်အမြင်သေးသေးလား။

ညီ့ မခွဲခြားတတ်ပါ။

ညီ့မျက်ဝန်းနှင့် ဒိုင်းကနဲဆုံမိချိန်မှာ သူက ချာကနဲ မျက်နှာ

လွှဲသွား၏။

ပုံစံက မတော်တဆ ကြည့်မိသွားသော သူ့မျက်လုံးတွေ

သူ စိတ်တိုသွားရသည့် အနေအထားမျိုး။

တစ်ခုတော့ သေချာ၏။

သူ ညီ့တို့ကို လုံးဝ မကြည့်ခြင်းပင်တည်း။

ညီ့ ရုတ်ခြည်း စိတ်အနှောင့်အယှက် ဖြစ်သွားရတော့

ကြည့်စမ်း သူကများ…

မခံချင်စိတ်လေးက ညီ့ရင်ထဲ ရှန်းကနဲကြွတက်လာရ

သူ့လိုပင် ညီ့လည်း မျက်နှာလွှဲမိတာပါပဲလေ။

ဒါပေမယ့် သူက အရင်လွှဲဦးတော့ ညီ့ကပဲ သူ့ကို လို

ကြည့်နေသလိုလို မဟုတ်ပါလား။

ဝေးသေးတယ်နော်။

ကြာညီ့သင်းကို ရှင် အထင်သေးတယ် ထင်ပါရဲ့။





အငွေ့တထောင်း အနံ့သင်းသင်းနှင့် သောက်ချင်စဖွယ်

လက်ဖက်ရည်ရောက်လာသည့်တိုင်အောင် ညီ့ မသောက်ချင်တော့။

ရင်ထဲမှာ အစာမကြေချင်သလို အီလယ်လယ် နှင့်တင်

နှင့် မခံချင်စိတ်လေးက သူ့ကို ဒုတိယအကြိမ် ညီ့ စူးကနဲ

ပြန်ကြည့်ပစ်လိုက်မိ၏။

သူကတော့ ညီ့တို့ဖက်ကို လုံးဝ မကြည့်တော့ပါ။

ဟွန်း…မုန်းစရာကောင်းလိုက်တဲ့လူ။

ရှင် ဘယ်လိုမျက်ဝန်းမျိုးနဲ့ လက်ဖက်ရည်လာသောက်တဲ့

သူတွေကို ရှင် ကြည့်လိုက်သလဲဆိုတာ ဒီဆိုင်ပိုင်ရှင်သာ သိသွား

ရင် ချက်ချင်းကို အလုပ်ပြုတ်သွားမှာနော်။

"ညီ့ သောက်လေ…ကောင်းတယ်ဟဲ့"

ပပအသံကြားမှ ညီ့ လက်ဖက်ရည်ခွက်လေးကို ထိပင်

ထိဘဲ မျက်စောင်းထိုးကာ မဲ့တဲ့တဲ့လေး ပြောလိုက်၏။

"ဟွန်း…မသောက်တော့ပါဘူး"

ညီ့စကားကြောင့် ယမုံရော ပပပါ ပြိုင်တူ မေးငေါ့လိုက်

ကြကာ ပပက…

"ဟဲ့…ဘာဖြစ်ရပြန်တာလဲ ရွှေညီ့ရယ်။ ခုနလေးတင်

နင်ပဲ လက်ဖက်ရည်သောက်ချင်လှချည်ရဲ့ဆို၊ အရမ်းကောင်းတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ လျှာပေါ်မှာကို စွဲသွားပြီ။ ငါတော့ နေ့တိုင်း လာဖြစ်တော့မယ် ထင်ပါရဲ့ဟာ''

''ဟုတ်တယ် ညို၊ ကောင်းတယ်။ သူ့အရသာကတစ်မျိုးလေး ထူးခြားနေတယ်။ အဲဒါကြောင့် နာမည်ကြီးတာနေမှာ။ ကြည့်ပါလား၊ လူတွေအတော်များများ ဝင်နေကြတယ်နော်''

ယမုံ့စကားကို ညို မဲ့ပြုံးလေးပြုံး၍...

''နင်တို့ကြိုက်ပေမယ့် ငါ မကြိုက်ဘူးလေ။ နောက်ဆို ငါ မလိုက်တော့ဘူး သိလား''

''ဟင်...ရွှေညို၊ ရှင် ဘာဖြစ်ရတာတုန်း''

လက်ဖက်ရည်ကို လျှာဖျားနဲ့တောင် မတို့ရသေးဘဲ မကြိုက်ဘူးပြောနေတာက ထူးထွေသည့် အံ့ရာသော်ပါလား။

''ယမုံ...ပပ''

''ဟင်...ဘာလဲ''

ညိုက နှစ်ယောက်စလုံးကိုခေါ်လိုက်ပြီးမှ အသံကို နှိမ့်က ပြောလိုက်၏။

''ငါပြောမယ်...ချက်ချင်း မကြည့်နဲ့။ မသိမသာကြည့်''

''ဟဲ့...ဘာကိုတုန်း''

''ကောင်တာက...နော်''





''အင်း...အင်း''

ပြောပြီး ညိုက လက်ဖက်ရည်ခွက်လေးကို ရှုံ့ရှာစွာ ...ည့်ပြီး စားပွဲအလယ်ဆီ တွန်းလိုက်၏။

''ညို...ဘာလုပ်တာလဲ''

''မသောက်ချင်လို့၊ စွဲသွားရင် ဒုက္ခမဟုတ်လား''

''ဖြစ်ရလေဟယ်...နှမျောစရာ''

''သွန်ပစ်ချင်တယ်''

''အမှိုက်ပုံး ရှိတယ်လေ''

''ဟင့်အင်း...ငါက စားပွဲပေါ်မှာ ဟောဒီလို မတော်တဆ ...ပြီး...''

''ချွမ်း''

''ဟင်...ညို''

တကယ် မြန်ဆန်လွန်းသဖြင့် ပပတို့ပင် ညို့လုပ်ရပ်ကို ...ကြည့်ရသွားရတော့၏။

ညို့လက်က လက်ဖက်ရည်ပန်းကန်ကို ဖြတ်ရိုက်လိုက် ...ပို ပဲသွားကာ ပန်းကန်လုံးလေး ချွမ်းကနဲ ကျကွဲ ဖိတ်စင်ကုန် ...၏။

စားပွဲထိုးကောင်လေး အပြေးကလေးရောက်လာ...



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်နှင့် ပန်းကန်ကွဲစများကို လျင်မြန် ဖျတ်လ

စွာ သိမ်းလိုက်၏။

"နောက်တစ်ခွက် ပေးပါ့မယ် ခင်ဗျ"

ရိုကျိုး ချောင်စွာ ပြောလိုက်သောကောင်လေးကို ညို

လိုက်ပုံက . . .

"မလိုတော့ဘူး။ မသောက်ချင်တော့ဘူး။ မင်းတို့ရဲ့ ဆုံ

မှုအတွက် ငါ လျော်ပေးချင်လို့၊ ပြော ဘယ်လောက်ကျသလဲ၊

သလောက်သာပြော"

ကောင်လေးက ကောင်တာဆီ ဝေ့ကနဲလှမ်းကြည့်လိုက်

မှ . . .

"နေပါစေခင်ဗျ . . . မတော်တဆ"

"ဖိုးတာ"

"ဗျာ . . . အစ်ကို"

ဖိုးတာဆိုသော ကောင်လေး၏ စကားမဆုံးလိုက်ရပါ

ခါတိုင်း ခုလို မတော်တဆ ကျကွဲတတ်တာမျိုးဖေ

ဒီဆိုင်က အလျော်အစား မယူတတ်ပုံရ၏။

ဖိုးတာ စကားမဆုံးခင် ကောင်တာမှ ပုဂ္ဂိုလ်က ခပ်

ဆတ်လေး ခေါ်ကာ တားမြစ်ဟန် လက်ဝါးကာပြလိုက်ပြီးပ





တို့ဝိုင်းရှိရာ တန်းတန်းမတ်မတ် လျှောက်လာနေ၏။ ညို၊ ယမုံနှင့်

ပပတို့ သုံးယောက်စလုံး သူ့ကို ဘာရယ်မဟုတ် လှမ်းကြည့်လိုက်မိ

၏။

သူ့ပုံစံက ကိုယ့်ကိုယ်ကို စိတ်ချယုံကြည်မှု အပြည့်အဝ

ရှိထားသူတစ်ယောက်ပမာ လမ်းလျှောက်ပုံကပင် စတိုင်တင်းတင်း

မာန်ထည်ထည်ပင်တည်း။

"ဒီမယ် . . . ခင်ဗျားတို့ကြောင့် ဆိုင်က ပန်းကန်တစ်လုံး

ဆုံးရှုံးနစ်နာမှုဖြစ်သွားရပြီမို့ တန်ရာတန်ဖိုးတော့ ပေးရလိမ့်မယ်

ဟုတ်လား"

သူ့အသံကလည်း သူ့ဟန်ပန်နှင့် လိုက်ဖက်စွာ အောင်

အောင်ဩဩအသံမို့ အမြင်ကတ်နေသည့်ကြားမှပင် . . .

ညို အသိအမှတ်ပြုစွာ နားထောင်နေမိရင်းမှ သူ့စကားဆုံး

သည်နှင့် ညိုကလည်း ခပ်မာမာပင် မျက်နှာကို မော့ချီထားလိုက်

ကာ . . .

"နားလည်တယ် . . . အဲဒါကြောင့် လျော်ဖို့ပြောနေတာပဲ၊

ကဲ . . . ပြော"

"ငါးထောင်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ညီ့တို့ အံ့သြကာ မခံချင်ဟန် မျက်နှာပေးဖြင့် သူ့ကို စူးကနဲကြည့်တော့ သူကလည်း ထီမထင်ပြုံးလေးဖြင့်…

"ငါးထောင်လေ မတန်ဘူးထင်ရင် တစ်ပြားမှ မပေးလည်း ရတယ်။ မလျှော်နိုင်ဘူးလို့ဘဲ မှတ်လိုက်မယ်"

"ဘာရှင့်…လျှော်နိုင်တယ်…လျှော်နိုင်တယ်…ရော့"

အိတ်ထဲမှ ထောင်တန်ငါးချပ်ကိုယူထုတ်ကာ ညီ့ စားပွဲပေါ် ဆောင့်အောင့်ချပေးတော့ သူက…

"ခင်ဗျား အိမ်ပြန်ရောက်တဲ့အခါ နဖူးပေါ်လက်တင်ပြီး သေချာစဉ်းစား။ ဒါ…ခင်ဗျားအတွက် အိပ်မက်ပဲ ဟုတ်ပြီလား"

"ဟွန်း"

ညီ့ စိတ်တိုလွန်း၍ ချာကနဲ လှည့်ထွက်ခဲ့ပါတော့၏။ ယမုံနဲ့ ပပက ကောက်ချက်ချ၏။

"အေးဟယ်…ဘယ်လိုဟာကြီးပါလိမ့်"



## အခန်း (၈)

မိုးစက် ကျေနပ်စွာ ပြုံးလိုက်၏။

ကိုယ့်လုပ်ရပ်အတွက်လည်း အားရ ပီတိဖြစ်နေမိ၏။ ထောင်တန်ငါးချပ်ကိုယူကာ ကောင်တာရှိရာ လျှောက်လာတော့ ဖိုးတာက သူ့ကို နားမလည်ဟန် မျက်လုံး ပေကလပ်လေးဖြင့် ကြည့်နေတာမို့…

ငွေစက္ကူတွေကို ထောင်ပြကာ ပြုံးစေ့စေ့လေး ခေါင်း ညိတ်တော့ ဖိုးတာက…

"အစ်ကို…ဘာလို့ အဲဒီလို လုပ်တာလဲဟင်။ ငါးထောင် ကြီးတောင်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးတာက ဟို မချောတွေကို အားနာနေဟန်ရှိ၏။

"အဲဒီ မမက လက်ဖက်ရည်ကို မသောက်ဘဲနဲ့ စားပွဲအလယ်ကို တွန်းထုတ်လိုက်တာ တွေ့ရတယ်အစ်ကို၊ ကျသွားတာကလည်း မတော်တဆ…လို့"

"မတော်တဆ မဟုတ်ဘူး…ဖိုးတာ"

"ဗျာ"

"သူ…တမင် တိုက်ချပစ်လိုက်တာ"

"ဗျာ"

"အဟွန်း…ဝင်လာကတည်းကကို ငါက ကြည့်မရတာ"

"ဗျာ…အစ်ကိုနဲ့ သိနေလို့လားဟင်"

"ဟာ…ဘယ်ကလာ သိရမှာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်။ မိန်းမပီပီ တစ်ဆိုင်လုံးကို စပ်စုပြီး ကြည့်နေကြတာကွ။ ပြီးတော့ မိန်းမတွေဖြစ်ပြီး လက်ဖက်ရည်ဆိုင်ထိုင်တာ ကြည့်လို့ကို မရဘူး"

ဖိုးတာက ရယ်ချင်သွားရစ္စာ မျက်နှာပိုးသတ်ကာ မရယ်ပဲ အောင် နေလိုက်ရသော်လည်း မျက်နှာက စပ်ဖြဲဖြဲလေး ရှိသွားရတာ၊ သူ ဖိုးတာကို ခပ်ငေါက်ငေါက်လေး ဟောက်လိုက်၏။

"မင်းမျက်နှာက ဘာဖြစ်တာလဲ"

"အဟဲ"





သူပြောတော့မှ ဖိုးတာ ရယ်ကျဲကျဲလေးဖြစ်ကာ ပြောတော့၏။

"အစ်ကို့စကားကို ရယ်ချင်လို့ပါ"

"ဘာ…ငါ့စကား"

"ဟုတ်ကဲ့…မိန်းမတွေ လက်ဖက်ရည်ဆိုင်ထိုင်ရဘူးလို့ ကန့်သတ်ထားတာမှမဟုတ်တာ အစ်ကိုရာ။ ပြီးတော့ ခုချိန်မှာ ပိန်းကလေး အတော်များများ ဒီလိုတွေပဲများနေပါပြီဗျာ။ လာသောက်တော့ အစ်ကိုလည်း ပိုက်ဆံရတာပေါ့ဗျ"

"အေး…ငါက ငါ့ဆိုင်ကို ယောကျ်ားတွေလာသောက်ကာပဲ လိုချင်တာ။ ဖြစ်နိုင်ရင် အမျိုးသားသီးသန့်လို့တောင် ရေးထားချင်တယ်ကွ။ မကောင်းတတ်လို့သာ"

"အစ်ကိုက မိန်းမမုန်း ဝါဒသမားလား"

ဖိုးတာအမေးကို သူ မဖြေခင် နောက်ထပ်လူတွေ ဝင်လာဖြင့် ဖိုးတာ လှစ်ကနဲ ထွက်သွားပါတော့၏။

'အိပ်မက်' ကို သူ့စိတ်တိုင်းကျ ပြင်ဆင်မွမ်းမံကာ အလုပ်သမားလုံးကိုလည်း ယောကျ်ားများကိုသာ ရွေးချယ်ခန့်ထားသည်။

သွက်လက်ချက်ချာ၍ ရုပ်ရည်သန့်ပြန့်သော ဖိုးတာ့လို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးတွေ ငါးယောက်ရှိကာ၊ သူ့စားပွဲနံပါတ်နှင့်သူ ဧည့်သည်များ ကျေနပ်စိတ်တိုင်းကျစေရန် ကြိုဆိုဧည့်ခံနိုင်အောင် သူ ညွှန်ကြားထား၏။

အစစအရာရာ အကွက်ကျစွာ စီမံဆောင်ရွက်ထားမှုတွေကြောင့် 'အိပ်မက်' က သူမျှော်လင့်ထားသောထက်ပင် ပို၍ အဆင်ပြေ အောင်မြင်ကာ တစ်နေ့ထက်တစ်နေ့ သောက်သုံးသူတွေ စည်ကားလာပြီဖြစ်၏။

ဖိုးတာ ပြောသလိုပင် မိန်းကလေးအတော်များများ လက်ဖက်ရည်ဆိုင်ထိုင်တတ်ကြမှန်း ခုမှ သူ လက်တွေ့ကျစွာ သိလိုက်ရ၏။

လာသောက်ကော့ ပိုက်ဆံရတာပေါ့ဟု ဖိုးတာပြောသလို ဟုတ်နေသော်လည်း သူ့စိတ်ထဲမှာတော့ ပိုက်ဆံမရချင်နေပါစေ၊ သူ့ဆိုင်ထဲကို မိန်းမတွေ ဝင်လာတာကိုပင် မနှစ်မြို့နိုင်လောက်အောင် ရှိနေရတာ အမှန်ပါ။

ဟွန်း ဇယားကိုရှုပ်ကြတယ်။ အခုလည်း သူ သေချာသိ၏။

ဟိုအမျိုးသမီး တာမင်လုပ်တာ။

ရှုပ်ပြာ ရှုပ်ပြာနိုင်တဲ့ ပျာကလပ်စိန်တွေ။





ပြဿနာရှာချင်လို့ တာမင်ဖန်တီးတာများလား…

ပုံစံကိုက အချိုးမပြေ။

သူမကိုယ်သူမ ဘဝင်လေးတစ်ခွဲသားပုံနဲ့ မျက်နှာတစ်ခုလုံး မော့ချီထားပုံကိုက ပိတ်တီးပစ်ချင်စရာ။

မကြည်သည့်ကြားထဲကပင် သူမမျက်နှာကို သူ သတိထား ဖြစ်မိသွား၏။

အတော်လှတဲ့မိန်းမ။

တော်ပါပြီ…။

သူ့အမေလည်းပဲ အတော်လှတဲ့မိန်းမပို့ ချောချောလှလှ မိန်းကလေးတွေကို သူ ကြည့်မရချင်တာ ရောဂါတစ်ခုလိုပင် ဖြစ်နေပါပြီ။

စိတ်ထဲစွဲနေ၏။

လှပချောမောသော ရုပ်ရည်တွေကို အသုံးချကာ မိန်းကလေးအများစုတွေဟာ ယောက်ျားသားတွေအပေါ် လက်တစ်လုံးခြားလှည့်ဖြားဟန်ဆောင် မာယာများတတ်ကြပါကလား ဟူသော အတွေးက သူ့အသိတရားထဲ သံမှိုနှက်ထားသလို မြဲမြံစွဲမြဲနေပါသည်။

အဲဒါကြောင့်လည်းပဲ မိန်းကလေးတွေမြင်တာနဲ့ပင် သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားက အလိုလိုနေရင်း တည်တင်းမှုန်ကုပ်သွားရတတ်တာတွေ အကျင့်တစ်ခုလိုပင် ဖြစ်နေပါပြီ။

မျက်နှာထားကတင်းတင်း၊ မျက်ဝန်းတွေကလည်း အထင်သေးသောစိတ်ဖြင့် ခပ်စူးစူး နှိမ်နှိမ်လေး ကြည့်မိတတ်၏။

ကြည့်မိမှန်း သိလိုက်သည်နှင့် သူ့ကိုယ်သူ စိတ်တိုသွားရစွာ ချက်ချင်း မျက်နှာ ဆတ်ကနဲ လွှဲမြဲဆိုတာတွေက သူပြုမူနေကျ လှုပ်ရှားမှုတစ်ခုလိုပင် ရှိနေရ၏။

ခုလည်းပဲ ထိုသို့ပင် သူ ပြုမူလိုက်တာပဲဖြစ်၏။ နေပါစေ သူ့အပြုအမူတွေကို မကြိုက်သဖြင့် မိန်းကလေးတွေ လာမသောက်ကြလည်း ဝမ်းမနည်းပါ။

ကျွမ်းကျင်သော အဖျော်ဆရာ ကိုအေး၏ လက်ဖက်ရည်အရသာကို တစ်ခါသောက်ဖူးသူတိုင်း စွဲသွားသည်ဟု သူ သိထားသဖြင့် အမျိုးသား အတော်များများ 'အိပ်မက်' သို့ အချိန်တန်လျှင် ပုံမှန် လာထိုင်ကြသည့် ဖောက်သည်တွေပင် အတော်များများ ရှိနေကြပြီဖြစ်၏။

မိန်းကလေးဖောက်သည်တွေတော့ သူမလိုချင်ပါ။ မလာလေ ကောင်းလေဟုပင် သူ တွေးထား၏။ ခုတော့ မဒွေးချောလေး အတော်လေး ဆတ်ဆတ်ခါသွားပုံရ၏။





မယ်လမင်းဆက်လေး မဟုတ်။ ကြွေထည်စစ်စစ် ခွက်လေးမို့ ငါးထောင် သူ ယူလိုက်တာ များလွန်းပေမယ့် သူ အလွန်ကျေနပ်နေပါသည်။

စိတ်ထဲမှလည်း တွေးနေမိ၏။

"မင်း...ဒါဟာ တမင်လုပ်တာပဲဆိုရင် နောက်တစ်ခါလာလုပ်ကြည့် တစ်သောင်းပဲ...အဟွန်း"

သဘောကျ ကျေနပ်စွာ ပြုံးလိုက်ရင်း သူ ငွေငါးထောင် ...ခွဲထဲ ထည့်လိုက်၏။

ထိုအချိန်မှာတော့ ညိုတို့ သုံးယောက်စလုံး မခံချိမခံသာ ...တွေဖြင့် စတိုးရှိရာ အမြန်ဆုံး ပြန်လာကြကာ သီးသန့်ရုံးခန်း ...ဲ ရောက်တော့မှ ညိုက လက်ကိုင်အိတ်လေးကို စားပွဲပေါ် ...ကနဲဆောင့်ချကာ ပြောလိုက်၏။

"ငါ...လုံးဝ မကျေနပ်ဘူးဟာ"

ယမုံနဲ့ ပပတို့ကလည်း ထောက်ခံဟန်ဖြင့်...

"အေး...ဟုတ်တယ်ဟာ၊ ဒီလူ အတော့်ကို လွန်တာပဲ"

"အေးလေ...ပန်းကန်တစ်လုံး ငါးထောင်ဆိုတာ သူတမင် ...."

"ဟဲ့...ညို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ…ပပ"

"နင်ကရော…အဲဒီပန်းကန်လေးကို တမင် လုပ်ချလိုက်တာပဲ မဟုတ်လား"

"ဟုတ်တယ်"

"ဟင်…ဘာလို့တုန်း"

"အမြင်ကတ်လို့"

"ဟဲ့…ဘယ်သူ့ကိုတုန်း"

"ဘယ်သူရှိရမလဲ၊ အဲဒီ ပုဂ္ဂိုလ်ကိုပေါ့"

"ဟော်တော်"

ပပနဲ့ ယမုံ တအံ့တသြရှိသွားရစွာ တစ်ယောက်ကိုတစ် ယောက် ပြိုင်တူ ခေါင်းရမ်းလိုက်ကြ၏။

"ညို…ဘာဖြစ်လို့လဲဟင်။ နင်နဲ့က ဇာတ်လမ်းရှိနေ လား"

"အို…ဘယ်ကလာရှိရမှာလဲ။ ဝေးသေးတယ်။ တစ်ခါ ကို မမြင်ဘူးတာ"

"ဟင်…ဒါဆို အမြင်ကတ်တယ်ဆိုတာက ဘာလဲ"

"သူ ငါတို့ကို ကြည့်တဲ့မျက်ဝန်းပေါ့။ သတိထားမိ လား"





"အေးဟဲ့…နင် မပြောခင်ကတည်းက ငါ သတိထားမိ တယ် ညိုရဲ့။ ဟုတ်တယ်…သူ လှမ်းကြည့်နေတာ မျက်မှောင်ကြုတ် ထားနဲ့ဟာ။ ငါတောင် စိတ်ထဲ တစ်မျိုးဖြစ်သွားရသေးတယ်"

ပပက သတိတရ ပြောတော့ ယမုံက…

"အဆန်းပဲ…ငါတို့နဲ့သူက ဘာမှ မပတ်သက်တာ။ ဘာလို့ ဒီလိုကြည့်တာလဲ မသိဘူးနော်"

"ဘဝင်မြင့်တာ ဖြစ်မှာပေါ့"

ညို မဲ့ပြုံးလေးနှင့် ပြောတော့ ပပက…

"ဟဲ့…လက်ဖက်ရည်၊ ကော်ဖီ လာသောက်တဲ့ လူတွေ သူ အဲဒီမျက်နှာထားကြီးနဲ့ကြည့်ရင် မိတ်ပျက်ရုံပေါ့။ သူ့ဆိုင် လူလာဦးတော့မှာလဲ"

"သူ့ဆိုင် ဖြစ်ချင်မှဖြစ်မှာပါဟာ။ သူလည်း အငှားပဲဖြစ် မှာ။ တကယ် ဆိုင်ပိုင်ရှင်ဆိုရင် ဒီလိုနေမလား။ မျက်နှာတစ်ခုလုံး သကြားတစ်ထပ် ပျားရည်တစ်ထပ်နဲ့ ချိုမြနေမှာ။ ဒီမယ်…ပပ"

"အင်း"

"စုံစမ်းကြည့်"

"ဟင်…ဘာကိုလဲ"

"သူ့ဆိုင် ဟုတ် မဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့တုန်း"

"သူသာ အငှားဆိုရင် ဆိုင်ရှင်ကို သူ့ဆက်ဆံရေး ကျဲ၀ အကြောင်းတွေ တိုင်ပစ်ရမယ်လေ။ ဒီလိုလူသာ ဆက်ထိုင်ရင်တော မကြာခင် ဆိုင်ပိတ်ရလိမ့်မယ်"

"ဆိုင်ရှင်ကိုယ်တိုင်က သူပဲဆိုရင်"

"အဲဒါလည်း ဆိုင်ပြုတ်မှာ ကြိမ်းသေဘဲ။ ဒီလော မျက်နှာပေါက်ဆိုးတာ။ ဟွန်း…သူကများ"

ညို ဒေါ်ပွကာ ပွစိပွစိပြောနေ၏။ ပပက…

"ဟဲ့…အဲဒီလူက ရုပ်တော့ တကယ်ဖြောင့်တယ် ရုပ်ချောသလောက် စိတ်ပုပ်တာ အံ့စရာပဲ။ တကယ်ဆို အချော လေးတွေဆိုပြီး ငါတို့ကို သူ ဒီလို မဆက်ဆံသင့်ဘူးဆိုတာ နားမလည်သေးဘူး ထင်ပါရဲ့"

"ဟုတ်ဘယ်…ညို့ကို သူ တမင်လုပ်တာ အသိသာ ငါးထောင်တောင် လျော်ခိုင်းတာ။ ဘယ်လောက်လွန်သလဲ။ လားလို့။ တစ်ခုလုံးဝယ်တောင် အဲသလောက်မပေးရပါဘူး။ တ ပဲ။ သူ ဘယ်လိုလူလဲဆိုတာ ငါ သိချင်လိုက်တာနော်"

"စိတ်ချ ယမုံ၊ ငါကလည်း နင့်ထက် ပိုသိချင်သေး အ ဆုံး စုံစမ်းလိုက်မယ် သိလား"





ပပက လက်မလေးထောင်ကာ ပြောတော့ ညိုက မဲ့၍…

"တစ်ကွေ့ကွေ့တော့ တွေ့ဦးမှာပေါ့ဟာ၊ ငါတော့ တစ် က် မကျေဘူး။ တေးထားမယ်"

ငါးရက်ခန့်အကြာမှာ ပပဆီက သတင်းရပါသည်။

"ဟဲ့…အဲဒီလူက မိဘမရှိ တစ်ကောင်ကြွက်တဲ့။ မိန်းမ ကို ကြည့်မရတဲ့လူတဲ့။ အဲဒီဆိုင်ကလည်း သူ့ဆိုင်တဲ့။ ညို ား ဦးမလား။ နင် လက်ဖက်ရည်မသောက်ရသေးဘူး မဟုတ် "

"ဟင့်အင်း…တော်ပြီ မသောက်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဘာပြောတယ်…ဖြူ၊ သမီးက အိမ်ထောင်မပြုချင်ေ ဘူး ဟုတ်လား"

"ဟုတ်ကဲ့…ကို"

တကယ်တော့ ဒေါ်ကြာဖြူတစ်ယောက် သမီးပြော အတိုင်း 'ဆန္ဒမရှိပါ' ဟူသော စကားကို အရင်းအတိုင်းကြီး ဖေ သည်မချရဲပါ။

ကိုယ့်ယောက်ျားအကြောင်း ကိုယ်အသိဆုံး။ အရာ စိတ်တိုင်းကျ ချယ်လှယ်စီမံအုပ်ချုပ်ခဲ့သူပီပီ မည်သည့်ကိစ္စ ပြောသလိုလုပ်မှ ကြိုက်တတ်သူ မဟုတ်ပါလား။





ခုလည်း သမီးကို မိမိအနေဖြင့် အာပေါက်အောင် ဖျောင်းဖျ ျားချခဲ့ပြီးပါပြီ။

အဖေတူသမီးလား မသိပါလေတော့။ ယတိပြတ်ကြီးပင် ပြေပေးခဲ့ပါ၏။ ထက်မြက်သော သွက်လက်သော သမီး၏ စိတ် ဲမှာ ကိုယ့်ကိုယ်ကိုသာ ယုံကြည်အားကိုးရာဟူ၍ ယူဆထားပုံရ ၏။

ခုတော့ သမီးပြန်မလာသေးတာမို့ မိမိ တီးခေါက်ထားသော ိစ္စကို ဖောက်သည်ချနေခြင်းဖြစ်၏။

ဦးမြတ်သင်းက ဇနီးဖြစ်သူကို ဘဝင်မကျနိုင်ဟန် မျက်လုံး ုံး ပြူးကြည့်လိုက်ကာ…

"ဩ…အဲဒါနဲ့ပဲ ခင်ဗျားက သမီးကို နားဝင်အောင် ျောင်းဖျနားချတွေ မပြောတော့ဘဲနဲ့ အင်း…အင်း ဆိုပြီး ခေါင်းညိတ် ခဲ့တယ်ပေါ့ ဟုတ်လား…ဒေါ်ကြာဖြူ"

"မဟုတ်ပါဘူး…ကိုရယ်၊ ဖြူ ပြောပါတယ်။ ပြောတာမှ ပေါက်လောက်အောင်ကို တတွတ်တွတ် ပြောတာပါရှင်"

"ဘာတွေပြောတုန်း"

"မောင်ကျော်မင်းထွန်းဟာ လူတော်လေးတစ်ယောက်ဖြစ် ပါးနဲ့သင့်တော်တဲ့အကြောင်းတွေပေါ့။ ပြီးတော့ ကို့လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း စိတ်ချအားကိုးရတဲ့အတွက် သမီးဖေဖေအတွက်ပါ အဆင်ပြေတယ်လို့ ကိုကလည်း ဖြစ်သွားစေချင်တဲ့ဆန္ဒတွေ ရှိနေတယ်ဆို ပေါ့''

''အဲဒါပဲလား''

''ပြီးတော့ မောင်ကျော်မင်းထွန်းကလည်း သမီးကို လိုလား နှစ်သက်မှုရှိတယ်လို့ ပြောပြပါတယ် ကိုရယ်''

''အဲဒီတော့''

''လက်မခံနိုင်ပါဘူးတဲ့၊ ဒီကိစ္စကိုလည်း မစဉ်းစားချင် သေးပါဘူးတဲ့''

''ဟ…မင့်သမီးအသက်က ခုဘဲ အစိတ်ရှိနေပြီ။ ဒီအရွယ် မှ မစဉ်းစားရင် ဘယ်အရွယ်ကျမှ စဉ်းစားမှာတဲ့တုန်း ဖြူရာ၊ … အဲဒါတွေ လိုတယ်ကွာ။ သမီးက သူ့ကိုယ်သူ အရွယ်မရောက် သေးဘူးလို့ ထင်နေသလားပဲကွ''

''အဲဒါကိုလည်း ဖြူ ထည့်ပြောပါတယ် ကိုရယ်။ သမီး အသက်အရွယ်နဲ့ဆိုရင် အိမ်ထောင်ပြုသင့်ပါပြီလို့''

''ဟင်…ဒါတောင်မှ မစဉ်းစားချင်သေးဘူးလို့ ဆိုရင် … အရွယ်လွန်တော့မှ မလောက်လေးမလောက်စား မောင်လေး … ဓာတ်လမ်းတွေဖြစ်လာမှ ဒုက္ခကွ၊ ဘယ်ဖြစ်မလဲ။ မိဘက …





တော်မယ်ထင်တဲ့ကိစ္စကို စီစဉ်တာ လက်ခံရမှာပေါ့၊ ဘာအချိုးလဲ၊ ငါမှာလည်း အလုပ်နဲ့ပဲ၊ ဘယ်သူ့အားကိုးရမှာလဲဆိုတဲ့စိတ်ဓာတ်နဲ့ ဘဝင်လေဟပ်နေတာလား''

''မဟုတ်ပါဘူး ကိုရယ်၊ သမီးက အိမ်ထောင်ပြုဖို့ကိစ္စကို ဘယ်လိုမှ စိတ်မဝင်စားဘူးဖြစ်နေလို့ပါ ရှင်''

''ဒီမယ် ဖြူ၊ ဒီအရွယ်ကျမှ စိတ်မဝင်စားဘူးလို့ပြောရ အောင် ငါတို့ကို အရူးလုပ်နေတာကွ''

''ရှင်''

''အဲဒါကို မင်းက ယုံတယ်လား''

''ဟို…''

''ဘယ့်နှယ်ကွာ အသက်အစိတ်ပြည့်လို့ မိဘက သင့် တော်မယ်ထင်လို့ ဝတ္တရားလည်းရှိလို့ စီစဉ်မယ့်ကိစ္စကို စိတ်မဝင် စားဘူးလို့ ပြောရအောင် မင့်သမီးက ဘာခံစားချက်မှ မပါတဲ့ အသည်းနှလုံးဗလာနဲ့ မွေးလာခဲ့လို့လား။ အဟွန်း…ဒီစကားကို ချေး(ချိုး) စားပြီးပြောတာတောင်မှ ခွေးစိတ်ပေါက်လို့စားတယ်လို့ပဲ ငါ မှတ်လိုက်မယ်''

''အို…ကိုကလည်းနော်၊ ကိုတို့သားအဖကြားမှာ ဖြူ စိတ် ညစ်လာပြီသိလား။ သမီးကလည်း လုံးဝ ဘူးပဲဆိုတော့မခက်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးကွ…သမီးက မောင်ကျော်မင်းထွန်းကို သဘော မကျစရာ လက်မခံနိုင်စရာ ဘာအကြောင်းများ ရှိနေလို့လဲ။ မင်း သိလား ဖြူ"

"အဟင်း…သမီးက အဲဒီသူငယ်ကို ကြည့်လို့ကို မရဘူး တဲ့ ကိုရဲ့"

"ဟေ"

"သူ့ကိုယ်သူ အရည်အချင်းရှိတယ်ဆိုပြီး ဘဝင်လေဟပ် နေတဲ့လူကို အထင်မကြီးပါဘူးတဲ့လေ"

"ဩ…သမီးက အဲဒီလိုပြောလား"

"ဟုတ်တယ်…ကို"

"အေး…အဲဒါပဲပေါ့။ မောင်ကျော်မင်းထွန်းမှာ အရည် အချင်းရှိတယ်ဆိုတာ သမီး နားလည်သားပဲ။ ကိုယ် ခုမှ သဘော ပေါက်တယ် ဖြူ"

"ရှင်…ဘာကိုလဲဟင်"

"သမီးကလည်း သူ့ကိုယ်ပိုင်လုပ်ငန်းနဲ့ အောင်မြင်နေ တယ်မဟုတ်လားကွ"

"ဟုတ်"

"ဆိုလိုတာက မောင်ကျော်မင်းထွန်းမှာ အရည်အချင်း





ရှိသလို သူ့မှာလည်း အရည်အချင်းရှိတယ်ဆိုတဲ့ မာနပဲကွ"

"ဟင်"

"မင်းတို့ မိန်းမတွေဟာ ထစ်ကနဲရှိ မာနလေးက တရှုံရှုံနဲ့ အလကား ဘာမှလည်း ဖြစ်မြောက်တာမဟုတ်ဘဲနဲ့။ အိမ်ထောင် ဦးစီး ယောကျ်ားတစ်ယောက်ရဲ့ ဦးဆောင်မှုအောက်မှာ လိမ်လိမ် မာမာနေမှ မိန်းမပီသမှာ၊ ဇနီးကောင်းပီသမှာ၊ လုပ်ငန်းအောင်မြင် တာ သမီး နားမလည်သေးဘူး။ ဒီလို အရည်အချင်းရှိတဲ့လူကိုမှ မယူရင် ဘယ်သူ့ကိုယူမလဲ။ ကိုကတော့ ရှင်းရှင်းပဲဖြူ၊ သားသမီး ဆိုတာ မိဘစကားနားထောင်ရမယ်။ ဘယ်မိဘကမှ ကိုယ့်သား သမီးတွေကို ဒုက္ခဖြစ်အောင် ချောက်ထဲတွန်းမချဘူး။ ပေါက်တတ် ကရစိတ်ကူးနဲ့ အမိပွာယ်မဲ့ ငြင်းနေတာကို ဒီအတိုင်း ကြည့်နေရ ပလား။ ဟွန်း…မိဘသိက္ခာကျသွားမှာပေါ့"

"ဟင်"

"ဒီကိစ္စကို ဖြစ်အောင်စီစဉ်ရမယ်"

"အို…ကို"

ဒေါ်ကြာဖြူ မျက်လုံးလေး ဝိုင်းသွားတော့ ဦးမြတ်သင်း က…

"ဘာလဲ…ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်ဘူး…ကို”

“ဘာ…ဘာပြောတယ်၊ မဖြစ်ဘူး ဟုတ်လား”

“ဟုတ်တယ်ကို…သမီးက ပြောတယ်”

“ဘာလဲ”

“ဒီကိစ္စကို သူလက်မခံနိုင်လို့ အတင်းအကြပ်သာ စီစဉ်မယ်ဆိုရင်တော့ ထွက်သွားမှာတဲ့”

“ဘာ”

ဦးမြတ်သင်း ဆတ်ကနဲ ဒေါပွသွားရကာ…

“ထွက်သွားမယ်…ဟုတ်လား ဖြူ”

“ဟုတ်”

“ဘာလဲ…သမီးမှာ ချစ်သူရှိနေလို့လား”

“အဲဒါတော့ ဖြူလည်း မသိပါဘူး ကို”

“မင်း‥မမေးဘူးလားကွ”

“မမေးဖြစ်လို့ပါ”

“သေချာပြီ”

“ဟင်”

“မင့်သမီး ချစ်သူရှိနေပြီ”

“ရှင်”





“ဒီလို အကြောက်အကန်ငြင်းနေပုံထောက်တော့ သူ့မှာ အားကိုးရှိလို့ပဲ ဖြစ်မှာပေါ့ကွ”

“ဟင်”

“ဟွန်း…ဟွန်း၊ ကိစ္စမရှိဘူး ဖြူ၊ ငါကိုယ်တိုင် မေးမယ်”

“ရှင်”

ထိုစဉ်မှာပင် သမီး၏ ကားလေး ရောက်လာပါတော့၏။

ဒေါ်ကြာဖြူမှာ စိတ်ရှုပ်ဟန်ဖြင့် မျက်နှာပျက်နေလေပြီ။

ဧည့်ခန်းထဲမှ ဖေဖေနှင့် မေမေတို့ကို ညို လှမ်းကြည့်ကာ ဝင်လာ၏။

တစ်ခုခုပဲဆိုတာလည်း ဒက်ကနဲ သိလိုက်၏။

“သမီး…လာထိုင်ဦး”

ဖေဖေခေါ်သဖြင့် ညို မေမေ့ဘေးမှာ အသာဝင်ထိုင်ကာပေးလိုက်၏။

“ကိစ္စရှိလား…ဖေဖေ”

“ဟုတ်တယ်…သမီးကို ဖေဖေ မေးစရာရှိလို့”

“ဟုတ်…ဘာများလဲဖေဖေ”

မေမေက ခေါင်းငုံ့သလို မျက်နှာလွှဲသလို လုပ်နေလေ[illegible]။



www.burmeseclassic.com

www.burmeseclassic.com



ဖြူ ရိပ်မိလိုက်ပါပြီ။

ကိုကျော်မင်းထွန်းကိစ္စပဲ ဖြစ်ရမည်။

"အဟမ်း"

ဖေဖေ ချောင်းတစ်ချက်ဟန့်လိုက်တော့ ဖြူပင် ဒိန်းကနဲ ဖြစ်သွားရတော့၏။ ဖေဖေက…

"ဟိုတစ်နေ့က သမီးမေမေပြောတဲ့ကိစ္စပါကွာ။ အဲဒါ ဖေဖေ သိပ်မရှင်းလို့"

"ဘာကိုလဲ ဖေဖေ"

"သမီးက မောင်ကျော်မင်းထွန်းကို လက်မခံနိုင်ဘူးဆို"

"ဟုတ်ကဲ့"

"ဘာကြောင့်လဲ"

"သူ့ကို သမီး မကြိုက်လို့ပါ ဖေဖေ"

"မကြိုက်လို့"

"ဟုတ်"

"သမီးကို ဖေဖေပြောမယ်။ သေချာနားထောင်။ မိဘက သင့်တော်မယ်ထင်လို့ စီစဉ်မယ့်ကိစ္စတစ်ခုကို သမီးက အပြတ်ငြင်းရလောက်အောင် သတ္တိတွေအတော်ကောင်းနေပါလား။ သမီး မကြိုက်ပေမယ့် ဖေဖေတို့က သူ့ကို သဘောကျတယ်ကွာ။ သူ့လို





တော်တဲ့ အရည်အချင်းရှိတဲ့လူစားမျိုးကိုမှ မရွေးရင် သမီး ဦးနှောက်ထဲမှာ မစင်တွေပဲ ပြည့်နေပြီလို့ ဖေဖေ ပြောချင်တယ်။ ကဲ ထားလိုက်။ နောက်တစ်ခုက သမီးအသက် သမီးအရွယ်နဲ့ဆို ချစ်သူ ရှိချင်ရင်လည်း ရှိမယ်။ ဖေဖေ နားလည်မှုရှိစွာနဲ့ အခွင့်အရေးတစ်ခုတော့ ပေးမယ် ဟုတ်လား"

"ရှင်…ဖေဖေ"

"မောင်ကျော်မင်းထွန်းကို သမီး ငြင်းနေပုံထောက်တော့ အကြောင်းတစ်ခုခု ရှိရမယ်လေ။ ချစ်သူရှိနေလို့ဆိုတာမျိုးပေါ့။ ကဲ ရှိတယ်ပဲထား၊ အဲဒီလူဟာ ဖေဖေ လက်ခံနိုင်တဲ့အရည်အချင်း ရှိနေရင်တော့…"

"ရှိပါတယ်…ဖေဖေ"

နှောင်ခါလာ နှောင်ခါချေး။ ညို မျက်စိမှိတ် အရဲစွန့်ကာ ပြောလိုက်တော့ ဖေဖေ့မျက်ခုံးထူကြီးနှစ်ဖက် ပင့်ကနဲ မြင့်တက်သွားရသလို…

မေမေလည်း ပါးစပ်အဟောင်းသား အံ့အားသင့်သွားရပါတော့၏။

"ရှိတယ်။ ဩ…ဩ၊ ဖေဖေထင်တာ မမှားဘဲကိုး။ ကဲ… ကျုပ်ပြောလား။ ခင်ဗျားသမီး ထင်တဲ့အတိုင်း ဖြစ်နေပြီ။ ကော



www.burmeseclassic.com

www.burmeseclassic.com



ပြီလေ။ အဲဒီသူငယ်ကို ဖေဖေတွေ့ချင်တယ်။ အိမ်ကို ခေါ်လာခဲ့ ဟုတ်လား သမီး''

''သူ အခု ဒီမှာမရှိပါဘူး ဖေဖေ''

''ဘယ်မှာလဲ''

''ပြည်ပမှာ အလုပ်လုပ်နေလို့ပါ''

''သူ့မိဘတွေက''

''မိဘမရှိတော့ပါဘူး၊ တစ်ကောင်ကြွက်ပါ ဖေဖေ''

''ဘယ်တော့လာမှာလဲ''

ညို ရုတ်တရက် မဖြေနိုင်။ ဖေဖေက…

''အေးလေ…လာတဲ့အခါ တွေ့တာပေါ့။ မောင်ကျော် မင်းထွန်းထက် သာရင်တော့ ဖေဖေ ခွင့်ပြုမယ်''

ညို အသက်အောင့်ကာ ခေါင်းညိတ်လိုက်မိ၏။



# အခန်း(၁၀)

''ဟဲ့…နင် အဲဒီလို ပြောလိုက်တယ် ဟုတ်လား ညို''

''အင်း''

ပပတို့ကို ပြောပြတော့ အံ့သြရယ်ချင်မျက်နှာတွေဖြင့် ပပက ...းသလို ယမ်းကလည်း…

''အဟင်း…ချစ်သူမရှိဘဲနဲ့ ဟိုလူကို ယူရမှာကြောက်လို့ လိုမ့်လိုက်တာ နင့်ဖေဖေယုံသွားတာ တော်သေးတာပေါ့ ညိုရယ်''

''အဟင်း…ဟုတ်တယ်။ ငါလည်း ကြံရာမရဖြစ်ပြီး ...ပြောရာပဲဟာ။ အဲဒါ ဘယ်လိုလုပ်ရမလဲ။ အကြံပေးစမ်း ...''



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဒါမျိုးက အကြာကြီးလည်း ညာထားလို့တာမှ ဟုတ်တာ။ တစ်နေ့ပေါ်သွားရင် ပိုဆိုးမှာ"

"ဟုတ်တယ်…ငါလည်း ခုမှ အဲဒါကိုတွေးလေ စိတ်ပူလေဖြစ်လာပြီ"

"ဘယ်လိုလုပ်ရပါ့"

ပပဒရာ ယမုံပါ တွေတွေလေး ငြိမ်နေကြပြီးမှ ပပက လက်ကနဲ အကြံရသွားဟန်ဖြင့်…

"ဒီလိုလုပ်ရင် မကောင်းဘူးလား"

"ဘယ်လိုတုန်း"

"အိပ်မက်ကလူ"

"ဘာ"

ညို ဒက်ကနဲ သဘောပေါက်ပေမယ့် ယမုံက အူတူတူနှင့်

"ဟင်…အိပ်မက်ဆိုကတည်းက အပြင်မှာ တကယ်ရှိတာမှမဟုတ်တာ၊ ပပကလည်း ဘာကြောင်တာလဲ"

ယမုံစကားကို ပပ မျက်စောင်း ဒိုင်းကနဲထိုးလိုက်ပြီးမှ

"ယမုံရယ်…နင့်ကို အဲသလောက် ထူမှန်း ငါ အခုမှ သိတော့တယ်ဟာ"

"ဟင်…ဘာရယ်"





"ငါပြောတာ ညိုသိတယ်၊ ဟုတ်တယ်မှတ်လား ညို"

ပပက ညို့ကိုပါ တစ်ဆက်တည်း မေးနေသဖြင့် ညို ခေါင်းတွင်တွင်ရမ်းကာ…

"မဖြစ်ပါဘူး ပပရယ်"

"ဟဲ့…ဘာတွေလဲ"

ယမုံက မျက်လုံးတလည်လည်နှင့် မေးလိုက်ပြီးမှ သဘော ပေါက်သွားဟန်ဖြင့်…

"သြော်…သိပြီ…သိပြီ၊ ဟိုလူလား"

"အေး…ပေါက်သွားပဲ။ အဲဒီ လူဠစာကြီးကိုပြောနေတာ။ ဟာသာ ဠစာဟဲ့။ ရုပ်တော့ ဖြောင့်တယ်နော် ညို…အဟင်း"

"ပပရယ်…နင်မို့ စိတ်ကူးထွက်တယ်။ စ စ ချင်း ဆောက် ပွင်းတဲ့လူကို"

"အကြောင်းရှိတယ် ညိုရဲ့"

"ဘာလဲ"

"သူက မိန်းကလေးတွေကို စိတ်မဝင်စားဘူးတဲ့"

"အဲဒီတော့"

"သူ့လိုလူကို အသုံးချမှ နင် နောက်ကြောင်းအေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အသုံးချရမယ်"

"အေး…ငါ စဉ်းစားကြည့်တာ။ သူဆိုရင်တော့ အဆင်ပြေမလားလို့။ နင့်ဖေဖေလည်း လက်ခံနိုင်လောက်တဲ့ အနေအထား မဟုတ်လား"

"ဟုတ်တယ်ညို့…ပပအကြံ မဆိုးဘူး"

"နင်တို့ကလည်းဟာ ငါနဲ့ အဆင်မပြေပါဘူးဆိုတဲ့ လူကို တခြားနည်းလမ်း စဉ်းစားစမ်းပါ"

"လောလောဆယ် ငါ့ခေါင်းထဲက ဒီအကြံပဲ ထွက်တယ်ဟာ"

"ဟုတ်တယ် ညို၊ တကယ်လို့ နင်ညာထားတဲ့အတိုင်း နင့်ဖေဖေကို တစ်ယောက်ယောက်ကိုတော့ နင် ပြရမှာအမှန်ပေ အဲဒီတစ်ယောက်က အခွင့်အရေးသမားဖြစ်နေရင် ဒုက္ခ"

"သူကရော အခွင့်အရေးသမား မဖြစ်နိုင်ဘူးလို့ ပြောနိုင် လား"

"သြော်…မိန်းကလေးတွေကို စိတ်မဝင်စားတဲ့လူ အောက်ကျခံပြီး သိက္ခာမရှိတဲ့ အရှက်မဲ့အလုပ်မျိုး လုပ်ပါ့မလား ညို့ရဲ့"

"နေပါဦး…နင်တို့က ခုလိုပြောနေရအောင် သူ့ အကြောင်း ဘယ်လောက်သိလို့လဲ"





"အေး…နင့်ကိုပြောရဦးမယ် သိလား"

"ဘာလဲ"

"ငါတို့ဆိုင်မှာ အရောင်းခန့်ထားတဲ့ စန္ဒီမွန်ဆိုတဲ့ ကောင်မလေး"

"အင်း"

"အစက သူနဲ့ တစ်ရပ်ကွက်တည်းနေတာတဲ့"

"အင်း"

"သူ့နာမည်က မိုးစက်တဲ့"

"သြော်"

"သူ့အဖေက အရာရှိ၊ အမေက ပွဲစား၊ မရှိမရှား အလယ် အလတ်တန်းစားဆိုပါတော့ဟာ"

"အင်း"

"သူ့အမေက အသုံးအဖြုန်းကြီးပြီး အလှအပကြိုက်တယ် ။ ပွဲစားဆိုတော့ ကျော့ကျော့မော့မော့လေး ပြင်ဆင်ပြီး တစ်နေ အပြင်ထွက်နေရတော့ သူ့အဖေက အလုပ်မသွားခင်နဲ့ အလုပ် လာရင် ထမင်းချက်၊ အဝတ်လျှော်၊ အိမ်မှုကိစ္စအားလုံး လုပ်ရ တဲ့"

"ဟုတ်လား တစ်မျိုးကြီးပါလား။ အိမ်ဖော်မထားဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ထားတယ်…သူ့အမေဒဏ် မခံနိုင်လို့ ပြေးတာတဲ့"

"ဆိုးလိုက်တာ"

"ဒီထက်ဆိုးတာက သူ့အမေက အရမ်းချမ်းသာချင်တာ တဲ့လေ"

"အင်း…အင်း…အဲဒီတော့"

"ပွဲစားလုပ်ရင်း လူတစ်ယောက်နဲ့ တတွဲတွဲဖြစ်လာရာ နောက်ဆုံး သေတ္တာဆွဲပြီး ဆင်းသွားတဲ့အထိပဲတဲ့ဟာ"

"အို…ဆိုးလှချည်လား"

"အေး…အဲဒီအဖြစ်တွေကြောင့် မိုးစက်ဟာ သူ့အမေ အရမ်းစိတ်နာသွားတယ်တဲ့"

"ဟုတ်လား…အင်းပေါ့လေ၊ ရှက်မှာပေါ့"

"သူ့အဖေဆို ယစ်ထုတ်ကြီးလုံးလုံးဖြစ်သွားပြီး အ တောင် ပြုတ်သွားတယ်တဲ့"

"ဖြစ်ရလေနော်…သူ့အဖြစ်ကလည်း ကြေကွဲစရာ လား"

"သူ့အဖေရဲ့ မိတ်ဆွေတွေက ကောင်းလွန်းလို့ ပိုင်း ဖျောင်းဖျ နှစ်သိမ့်ကြတော့ သူ့အဖေဟာ အရက်ပြတ်ပြီး ရာ ပန် သက်န်းဝတ်လိုက်တော့တယ်တဲ့"





"ဩော်"

"အဲဒီတော့ မိုးစက်ဟာ မိန်းမဆိုရင် နည်းနည်းမှကို အထင် ကြီးချင်တဲ့ နာကျည်းမှုတွေနဲ့ အတတ်နိုင်ဆုံး ကင်းကင်းရှင်းရှင်း နေတော့တာတဲ့။ ချစ်သူတောင် မရှိဖူးဘူး ဆိုပါတော့ဟာ"

ပပစကားဆုံးတော့မှ ညိုက အပြုံးယဲ့ယဲ့ဖြင့်…

"ပပရယ်…အဲဒီလိုလူ့ကိုမှ နင်က သွားပတ်သက်ပြီး ရှုပ် ရှင်လို့လား တော်ပါတော့ဟာ"

"နေပါဦး ညိုရဲ့၊ ငါ ကြံကြည့်ပါဦးမယ်"

"ဘာကြံမှာလဲ"

"အဆင်ပြေနိုင်မယ့်နည်းလမ်းပေါ့။ သူ့လိုလူသာ ကူညီ ရင်တော့ နင့်အတွက် အန္တရာယ်လည်း ကင်းမယ်လေ"

"ဘာလုပ်မလို့လဲ"

"ဒီလိုပဲ ကြံရဖန်ရတာပေါ့ဟာ။ သိတယ်ဟုတ်လား ပပတဲ့ ဟင်း…ဟင်း"

"ပပနော်…မဟုတ်တာတွေတော့ လုံးဝမလုပ်နဲ့။ ငါ သူ ပင်အမြင်သေးတာ မခံနိုင်ဘူး။ ရှင်းရှင်းပဲနေပါဟာ။ သွား ပတ်သက်နဲ့"

"အင်းပါ…အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ပပ ကတိအလွယ်ပေးပေမယ့် ညို သိပ်စိတ်မချပါ။ ညို့အလစ်မှာ ယမုံရော ပပပါ ခေါင်းချင်းဆိုင်နေတတ်၏။

တစ်နေ့ နေ့လယ်ပိုင်းမှာတော့ ပပက…

"ညိုရေ…လက်ဖက်ရည်သွားသောက်မယ်ဟာ"

"ဟင့်အင်း"

ညို ဆုံးဖြတ်ထားပြီးသား။

ထိုဆိုင်ကို ညို ဘယ်တော့မှ မသွားဟူ၍။

နောက်တစ်ကြိမ် ပြဿနာ မဖြစ်ချင်ပါ။

ပပက ယမုံကို မျက်စိတစ်ဖက် လှစ်ကနဲမှိတ်ပြလိုက်ပြီးမှ…

"နင် မလိုက်ချင်လည်းနေခဲ့ဟာ၊ ငါနဲ့ ယမုံ သွားသောက်မယ်"

ညို ပပကို ခပ်တည်တည်လေး ကြည့်လိုက်၏။

ဘာမှမပြောပေမယ့် ပပ နပ်ပြီးသား။

ပြုံးစိစိလေး ခေါင်းညိတ်ပြကာ…

"စိတ်ချ…ဘာမှမလုပ်ဘူး။ လက်ဖက်ရည်ကြိုက်လို့ သောက်ရုံသောက်မှာ"

ညို ဘာမှမပြောတော့။ လုပ်စရာရှိသော စာရင်းဇယားများကိုသာ ဆက်လုပ်နေလိုက်၏။





ပပတို့ထွက်သွားပြီး တစ်နာရီလောက်အကြာမှာ ပြန်ရောက်လာကြ၏။

သိချင်ပေမယ့် ညို စိတ်မဝင်စားဟန်နေလိုက်လေသည်။

ယမုံက ပုခုံးလေးတွန့်ကာ…

"ဟွန်း…မလွယ်ဘူးဟဲ့၊ တင်းသလားမမေးနဲ့။ သူ့မျက်နှာက အလကား လာတောင်းတဲ့လူကို ကြည့်သလို ကြည့်တာ။ အဲဒါတောင်မှ ဆိုင်က စည်လိုက်တာဟာ၊ စားပွဲလွတ်တောင် မရှိဘူး။ လေးယောက်ပိုင်းတစ်ခုမှာ တစ်ခြမ်းစီထိုင်ရတယ်။ ပြောမယ့်သာပြောရတာပါ။ သူ့ဆိုင်က လက်ဖက်ရည်အရသာလေးက ကောင်းတော့ လူကျတော့မှာပေါ့။ အများစုကတော့ အမျိုးသားတွေလေ။ အလုပ်ကိစ္စတွေ ညှိနှိုင်းဆွေးနွေး အရောင်းအဝယ်တည့်သွားတာတွေ လည်းရှိရဲ့။ ဒါပေမယ့် အဲဒီပုဂ္ဂိုလ်က မိန်းကလေးတွေကိုသာ ရှုဟည်ကြီးနဲ့ တင်းတာ။ သူတို့ယောကျ်ားအချင်းချင်းတော့ ရယ်မောပြောဆိုလို့ဟဲ့။ ရယ်လိုက်ရင် အရမ်းကြည့်ကောင်းတဲ့လူ သိလား"

"ယမုံ"

ညို နားကြားပြင်းကတ်လာဟန်ဖြင့် ခေါ်လိုက်ပြီးမှ မဲ့ပြုံးလေးပြုံးကာ…



www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်ကို အဲသလောက်အထိ မစပ်စုနဲ့သိလား၊ သိက္ခာကျတယ်။ မရှက်ဘူးလား"

"ဘာလို့ရှက်ရမှာလဲ၊ အဟဲ…ငါနဲ့ ပပလေ ခင်ရမလား လို့ သူ့ကို ပြုံးပြလိုက်သေးတယ် သိလား"

"ပေါ့ရဲလိုက်တာဟာ ဒုက္ခပါပဲ"

"အံမယ်…ကိုယ့်လူ ကြောင်သွားတယ်ဟဲ့။ မပြုံးပြဘဲ တစ်ဖက်လှည့်သွားတယ်လေ၊ မှတ်ကရော"

ညို ရယ်ချင်သွားပေမယ့် ပပကို မျက်စောင်းသာ ထိုးလိုက် မိ၏။

ထိပြီဟုတ်လား။ အလကားအပိုတွေ။

ပပက…

"ကျန်သေးတယ်ဟဲ့"

"ဟင်…ဘာလဲ"

"ဒီတစ်ခါ ငါ ပြန်ရစ်ခဲ့တာလေ ညိုရဲ့၊ ဘယ်ရမလဲ"

"ဟင်…ဘယ်လို"

"ပိုက်ဆံရှင်းတော့ စားပွဲထိုးလေးက ကောင်တာမှာ သွား ပေးတာ။ အနုတ်တွေ ပြန်အမ်းပါရောလား"

"အင်း…ဘာဖြစ်လဲ"





"အဟင်း…ဟင်း၊ ငါတို့က ပိုက်ဆံတွေကို တစ်ချပ်ချင်း သေသေချာချာကို ရွေးတာ အစွန်းအထင်းရှိတာ၊ အနားလေး ပြဲနေတာ၊ အမှတ်အသားတွေ ခြစ်ထားတာ လုံးဝမယူဘူးလေ"

"ဟုတ်လား…ဒီတော့"

"စားပွဲထိုးလေးတော့ ချည်ငင်သလို သွားလိုက်လာလိုက် ခြေထောက်ညောင်းအောင် ငါတို့ ဂျီးများပစ်လိုက်တာပေါ့။ နောက်ဆုံး အသစ်စက်စက်ကလေးတွေ ပြန်အမ်းတော့မှ 'ကျေးဇူး' လို့ အဲဒီပုဂ္ဂိုလ်ကို လှမ်းပြောတော့ မျက်စောင်းလှမ်းထိုးတယ်တော့ ခစ်…ခစ်"

"ကောင်းတယ်…နင်တို့က သွားတာကိုး"

ညို မကျေမနပ်လေး ထောပနာပြုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ညို"

"ဟင်"

ခေါ်သံနှင့်အတူ ဘွားကနဲရောက်လာသော ကိုကျော်မင်း

ထွန်းကို ညို စိတ်ရှုပ်သွားရစွာ ကြည့်ရင်း ပြောလိုက်၏။

"ဩော် . . . အိမ်ထဲ့ငြင်းလေ၊ အထဲမှာ မေမေရှိတယ် ကိုကျော်မင်းထွန်း"

"ကိုယ် . . . ညို့ဆီလာတာပါ၊ ပြောစရာ နည်းနည်းရှိလို့"

"ရှင်"

ညို တကယ်ပင် စိတ်ပျက်သွားမိ၏။





ညိုကလည်း ညို။

ရာသီဥတုပူသဖြင့် အောက်ဆင်းကာ တရုတ်စကားပင်ကြီး အောက် ခုံတန်းလေးပေါ် ထိုင်ရင်း စာအုပ်ဖတ်နေမိ၏။

ငှားထားသော မဂ္ဂဇင်းက ပြန်ပေးချိန်တန်ပြီမို့ စိတ်နှစ်ကာ အေးအေးဆေးဆေး ဖတ်နေမိသဖြင့် ရုတ်တရက် ရောက်လာသော ကိုကျော်မင်းထွန်းကို သတိမထားမိခြင်းပင်။

ခုတော့ ညို ရှောင်လွှဲ၍မရသည့်အတူ ရင်ဆိုင်ရုံသာ။ စိတ်ကို တည်ငြိမ်အောင်ထားရင်း ညို ဟန်မပျက်ပြောလိုက်၏။

"ဘာများလဲ ကိုကျော်မင်းထွန်း"

ကျော်မင်းထွန်းက ခုံတစ်ဖက်စွန်းမှာ အသာဝင်ထိုင်လိုက်ပြီးမှ . . .

"ကိုယ် . . . ညိုနဲ့ ဆွေးနွေးစရာရှိလို့ပါကွာ"

"ဆွေးနွေးစရာ"

"ဟုတ်တယ် ညို၊ ရှင်းရှင်းပြောရရင် ညို့ကို ကိုယ် စိတ်ဝင်စားတယ်။ လက်ထပ်ချင်တယ်လေ"

"ဒါပေမယ့် . . . ညို့မှာ"

"ကိုယ် ကြားပြီးပါပြီ၊ အန်ကယ်ပြောတယ်။ ညို့မှာ ချစ်သူရှိတယ်တဲ့ . . . အဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ကိုကျော်မင်းထွန်း"

"ညီ့ ညာတယ် မဟုတ်လား"

"ရှင်…အို…မဟုတ်တာ၊ ဒါ ညာစရာလား။ ရှိလို့ ရှိတယ်ပြောတာပေါ့"

"အဟင်း…ညီ့ရာ၊ အဲဒါကို အန်ကယ် ယုံတယ်ထင်လား"

"ဟင်"

"ကိုယ်လည်း မယုံဘူး၊ တကယ်မရှိတာကို ညီ့ ညာနေတာ အသိသာကြီးပဲကွာ"

"ရှင်က ဘာသက်သေ အထောက်အထားတွေနဲ့ ပြောနိုင်ရတာလဲ၊ ကဲ…ကာယကံရှင်ကိုယ်တိုင်က ချစ်သူရှိပါတယ်လို့ ပြောနေတာကို"

"ဟုတ်လား…ဒါဖြင့် ညီ့ကရော ဘာသက်သေအထောက် အထားပြနိုင်လို့လဲကွာ။ အဲဒီလူရဲ့နာမည်၊ အလုပ်အကိုင်နဲ့ လိပ်စာ ပြောနိုင်မလား။ ကိုယ် အခုချက်ချင်း စုံစမ်းမယ် ဘယ်လိုလဲ ညီ့"

"ဟင်"

ညီ့ မျက်နှာကွက်ကနဲ ပျက်တော့၏။

ကျော်မင်းထွန်းက သဘောကျစွာပြုံး၍…





"ဖြစ်ရလေ ညီ့ရာ၊ ညာတယ်ဆိုရင်လည်း မင်သေသေနဲ့ ပိပိရိရိလေး ရှိရတယ်ကွ။ အဟင်း…ခုတော့ ဖုံးလည်းဖုံး၊ ပေါ်လည်း ပေါ် ဖြစ်နေပြီ"

ညီ့ ဘာပြောရမှန်းမသိဘဲ ဦးနှောက်ထဲ အပြေးအလွှား အဖြေရှာနေမိ၏။

ညီ့ နှုတ်ဆိတ်နေမှုကို ကျော်မင်းထွန်းက အခွင့်ကောင်းယူကာ သူပြောချင်ရာတွေ တတွတ်တွတ် ပြောနေလေသည်။

"ကိုယ်…ညီ့ကို တကယ်ချစ်တာပါကွာ။ ကိုယ်က ကိုယ့် ယှက်တွဲဖော်ကို ညီ့လို ထက်မြက်သွက်လက်တဲ့ မိန်းကလေးနဲ့မှ ယှက်တွဲချင်တာလေ။ ကိုယ့်လို အရည်အချင်းရှိတဲ့ယောက်ျားနဲ့ အမိ ပိုက်နိုင်တာဟာ ညီ့လို မိန်းကလေးမျိုးမှ ဖြစ်မှာ။ အဲဒါကြောင့် ည်း အန်ကယ့်ဆီမှာ ရိုးသားပွင့်လင်းစွာ ကိုယ် ခွင့်တောင်းခဲ့တာ ပေါ့။ အန်ကယ်ကလည်း ကိုယ့်အကြောင်းသိနေတော့ ဝမ်းပမ်း သာကြီးပါပဲကွာ။ လက်ရုံးလို အားကိုးရတဲ့မင်းသား ငါ့သမက်ဖြစ် မှ ဘာပြောစရာလိုသေးလဲကွာတဲ့။ ဒီကိစ္စကို ညီ့ ဘာကြောင့် ပခံနိုင်ရသလဲဆိုတာ ကိုယ့်တော့ နားကိုမလည်နိုင်ဘူးကွာ။ ရဲ့ ညီ့ဟာ အသင့်တော်ဆုံး အလိုက်ဖက်ဆုံး မဟုတ်ဘူးလား။ ာနေလည်း အလကားပဲ သိလား။ ကိုယ် စုံစမ်းပြီးပြီ။ ညီ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကချစ်သူမှ မရှိပါဘူးကွာ။ တကယ်ရှိနေရင် လိပ်စာပေး ဟုတ်လား။ ကိုယ် မေးမယ်၊ နိုင်ငံခြားရောက်နေလည်း E-mail နဲ့ မေးမယ်။ ကဲ…ဘယ်လိုလဲ ညို"

သူ့စကားအရှည်ကြီးကို ဆုံးအောင်နားထောင်ရင်း ညို့ ဦးနှောက်ထဲမှာ အပြေးအလွှား အကြံထုတ်နေမိ၏။

ဖေဖေ့ကို ပြီးပြီးရော ဖြေခဲ့တာ ညို မှားသွားပြီ မဟုတ်ပါ လား။

ကိုကျော်မင်းထွန်းဆိုသည့်လူက ပြောသလို လုပ်မည့်သူပို့ ညို လိမ္မာပါးနပ်စွာ ဖြေရတော့မည်။ ဘယ်လိုဖြေရပါ့။

ဦးနှောက်ကလည်း ဘာအကြံမှ ထွက်မလာ။

ညို အကြပ်ရိုက် အကြံအိုင်နေစဉ် ကိုကျော်မင်းထွန်းက ညို့ကို ပြုံးပြုံးကြီးကြည့်ပြီး ဆက်ပြောနေပြန်၏။

"ပြောပါညို…ကိုယ့်ကို ညို ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါ တယ်။ ကိုယ့်မှာ ညို မကြိုက်နိုင်စရာ ဘာတွေရှိနေလို့လဲ။ အသား ရုပ်ရည်၊ ပညာ အရည်အချင်း၊ ကိုယ့်ကျင့်တရားနဲ့ စာရိတ္တ၊ လုပ်ရ ကိုင်ရည် အားလုံးကို မှတ်ကျောက်အတင်ခံနိုင်တယ်။ သာမန် ယောကျ်ားတစ်ယောက်မှာ အများအားဖြင့် အရက်၊ ဖဲ၊ မိန်းမ… အချက်တွေနဲ့ တစ်ခုမဟုတ်တစ်ခုခုနဲ့ ငြိစွန်းနေတတ်ပေမယ့်





ကိုယ့်မှာ အဲဒါတွေ လုံးဝကင်းရှင်းတယ် ညို။ အချိန်မရွေး အစစ်ဆေး ခံနိုင်တယ်ကွာ။ ညို သိထားဖို့က ကိုယ်ဟာ သာမန်ယောကျ်ား တစ်ယောက် မဟုတ်ဘူး။ ထူးခြား ထူးချွန် အောင်မြင်ထက်မြက်တဲ့ ယောကျ်ားပါ။ ကိုယ့်လို လူကိုမှ ညို မစဉ်းစားရင် ညို့ဦးနှောက်က ပုံမှန်မဟုတ်တော့ဘူး"

"ကိုကျော်မင်းထွန်း"

ညို ဆက်ပြီး သည်းညည်းမခံနိုင်တော့။ ဒီလူ ကိုယ်ရည် သွေးနေတာ ကြာလေ နားထောင်၍မရလေ ဖြစ်နေရလေပြီ။

ပင်ကိုယ်ကပင် စိတ်မြန် စိတ်ဆတ်သူမို့ ညို ဘာကိုမှ ရှည်ရှည်ဝေးဝေး မစဉ်းစားနေတော့ဘဲ ခတ်ဆတ်ဆတ်လေး ဖြတ် ပစ်လိုက်ပြီးမှ ပြုံးပြုံးလေး ပြောလိုက်လေသည်။

"ရှင် မှားနေပြီ ကိုကျော်မင်းထွန်း"

"ဗျာ"

"ရုပ်ချော ပညာတတ်၊ အရည်အချင်းရှိတာယ်ဆိုတိုင်း ညိုက ကြိုက်ရအောင် ရှင့်ကိုယ်ရှင် သိပ်ကို အထင်ကြီးနေပါလား နော်"

"ဘယ်လို ညို"

"ရှင်တော်ပေမယ့် ညို စိတ်မှမဝင်စားတာ။ ရှင့် အရည် အချင်း ထူးချွန်မှုပ်းအစတွေဟာ ညို့အတွက် ဘာမှ မထူးခြားပါဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ညိုက ဘယ်လိုလူကို စိတ်ဝင်စားတယ်တဲ့လဲ… ကိုယ် သိခွင့်ရှိသလား ညို"

*'ရှင့်ကိုမှမဟုတ်ဘူး ကိုကျော်မင်းထွန်းရေ၊ ညို ဘယ… ယောကျ်ားကိုမှ စိတ်မဝင်စားပါဘူး။ စိတ်ကုန်လွန်းလို့ ဘဝတွေ… မှမရှိတဲ့ လွတ်လပ်တဲ့ဘဝကိုပဲ ညို စိတ်ဝင်စားတော့တယ်'*

ဟူ၍ အကယ်၍သာ ညို ထိုသို့ပြောလိုက်ကြည့်…

ကိုကျော်မင်းထွန်းမှတဆင့် ဖေဖေသိသွားကာ ညို… အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောနေတယ်ဆိုပြီး အတင်းအ… လက်ထပ်ခိုင်းမည်မလွဲ။

ဖေဖေနဲ့ညိုသာ ထိပ်တိုက်တိုးကာ ပြဿနာဖြစ်တော့…

ညို လျှပ်တစ်ပြက် အကြံရကာ သွက်လက်စွာပင် … လိုက်လေသည်။

"ရှိပါတယ်…ရှင် သိခွင့်ရှိတာပေါ့"

"ပြောပါဦး ညို"

"အဲဒီလူက ညို့ကို ရင်ခုန်စေနိုင်စွမ်းရှိရမယ်လို့ပေါ့။ … တစ်သက်လုံး ဘဝခရီးဖော်အဖြစ်နဲ့ လက်တွဲသွားရမယ့် ယော… တစ်ယောက်အပေါ်မှာ ညို့ရင်ထဲကကို နှစ်နှစ်ကာကာ လေး… မြတ်နိုးစိတ်တွေနဲ့ ရင်ခုန်လှုပ်ရှားစေနိုင်တဲ့ လူ"





ပြောသာပြောရ ပါးစပ်ထဲ ယားကျိကျိ ရှိသွားရ၏။

တကယ်တော့ အဲဒီစကားတွေက ညို့စကားတွေမဟုတ်။ …ပနှင့် ယမုံတို့ ပြောနေကြစကားပါ။

ခုတော့ ညို ခပ်တည်တည်လေး ပြောလိုက်ပါပြီ။

ညို့စကားကြောင့် ကိုကျော်မင်းထွန်းခမျာ မျက်နှာပင် မသိ…သာ ပျက်သွားရတော့၏။

မချိုပြုံးလေးဖြင့် ပြောလိုက်ပုံက…

"သြော်…ညိုဆိုလိုတာက ညို ကိုယ့်ကို ရင်မခုန်ဘူး …ိုတာလား"

"ဟုတ်တယ်…လုံးဝပါပဲ"

"ဟား…ညိုရာ ပြတ်လှချည်လားကွာ"

ကိုကျော်မင်းထွန်း အခံတော်လေး မခံချိမခံသာ ဖြစ်သွားပုံ…ရ၏။

ဟုတ်သားပဲလေ။

သူ့ကိုယ်သူ လောကမှ ဇမ္ဗူတစ်လူ ယောကျ်ားဟု သွေး…းထင် ရောက်နေသူ မဟုတ်ပါလား။

သူ့လိုလူကို လုံးဝ ရင်မခုန်ပါဆိုလိုက်သော ညို့ကို ကြည့်…ပ် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ညို ဆက်ပြောလိုက်၏။

''ညို ဟန်မဆောင်ချင်လို့ပါ ကိုကျော်မင်းထွန်း။ ရှင့်ကို ဖေဖေ သဘောကျပေမယ့် ညိုမှ မချစ်နိုင်တာ၊ စဉ်းစားကြည့်ပေါ့၊ မချစ်တဲ့လူကို ညို လက်ထပ်ရင် ဒီအိမ်ထောင်ရေး သာယာမှုဆိုတာ ရှိပါဦးမလား။ ရှင့်လို တော်တဲ့ယောက်ျားအဖို့ ဓနီးကောင်း မရှား ဘူးနော်။ ညို့ထက် သာတာပေါ့ အများကြီး ရှင်ရနိုင်ပါတယ်''

''ကိုယ်က ညို့ကိုပဲ လိုချင်တာပါ''

''ဝမ်းနည်းပါတယ်...မဖြစ်နိုင်လို့ပါ''

''ကိုယ် စိတ်မပျက်ပါဘူး ညို။ ဘယ်အချိန်ထိ စော စောင့်ရပါကွာ ရတယ်''

''အို...မစောင့်ပါနဲ့''

''ဘာဖြစ်လို့လဲ ညို''

''ညို့မှာ စိတ်ဝင်စားရမယ့်သူ ရှိနေပါပြီ''

''ဗျာ...ဘာရယ်...ညို''

ညို ဘယ်လိုဖြစ်ပြီး လွှတ်ကနဲ ပြောမိသွားသလဲပင် [illegible] ပါလေတော့။ တောက်တဲ့တွယ် တွယ်မည့် ကိုကျော်မင်း[illegible] အန္တရာယ်ကို ရှောင်ချင်စိတ်ဖြင့် ပြောမိပြောရာ စိတ်ကူး[illegible] ညို ပြောလိုက်မိပြန်ပြီတည်း။



မတတ်နိုင်ပါ။

မဟုတ်လျှင်တော့ ကိုကျော်မင်းထွန်း ပို၍ အတင့်ရဲလာမှာ [illegible]းလှ၏။

ဖေဖေကလည်း မျက်နှာသာပေးထားသူ မဟုတ်ပါလား။ [illegible]ထူးတော့ပါ။ ခပ်တည်တည်သာ လိမ့်ရတော့မည်။

''ဟုတ်တယ်...ညို...သူ့ကို စိတ်ဝင်စားတယ်''

''ဘယ်သူလဲ ညို၊ ဘယ်ကလဲ။ ဒီတစ်ခါသာ ညို ထပ် [illegible]ရင်တော့ အန်ကယ် ခွင့်လွှတ်မှာ မဟုတ်ဘူးနော်''

ညို့စိတ်ထဲ လေးလံတင်းကျပ်သွားရပေမယ့် မျက်နှာ [illegible]ပျက်အောင် သတိထားရင်း ခပ်တည်တည်လေး ပြောလိုက်ရ၏။

''ခုချိန်ထိတော့ ညိုတို့ ပွင့်ပွင့်လင်းလင်း မဖြစ်သေးလို့ပါ၊ [illegible]ပေမယ့် သေချာတယ်။ ညို သူ့ကိုတော့ တကယ် ရင်ခုန်မိပါ [illegible]ယ်''

ကိုယ့်စကားနဲ့ကိုယ် ညို ရှက်သွားရစွာ မျက်နှာပါ မသိ [illegible]နီလာရတော့၏။

'မိုးစက်' ဆိုတဲ့ပုဂ္ဂိုလ်ရေ ရှင့်ကိုတော့ ညို အမြင်ကတ်နေ [illegible]ဟုန့်ဘဲ။ ဒါပေမယ့် ခုတလော ညို ရှင့်အကြောင်း ခဏခဏ [illegible]ဖြစ်နေတာ ဘာဖြစ်လို့ပါလိမ့်နော်။ အဲဒါ ရင်ခုန်တာများလား။



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်မင်းထွန်းကလည်း ညို့မျက်နှာကို စေ့စပ်စွာ အကဲခတ်နေသူပီပီ ညို ရှက်သွေးလေးရဲသွားသောမျက်နှာကို မြင်လိုက်သည်နှင့် သဘောပေါက်ဟန်၊ မျက်နှာ မသိမသာပျက်သွားတော့၏။

မချိပြုံးလေးနှင့် မေးလေသည်။

"ဘယ်သူလဲ ညို"

"မိုးစက်တဲ့...ညိုတို့ ဆိုင်နားက လက်ဖက်ရည်ဆိုင်ပိုင်ရှင်"

ပြောပြီး ညို့မျက်နှာ ရဲကနဲနီ၏။



# အခန်း (၁၂)

"ဟယ်...ညို...နင် တကယ် အဲဒီလိုပဲ ပြောလိုက်တယ်"

ခေါင်းညိတ်ပြမိရင်း ညို့တစ်ကိုယ်လုံး နွေးရှိန်း ထူပူကာ ...နှာကလည်း အလိုလို နီလာရပြန်၏။

ညဥ့်က တစ်ညဥ့်လုံး အိပ်၍ပင်မပျော်။

ညို ပြောမိတာ မှားသွားပြီထင်ပါရဲ့။

ဟိုတစ်ယောက်သာ သိရင် ညို့ကို ဘယ်လောက် အထင်...သွားမလဲဆိုတာ တွေးပင် မတွေးချင်။

သို့သော် မတွေး၍မရ။ တစ်ချိန်လုံး တွေးနေမိကာ၊ လူက ...ိုင်၍ အဆင်မပြေ။



www.burmeseclassic.com

www.burmeseclassic.com



ဖျားချင်သလိုလို၊ ဗိုက်အောင့်ချင်သလိုလို တကယ်ပါ
နေမထိ ထိုင်မသာဆိုတာ ဒါမျိုးပင် ဖြစ်လိမ့်မည်။

မနက်စာစား ကော်ဖီဝိုင်းမှာ ဖေဖေ မရှိ၍ တော်သေး
ဖေဖေ အလုပ်ကိစ္စရှိ၍ ကော်ဖီပင် မသောက်အား
အစောကြီး ထွက်သွားသည်။

မေမေက ကိုကျော်မင်းထွန်းနှင့် ညီ့တို့ ဘာတွေပြော
သလဲဆိုတာကို မေးချင်နေပုံရ၏။

ညီ့ ရိပ်မိသဖြင့် မေမေ မမေးဖြစ်ဘဲနေအောင်ကို တ
စကားတွေ ဖောင်ဖောင်ကျဲကာ ကော်ဖီကိုပင် သွက်သွက်
သောက်၍ ထွက်လာခဲ့ခြင်းဖြစ်လေသည်။

ဆိုင်ရောက်တော့ ပပနှင့် ယမုံကို ရက်ရက်နှင့်ပင်
မျက်နှာနောက်ထား ပြောပြလိုက်ရတော့၏။ ထင်သည့်အ
နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား အံ့သြသွားကြသည်။

မိုးစက်ကို ညီ့ ကြည့်မရ၍ သူ့ဆိုင်ကို လုံးဝမသွား
ပပနဲ့ ယမုံသာ နေ့တိုင်းသွားကာ လက်ဖက်ရည် သွား
သောက်တတ်၏။ ခုတော့ ညီ့အဖြစ်က ငိုရအခက် ရယ်ရအခ
တကယ့်ကို ဇွတီးဇွကျ နိုင်လှပါသည်။

ညီ့မှာ ခုချိန်ထိပင် ပြောရင်းနှင့် ရက်စိတ်က ငယ်





တက်ကာ ထူထူရှိန်းရှိန်းကြီး ရှိနေရဆဲပါ။ ညီ့ အဖြစ်ကိုကြည့်ပြီး
ပပတို့က သနားသွားပုံရ၏။

"အေးဟယ်....နင်ကလည်း ပြောမိပြောရာ ပြောလို့
တော့ပြီးပြီ။ နောက်ပိုင်း ပြဿနာက ဘယ်လိုရှင်းမလဲ"

"အဲဒါကြောင့် ငါ့ကို အကြံလေးဘာလေး ပေးပါဦးဟာ၊
ဘယ်လိုလုပ်ရမလဲ"

"ညီ့"

"ဟင်"

"နင့်စိတ်ကူးထဲမှာ မိုးစက်ဆိုတဲ့လူကို ဘာလို့ သတိတရ
ဆွဲထည့်လိုက်တာလဲဟာ၊ သူနဲ့ နင်က အဆင်ပြေတာလည်းမဟုတ်"

"ပပရယ်...အဲဒီလူက ဘယ်သူနဲ့မှ အဆင်ပြေပုံမရပါဘူး။
မျက်နှာကြီး မော့ချီတင်းထားတာများ တစ်လောကလုံး သူ့လုပ်စာ
ထိုင်စားနေတာကျရော"

"မဟုတ်ဘူး ယမုံ...သူက မိန်းကလေးတွေနဲ့သာ တင်း
တင်းကင်းကင်း နေတတ်တာ။ ယောကျ်ားအချင်းချင်းနဲ့ကျ ဖြောင့်
လို့ဖြူးလို့ ရယ်ရယ်မောမော ရည်ရည်မွန်မွန်ဟာ။ ငါ သတိထားမိတယ်"

"ကဲပါ...အဲဒါအသာထား။ ငါ့ကိစ္စကို ဘယ်လိုလုပ်ရင်
ကောင်းမလဲဆိုတာ စဉ်းစားကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ယမုံနဲ့ ပပတို့ အချီအချပြောနေတာကို စိတ်မရှည်ဟန်ဖြင့် ညို ပြောတော့မှ ပပက…

"အေးပါဟာ…ငါလည်း စဉ်းစားနေတာပါ။ လောလော ဆယ် အနေအထားကတော့…ငါနဲ့ ယမုံ နေ့တိုင်း လက်ဖက်ရည် အချိုမှန် သွားသောက်နေလို့ ဆိုင်ကလူတွေနဲ့ မျက်မှန်းတန်းနေပါ ပြီ"

"ဟုတ်တယ် ညို၊ ဟို…နင့်လူကလည်း ငါတို့ကို သူ့ဆိုင် ဖောက်သည်တွေလို့ နားလည်သွားလားမသိပါဘူးဟာ၊ အရင်က လောက် မျက်နှာထား သိပ်မတင်းတော့သလိုပဲနော် ပပ"

ယမုံစကားကို ပပက ထောက်ခံဟန်ဖြင့်…

"ဟုတ်တယ် ညို…ဟုတ်တယ်၊ နင့်လူ မျက်နှာ ရှစ်ခေါက် မချိုးတော့ဘူး"

"ဘာ နင့်လူလဲ … နင်တို့နော် ငါ စိတ်ညစ်နေတယ်"

"ဒီလိုလုပ်ရအောင်"

"ဘာလဲ ပပ"

"ချွေးနွေးကြည့်မယ်ဟာ၊ နင့် အခက်အခဲကို ကူညီ… ဖို့ပေါ့။ ဟို…အငှား ရည်းစားအဖြစ်နဲ့ သရုပ်ဆောင်ပေးပါ… မကောင်းလား"





ပပစကားကြောင့် ညို လဲသေချင်လောက်အောင် စိတ်ညစ် သွားရ၏။ ငိုမဲ့မဲ့နှင့်…

"ပပရယ်…ငါက…သူ့ကို ဘယ်လိုမျက်နှာနဲ့ သွားပြော ရမှာလဲလို့။ သေပဲ သေလိုက်ချင်တယ်ဟာ။ တကယ်ပါပဲ"

"အေးလေ…နင်ကိုယ်တိုင်တော့ မပြောပါနဲ့။ ငါတို့ ပြောပေးမယ်လေ ဟုတ်လား"

"နင်တို့"

"အင်း"

"ဖြစ်ပါ့မလားဟာ၊ တော်ကြာ အော်လွှတ်တော့မှ အရှက် ကွဲနေပါဦးမယ်"

"မီးစင်ကြည့်ကရမှာပေါ့ ညိုရယ်"

"ဟုတ်တယ် ညို။ နင့်ဖေဖေနဲ့ ကိုကျော်မင်းထွန်းကလည်း …ကိစ္စကို ဟုတ်မဟုတ် စုံစမ်းတော့မှာ အသေအချာပဲ"

"နင်တို့ ဘယ်လိုပြောမလဲ ဟင်"

"အင်း…ဘယ်လိုပြောရင် ကောင်းမလဲ"

"သူ မနစ်နာစေရပါဘူးဟာ။ ဘာမှ မလုပ်နိုင်ဘူး။ …ချ။ ငါချစ်သူလို့သာ တစ်ခွန်းတည်း ပြောပေးရုံပါပဲ"

"ညိုရယ်…ကိစ္စက အဲ့သလောက် လွယ်မလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"နင့်ဖေဖေက ဗျူးကို ဗျူးမှာ။ သူ့သမက် ဖြစ်ထိုက်မထိုက် ကောစိပ်စိပ်နဲ့ကို စစ်မှာ သိရဲ့လား"

"အင်း…ဟုတ်တယ် ပပ၊ ဘယ်လိုလုပ်မလဲ"

"နေဦးဟာ…ငါလည်း အရင်တီးခေါက်ကြည့်ဦးမယ်။ ယမုံ…လာ…၊ ငါတို့ ခုပဲ လက်ဖက်ရည် သွားသောက်ရအောင် ဟာ"

"အေး…ကောင်းတယ်"

"ပပရယ်…ငါတော့ မျက်ခုံးလှုပ်နေပြီဟာ"

"နင်…ဘုရားစာရွတ်ပေးနေနော် ညို အဟဲ"

ရယ်ကျဲကျဲ ပြုံးစိစိလေးနောက်က ပပတို့ ထွက်သွားပေ မယ့် ညို တကယ်ပင် ခြေဖျားလက်ဖျားတွေပင် အေးလာရက ဘုရားစာများကို တတွတ်တွတ် ရွတ်နေမိတော့၏။

ပပနှင့် ယမုံလည်း အိပ်မက်ရှိရာ လမ်းလျှောက်လာခဲ့ကြ ၏။

ကံကောင်းချင်၍လားမသိပါလေတော့။ မိုးစက် တစ် ယောက် အပြင်သွားဟန်ဖြင့် ဆိုင်ထဲမှ ထွက်အလာ ပပတို့နှင့် ဆိုင် မျက်နှာစာရှေ့မှာကို ဆုံကြပါလေ၏။



ယမုံက တိုးတိုးလေး ပြောလိုက်သည်။

"ဟဲ့…ပပ၊ ဟိုမှာ နှုတ်ဆက်လိုက်ရအောင်"

"အင်း"

မိုးစက် အနားရောက်သည်နှင့် ပပက…

"မင်္ဂလာပါ…ကိုမိုးစက်။ အပြင်ထွက်မလို့လားဟင်"

ပြုံးပြုံးလေး ခါးညွတ်နှုတ်ဆက်လိုက်သော ပပ အသံကြောင့် မိုးစက်မှာ ရုတ်တရက် ကြောင်တက်တက်လေး ရှိသွားရရှာ မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

ဒါကို ယမုံကလည်း အညံ့မခံ။

"မှတ်မိပါတယ်နော်။ အိပ်မက်ရဲ့ လက်ဖက်ရည်ကို နေ့ တိုင်း လာအားပေးနေတဲ့ ဖောက်သည်တွေလေ၊ မင်္ဂလာပါရှင်"

မိုးစက် ပို၍ စိတ်တိုသွားရရှာ ဘုဆတ်ဆတ်လေး မေးလိုက် ၏။

"ဘာသဘောလဲ"

တုံးတိတိကြီးမေးသံနှင့်အတူ မျက်နှာထားကလည်း မှုန် တင်းတင်း။ ပပက အပြုံးမပျက် ပြောလိုက်၏။

"ဟင့်အင်း…ဘာသဘောမှ မဟုတ်ပါဘူးရှင်။ ခင်မင် ချင်လို့ပါ…အဟင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပဲ"

"ရှင်"

"မလိုဘူး…ခင်မင်စရာမလိုဘူး။ ခင်ဗျားတို့ လက်ဖက်ရည်ကြိုက်ရင် လာဝယ်သောက်နိုင်တယ်။ ကျုပ်ကို ရှုပ်ရှုပ်ယှက်ယှက်တွေ လာပြောစရာမလိုဘူး…ဟုတ်လား"

စကားအဆုံး ချာကနဲ လှည့်ထွက်သွားတော့ ပပမှာ လျှာလေးတစ်လစ်နှင့် ကျန်ခဲ့တော့၏။

ဆိုင်ပြန်ရောက်တော့ မျှော်လင့်မျက်ဝန်းများဖြင့် စိုးရိမ်နေသော ညီ့ကို ယမုံနှင့် ဇာတ်တိုက်ထားသည့်အတိုင်း ပပ ပြောလိုက်လေသည်။

"အိုကေတယ် ညီ။ သူ သဘောတူတယ်တဲ့။ နင်ပြောသလိုပဲ သူလည်း ရှင်းတယ်၊ နာမည်ခံပေးရုံပဲနော်။ သူ ဘာမှလုပ်မပေးနိုင်ဘူးတဲ့။ ကဲ…အဆင်ပြေမလား"

"ကျေးဇူးပါပဲ…ပပရယ်"



## အခန်း (၁၃)

BURMESE CLASSIC .com

"ဟင်"

မိုးစက် မျက်မှောင် မသိမသာကြုတ်သွားရ၏။

လူတစ်ယောက် သူနှင့်ရွယ်တူ မဟုတ်လျှင်တော့ အနည်းငယ် အသက်ကြီးမည့် လူရွယ်တစ်ယောက် အသားညိုညို အရပ်မြင့်မြင့် စတိုင်ဖြောင့်ဖြောင့်နှင့် မနက်တိုင်း လက်ဖက်ရည် လာလာသောက်နေတာ မိုးစက် သတိထားမိ၏။

သတိထားမိသည်ဟု ဆိုရလောက်အောင် အနည်းငယ် ထူးခြားနေ၍ဖြစ်သည်။

လက်ဖက်ရည်ကြိုက်သူ အတော်များများ အိပ်မက်သို့ လာသောက်တတ်ကြပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သာမန်ဆိုလျှင်တော့ လက်ဖက်ရည်သောက်ရန် တစ်ခု တည်းသောရည်ရွယ်ချက်နှင့် လာကြသလို…

လုပ်ငန်းကိစ္စလေးတွေ ဆွေးနွေးညှိနှိုင်းလိုသဖြင့် လာကြ သူတွေလည်းရှိ၏။

ထိုသို့သော လူများဆိုပါလျှင် မိုးစက်အကွက် ဘာမှ မထူး ခြားပါ။ သူလို ကိုယ်လို ဘာသိဘာသာပင်။

လူကျလွန်းသော အချိန်မျိုးတွေမှာတော့ မိုးစက်လည်း ငြိမ်ထိုင်နေ၍ မဖြစ်တော့။

ဖိုးတာတို့လိုပင် လိုအပ်သော ဝိုင်းများဆီ ထောင့်စေ့အော ကြီးကြပ်ညွှန်ကြားရသာမက၊ ကိုယ်တိုင် စားပွဲထိုးလုပ်ရတာမျိုး လည်း ရှိ၏။

မိုးစက်၏ စိတ်ဓာတ်ကိုက အလုပ်ရှင် အလုပ်သမား ခွဲခြ ဆက်ဆံမှု မရှိပါ။

မိသားစုပုံစံ စည်းလုံးနွေးထွေးစွာ တက်ညီလက်ညီ လုပ်ကိုင်တတ်သဖြင့် အလုပ်သမားတွေက မိုးစက်ကို အလွန်ချစ် ကြ၏။

အဖျော်ဆရာ ကိုအေးကပင် သူ့ကို ပြုံးစိစိပြောယူရ အထိ။





"ငါတို့သူဌေးကလည်း ဂိုက်တွေ ဆိုက်တွေ မရှိပါလား ဗျာ။ စတိုင်လေးနဲ့ နေစမ်းပါ ဆရာလေးရာ"

"ကျွန်တော် ဒီလိုပဲ နေတတ်တာ ကိုအေးရာ"

သူ ပြုံး၍ပြောလျှင် ကိုအေးက ခေါင်းတညိတ်ညိတ်ပြုံး ၏…

"သိပါတယ်ဗျာ…ဆရာလေးက တစ်မျိုးပဲ။ ယောကျ်ား ချောင်းချင်းကျ ရယ်မောပြုံးရွှင် မျက်နှာချိုသလောက် မိန်းကလေး ကျ တင်းသလားမမေးနဲ့၊ အဆန်းပဲ။ ပြောင်းပြန်ကြီးပါလား"

"အဲဒါလည်း…ကျွန်တော် နေတတ်သလိုနေတာလေ"

မပြုံးမရယ် သူပြောတော့ ကိုအေး အတွန့်မတက်ရဲတော့။

မှန်ပါသည်။ သူ့အဖို့ လက်ဖက်ရည်လာသောက်သူများ ဖော်ရွေရည်မွန်မှုများဖြင့် ပြောဆိုဆက်ဆံရသည့်တိုင် မိန်းကလေး ဆိုလျှင် သူ သိပ် ဂရုမစိုက်ပါ။

တိကျစွာပြောရလျှင် ဂရုကို မစိုက်တတ်ချေ။ သူ့စိတ်က ပြတ်၏။

မိန်းကလေးတွေကို သူ အလေးမထားသဖြင့် သူ့ဆိုင် …ကျရုံမက ပိတ်ရချင် ပိတ်ရပါစေ၊ သူ မမှုပါ။

ခပ်တင်းတင်းသာနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင်မှ တစ်နေ့က ဆိုင်ရှေ့မှာ မင်္ဂလာပါဆိုပြီး လာ...
သော နှစ်ယောက်ကို ဝေါက်လွတ်ရသေး၏။

ထိုနှစ်ယောက်ကိုတော့ သူ ကောင်းကောင်းမှတ်မိ၏။

သုံးယောက်လာသောနေ့က ပန်းကန်ကျကွဲအောင် ...
လုပ်သော တစ်ယောက်ကို သူ ငါးထောင် အလျော်သူပစ်လိုက်သ...

အဲဒီကတည်းက ထိုတစ်ယောက် ပေါ်မလာတော့။

နှစ်ယောက်သာ နေ့တိုင်းလာ၏။

မျက်မှန်းတန်းမိသော်လည်း သူ အသိအမှတ် ပြုပ...
သဘောမထားပေ။ ဘာသိဘာသာပင်။

လာနေကျ ဖောက်သည်ပေမယ့် မိန်းမတွေမို့ သူ ...
မရ။ မလာလည်း အကြောင်းမဟုတ်ဟူသော သဘောဖြင့် ...
မာပင်။

ထိုနှစ်ယောက်ကတော့ လက်ဖက်ရည်ပဲ စွဲနေသ...
ပုံမှန်လာမြဲ။ ခုတော့ နောက်လူတစ်ယောက်ကို သူ သတိ...
၏။

ဆိုင်ထဲ ဝင်လာကတည်းက ထိုလူ၏ မျက်...
တစ်ဆိုင်လုံးအနှံ့ ပုလိပ်စစ် စစ်မည့်မျက်လုံးများဖြင့် ...
တတ်၏။





အဆိုးဆုံးက သူ့ကို ခပ်တည်တည် စိုက်ကြည့်တတ်သော
မျက်ဝန်းများကို သူ မကြိုက်။

တစ်ခါမှလည်း မြင်ဖူး သိဖူးခြင်းမရှိသော လူတစ်ယောက်
... မိမိကို တရားခံစစ် စစ်သလို လေ့လာအကဲခတ်နေသော
မျက်လုံးတွေကို သူ ဘဝင်မကျ။

ဘာကြောင့်လဲ။

ဘာသဘောလဲ ဆိုတာ မခံချင်စိတ်လေးဖြင့် သူ သိချင်နေ
...။

လက်ဖက်ရည် တစ်ခွက်ကို စိန်ပြေနပြေ သောက်ရင်း
...ကို ပသိမသာရော၊ သိသိသာသာကြီးပါ စုံထောက်နေသော
...ကို ဘာမှန်းမသိဘဲ သူ အမြင်ကတ်လာရ၏။

လက်ဖက်ရည်လာချပေးသော ဖိုးတာကိုလည်း မေးနေတာ
...ဖြင့် ထိုလူ ထွက်သွားတော့မှ ဖိုးတာကို သူ ခေါ်မေးရ၏။

"ဖိုးတာ ခုနတုန်းက လူ မင်းကို ဘာတွေပြောနေလဲ"

"ဟို ဘောင်းဘီရှည်နဲ့ စတိုင်ကျကျလူလား အစ်ကို"

"...င်း"

"...စ်ကို့နာမည်ကို မေးတာ"

"...တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီဆိုင်ပိုင်ရှင်နာမည် ဘယ်သူလဲ။ ကောင်တာမှာ ထိုင် နေတဲ့လူလားတဲ့"

"ဒီတော့ မင်းက"

"အစ်ကိုနာမည် မိုးစက်၊ ကောင်တာမှာရှိနေတဲ့လူပဲ ကိစ္စရှိလားလို့ မေးတော့…မရှိပါဘူးကွာတဲ့။ လက်ဖက်ရ ကောင်းလွန်းလို့ မှတ်ထားတာပါတဲ့။ တခြားလူတွေကို ညွှန် အောင်တဲ့"

BURMESE CLASSIC .com

"အဲဒါ မင်းယုံလား ဖိုးတာ"

"ဗျာ"

"တစ်ခုခုပဲ"

"ဟုတ်တယ် အစ်ကို။ တစ်ခုခုတော့ တစ်ခုခုပဲ"

ထိုတစ်ခုခုပဲဆိုတာကို နောက်တစ်နေ့မှာ သူ သိလိုက် ဖြစ်ပုံက လူကျနေသဖြင့် မိုးစက်ကိုယ်တိုင် စားပွဲဝိုင်း ကို လက်ဖက်ရည်တွေ ထောင့်စေ့အောင် ရောက်မရောက် ကြီး နေစဉ် ထိုပုဂ္ဂိုလ် ရောက်လာပြီး…

"ခင်ဗျား…မိုးစက်နော်"

"ဟုတ်တယ်…ကိစ္စရှိလား"

မိုးစက် ပုံမှန်မျက်နှာထားဖြင့်ပင် မေးလိုက်၏။





ကိုယ့်ဆိုင်ကို လာအားပေးသောက်သုံးသူတစ်ယောက်ဖြစ် ၍ရော၊ ယောက်ျားဖြစ်နေ၍ပါ စိတ်ကို အတတ်နိုင်ဆုံး ရှည်ရှည် လေး ထားလိုက်၏။

ထိုလူကလည်း မိုးစက်ကို စူးစူးလေးကြည့်ကာ…

"ခင်ဗျားနဲ့ ဆွေးနွေးစရာလေးရှိနေလို့ ဖြစ်မလား"

"ဖြစ်တာပေါ့…ပြောပါ။ ဘာများပါလိမ့်"

ထောင့်ကျကျ စားပွဲတစ်ခုမှာ ဝင်ထိုင်ရင်း ထိုလူက…

"ကိုယ့်နာမည် ကျော်မင်းထွန်း၊ အင်ဂျင်နီယာဆိုပါတော့။ ဦးမြတ်သင်းရဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ အားထားရတဲ့ လက် ရုံးဆိုလည်း မမှားဘူးပေါ့"

"အဲဒီတော့"

"အဲဒီတော့ ဦးမြတ်သင်းက ကိုယ့်ကို ညီမနဲ့ လက်ဆက် ပေးချင်တဲ့ဆန္ဒ ရှိတယ်ကွာ"

"အဲဒါ ကျုပ်နဲ့ ဆိုင်နေလား"

"မဆိုင်ဘူးလား"

"ဘာကိုပြောနေတာလဲ"

"ဆိုင်…မဆိုင်တော့မသိဘူး။ ညီမက ကိုယ့်ကို ငြင်းနေ တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူ တကယ်ပင် ဦးနှောက်ခြောက်သွားရ၏။

ဘာတွေလဲ…ဘယ်ကညီလဲ။

ကင်းကင်းရှင်းရှင်းနေပါတယ်ဆိုနေမှ တစ်ခါမှ မကြ ဘူးသော နာမည်တစ်ခုက သူ့ကို ခိုးလိုးခုလု ဖြစ်စေလေပြီ။

ညီတဲ့ တစ်ခါမှကို သူ မကြားဘူးပါ။ ဒီနာမည်က သူ့ ရှုပ်ရှုပ်ယှက်ယှက် ဘာပြဿနာတွေ သယ်လာပြီလဲ မသိပါ။

သြော်…မိန်းမတွေများ အင်မတန် ကြောက်စရာကော ပါလား။ ခုပင်ကြည့်။ သူ့မှာ ဆွမ်းခံရင်း ငှက်သင့်လေပြီ။

စိတ်ကလည်း တိုလာရ၏။

ထို့ကြောင့် ထိုလူကို သူ ခပ်တည်တည်လေးကြည့် ပြောလိုက်၏။

"ဒီမယ်…ခင်ဗျား အခုလာပြောနေတဲ့စကားတွေကို ကျ ဘာမှ နားမလည်ဘူး။ ကျုပ်နာမည် မိုးစက်။ မိန်းမဆိုရင် တောင်မှ အသန်းမခံနိုင်တဲ့ကောင်။ ခင်ဗျားပြောတဲ့ ညီတွေ ကျုပ် မသိဘူး၊ ဟုတ်လား။ ဒီကိုလာပြီး ကျုပ်ကို ဒါတွေ ဆိုရင် ခင်ဗျား အချိန်တွေ အရမ်းနှမျောစရာကောင်းနေပြီ၊ စိ ကျုပ် ဘယ်မိန်းမနဲ့မှ မပတ်သက်ဘူး ဟုတ်လား"





"ဟင်"

ကျော်မင်းထွန်း မျက်နှာပေါ်မှာ အရိပ်အမျိုးမျိုး ဖြတ်သွား ရ၏။

မိုးစက်ကို ကြောင်တက်တက်လေး ကြည့်နေမိရာမှ မယုံ ိုင်ဟန်ဖြင့်…

"ခင်ဗျား…တကယ်ပြောနေတာလား"

မိုးစက် စိတ်ပျက်ဟန် ခေါင်းရမ်းကာ…

"ခက်နေပြီ…ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့ ား ဖြစ်နေပြီ၊ ကျုပ်က ဘာကိစ္စ ညာရမှာလဲ။ ရှုပ်ရှုပ်ယှက်ယှက်ဗျာ၊ ိန်းမဆိုတာ မဟုတ်ဘဲနဲ့ကို အတော် ပစိပစပ်များပါလား။ အဲဒါ ိန်းမသဘာဝ ထင်တယ်။ …ဟွန်း…"

ကျော်မင်းထွန်း ဆတ်ကနဲထကာ သူက လက်တစ်ဖက်ကို ခါလိုက်ပြီးမှ…

"ဆောရီးကွာ…ကိုယ်မှားသွားတယ်။ ကိုယ် အညာမိသွား ယ်။ ကျေးဇူးပဲကွာ"

"ရပါတယ်…ခင်ဗျားကိုကြည့်ပြီး ဒေါသနတစ်ခု တိုးလာ ယ်ပေါ့ဗျာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေဟာ လိမ်ညာဘို့လည်း ဝန်မလေးပါလား ဆိုတာပေါ့"

"ဟုတ်တယ်…ဟုတ်တယ်"

"နေပါဦး…အဲဒီကိစ္စမှာ ကျုပ်က ဘယ်လိုများ ပတ်သ… နေလို့လဲ။ ပြောစမ်းပါဦး"

သူ့အမေးကို ကျော်မင်းထွန်းက မဖြေ။ ပြုံး၍ပြောလိုက်…

"မသိချင်ပါနဲ့တော့ကွာ။ ခင်ဗျားအကြောင်းသိလို့ တ… ပြောလိုက်တာပဲ ဖြစ်မယ်။ တကယ်တော့ သူလည်း ထက်မြက်… မိန်းကလေးတစ်ယောက်ပါပဲ။ ကိုယ့်ကို ငြင်းချင်လို့ အကြောင်း… ချက်တစ်ခုအနေနဲ့ ခင်ဗျားနာမည်ကို အလွယ်သုံးလိုက်ပုံရတ… ခင်ဗျား သူ့ကို မသိဘူးဆိုတာ သေချာသွားပြီ။ ကိုယ့်ဇနီးလော… သိက္ခာအတွက် ကိုယ် မပြောပါရစေနဲ့တော့၊ ဟုတ်လား။ ကျေး… သွားမယ်"

ကျော်မင်းထွန်း ထွက်သွားတော့မှ မိုးစက် မကျေ… ရေရွတ်လိုက်၏။

"ပြဿနာမ…သိရင်တော့လားကွာ"



BURMESE CLASSIC .com

## အခန်း (၁၄)

စားပွဲပေါ်မှ မြည်လာသောဖုန်းကို ဦးမြတ်သင်း ကောက်ယူ နားထောင်လိုက်၏။

"အမိန့်ရှိပါ…မြတ်သင်း ပြောနေပါတယ်"

"ဦးမြတ်သင်း…ကျုပ် မျိုးဇော်ပါ"

"ဩော်…ကိုမျိုးဇော်…ပြော"

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျာ"

"ဗျာ…ကိုမျိုးဇော် ဘာကိုပြောနေတာလဲ"

"ဘာပြောရမလဲဗျာ၊ ကျုပ်ဝယ်ဖို့ တော့ဆိုင်ထားတဲ့ အိမ်ကို ခင်ဗျားလူ ရောင်းလိုက်ပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

"ခင်ဗျား မသိဘူးဟုတ်လား…ထင်သားပဲ"

"နေ…နေပါဦး ကိုမျိုးဇော်။ အဲဒီကိစ္စ ကိုယ် ကျော်မင်းထွန်းနဲ့ မတွေ့သေးလို့ မေးပါရစေဦးဗျာ၊ ဟုတ်လား"

"မေးလည်း အပိုပဲ ကိုမြတ်သင်း။ ကျုပ်က ခင်ဗျားကို စိတ်ချနေတာ အလကားပဲ။ ကျော်မင်းထွန်းက ခင်ဗျားထက် အဓိက ကျနေတာကိုးဗျာ။ တော်ပြီ…ကျုပ် တခြားမှာပဲ ရှာယူတော့မယ်"

"ဟာ"

တစ်ဖက်မှ စိတ်ဆိုးမာန်ဆိုး ဖုန်းချသွားလေပြီ။

ဦးမြတ်သင်း ငိုင်တွေတွေလေး ဖြစ်သွားရတော့၏။ အိမ်ရာ ပရောဂျက်လုပ်ငန်းတွေ တစ်ခုပြီးတစ်ခု တည်ဆောက်ပြီး ပြန်လည် ရောင်းချနေသောသူ့အဖို့ ကျော်မင်းထွန်းကို အားကိုးစိတ်ချစွာ တိုင်ပင်အကြံယူကာ လုပ်ပိုင်ခွင့်တွေလည်း သူ လွှတ်ပေးထားပါသည်။

အဘယ်ကြောင့်ဆိုသော် သမက်လောင်းအဖြစ် ရည်ရွယ်ထားသူမို့ တစ်နေ့နေ့မှာ ဒီလုပ်ငန်းတွေကို ကျော်မင်းထွန်းကပင် ဆက်လက် တာဝန်ယူကာ လုပ်ဆောင်သွားရမည် မဟုတ်ပါလား။

ခုတော့ သူ့အတတ်နှင့် သူ စူးလေပြီ။ ကိုမျိုးဇော်နှင့် သူ ရင်းနှီးသော မိတ်ဆွေတွေ ဖြစ်ကြ၏။





လုံးချင်းအိမ်တစ်လုံး လိုချင်နေသော ကိုမျိုးဇော်ကို သုဝဏ္ဏ ရှိ တစ်ထပ်တိုက်လေးရောင်းရန် စကားဆိုင်ထားပါသည်။

ဒါကို ကျော်မင်းထွန်းလည်း သိနေ၏။

ဈေးမတည့်သေး၍သာ ဆိုင်းငံ့ထားသည့်သဘောမျှရှိနေ၏။ ကိုမျိုးဇော်က သူ့မှာရှိသော အင်အားဖြင့် အခက်အခဲ အနည်းငယ် ဖြစ်နေ၍ အလျှော့အတင်း ညှိနေဆဲဖြစ်လေသည်။

ခုတော့ ကျော်မင်းထွန်း ရောင်းလိုက်ပြီတဲ့။ သူ ဘာမှ မသိရသေးပါ။

မိတ်ဆွေဖြစ်သော ကိုမျိုးဇော်နှင့် သူ မျက်နှာပျက်ရလေပြီ။

သက်ပြင်းလေးချကာ အံဆွဲထဲမှ နောက်ထပ် အသစ် ဆောက်မည့် အိမ်ရာပရောဂျက် စီမံကိန်းဖိုင်ကို သူ ယူထုတ်ကာ လှန်ကြည့်လိုက်၏။

"ဟင်"

သူ ဆတ်ကနဲ ဖြစ်သွားရ၏။

ဘယ်လိုလဲ။ ဒါ သူ အစက ရွေးချယ်ထားသော ပုံစံ မဟုတ် ပါလား။

လှန်လှောကာကြည့်လိုက်တော့ အရင်ပုံစံက အောက်ဆုံး မှာ အချပ်ပိုအဖြစ် နောက်ဆုံးတွဲထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒက်ကနဲ သဘောပေါက်လိုက်၏။

ကျော်မင်းထွန်း ပြောင်းလဲထားတာ ဖြစ်မည်။

တကယ်ဆိုပါလျှင် သူ့ကို ကြိုတင်ပြောဆိုပြီးမှ အပြောင်းအလဲ လုပ်သင့်မှ လုပ်ရမည် မဟုတ်ပါလား။

ခုတော့ ဒီကောင် နည်းနည်းလေးတော့ စည်းကျော် ဘောင်ကျော် လွန်နေပြီ။

မျက်နှာသာပေး ရွှေရေးပန်းကန်တက် ဆိုသလို ဖြစ်နေလေပြီတည်း။

ဘဝင်မကျစွာ ခေါင်းရမ်းမိရကာ သူ စိတ်မပျက်စဘူး စိတ်ပျက်သွားရပါတော့၏။

ဒီသူငယ်ကို သူ အထင်ကြီးထားခဲ့တာ မှားနေပြီကော။

လုပ်ပိုင်ခွင့်လေး နည်းနည်းပေးလိုက်သည်နှင့် သူ့ကို ကျော်ကာ ထင်ရာလျှောက်လုပ်တတ်သော စိတ်ဓာတ်ကို သူ လန့်သွားမိတာ အမှန်ပင်။

မဖြစ်တော့ပါဘူး။ သူပြော့မှ ဖြစ်တော့မည်။ မဟုတ်လျှင် သူ့ကိုပင် ခေါင်းတက်နင်းကာ ထင်တိုင်းကျဲတော့မည်လား မသိပါ။

အရည်အချင်းလေးကို သဘောကျကာမှ ခုတော့ ကိုယ်မွေးတဲ့မြွေ ကိုယ့်ပြန်ခြောက်ဖြစ်နေရ၏။





စောစောစီးစီးလေး သိခွင့်ရသွားတာ သူ ကံကောင်းပါသည်။

မဟုတ်လျှင်တော့ သူ မတွေးရဲပါ။ သူ့အဖြစ်က သမီးပါ ထိုးအပ်ကာ ရှိသမျှ စည်းစိမ်တွေအားလုံး ပုံအောပေးတော့မည့် အနေအထားအထိ ကျော်မင်းထွန်းကို အထင်ကြီးနေသည် မဟုတ်ပါလား။

ခုတော့ တော်ပါသေးရဲ့။

အချိန်မီလေး သူ သိခွင့်ရလိုက်တာကိုပင် ဝမ်းသာနေရ၏။

ဒီသူငယ်နှင့် မဖြစ်တော့ပါ။ လိမ္မာပါးနပ်စွာ ခွာမှဖြစ်တော့မည်။ ကျော်မင်းထွန်းရောက်လာတော့ သူ မေးလိုက်၏။

"မောင်ကျော်မင်းထွန်း ဟို သုဝဏ္ဏက လုံးချင်းတစ်ထပ် ကိုက်လေး ဘယ်လိုလဲကွ"

"ဪ…ကျွန်တော်ရောင်းလိုက်ပြီလေ အန်ကယ်။ ဈေးပိုပေးတဲ့လူကို ရောင်းတာပေါ့"

"ငါ…မသိပါလား"

ဒေါသသံမပါအောင် အတတ်နိုင်ဆုံး လေအေးလေးနှင့် သူ ပြောလိုက်တာကိုပင် ကျော်မင်းထွန်းက အရေးမထားဟန်ဖြင့် သူ့စားပွဲပေါ်မှာ စာရွက်စာတမ်းများ ရှင်းရင်းပြောလိုက်ပုံက…



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…တမင်ကိုပဲ ကျွန်တော် အန်ကယ် မသိအောင် ရောင်းလိုက်တာ"

"ဘာ"

"ဦးမျိုးဇော်ပေးတဲ့ဈေးက နည်းတယ်လေ။ အခုဝယ်တဲ့လူက ကိုယ်ပြောတဲ့ဈေးပေးတော့ ပိုပေးတဲ့လူကို ရောင်းတာပေါ့။ အန်ကယ်သာဆို ဦးမျိုးဇော်ကို ဒီ့ထက်လျှော့ပြီး ပေးဖြစ်မယ်ထင်တယ်။ စီးပွားရေးလုပ်ရာမှာ လူမှုရေးငဲ့နေရင် အလုပ်မဖြစ်တဲ့အပြင် ကိုယ်ပါ နစ်နာသွားမှာ အန်ကယ်ရ။ အန်ကယ့်အနေနဲ့ ဦးမျိုးဇော်ကို မျက်နှာပူရင် ကျွန်တော့်ခေါင်းသာ လွှဲချဗျာ…ဟုတ်လား"

"အင်"

ဦးမြတ်သင်း ပါးစပ်အဟောင်းသား မျက်လုံးအဝိုင်းသား ဖြစ်မသွားရအောင် အတော်လေးကို ကြိုးစားဟန်ဆောင် ထိန်းချုပ်ထားရ၏။

ကြည့်စမ်း…ဒီကောင် ခုကတည်းက ငါ့ကို ကျော်ချင်နေတာပဲလား။ ပြောလိုက်တာများ ပစ်စလက်ခတ်။

မျက်နှာပူရင် သူ့ခေါင်းလွှဲဆိုရအောင် ကိုယ့်အတွက် လူမှုရေးမိတ် ဘယ်လောက်ပျက်သွားရပြီဆိုတာ ကိုယ်သာ နား လည်၏။





ကျော်မင်းထွန်းပုံစံက သူ ဈေးပိုရအောင် ရောင်းပေးထားသဖြင့် သူ့အရည်အချင်းကို သိပြီလားဟူသော စတိုင်ဖြင့် မျက်နှာထားကပင် ခပ်မော့မော့။

စိတ်ကို အတတ်နိုင်ဆုံး လျှော့ကာ ဦးမြတ်သင်းက စောစောက ဖိုင်ကိုဖွင့်ကာ…

"ဒါထက် ဒီ ပရောဂျက်က ဘယ်လိုဖြစ်တာလဲ…မောင် ကျော်မင်းထွန်း"

ကျော်မင်းထွန်း လျှောက်လာကာ သူ့ရှေ့မှာ ရပ်လျက် ပုံစံငယ် ဒီဇိုင်းစာချုပ်ကို ယူကာ ပြောလိုက်၏။

"ဟုတ်တယ် အန်ကယ်။ အဲဒါလည်း ကျွန်တော် အသစ် ပြန်ပြောင်းထားတာ။ အရင်ပုံစံကို သိပ်မကြိုက်လို့ ဒီပုံစံက ပိုပြီး ခေတ်မီတယ်ဟုတ်လား။ အန်ကယ်မြင်တာနဲ့တင် နေချင်စရာ ဒီဇိုင်း ပေါ့။ အန်ကယ် မကြိုက်လို့လား"

"မဟုတ်ပါဘူးကွာ…အရင်ဒီဇိုင်းလေးလည်း လှတာပဲ မဟုတ်လား။ တွက်ချက်မှုတွေတောင် ထွက်ထားတဲ့ ပရောဂျက် တစ်ခုပဲ"

"အန်ကယ့်အနေနဲ့ တွေးတာ မှန်ပေမယ့် ခေတ်နဲ့အညီ လူတွေရဲ့ အကြိုက်ကို စဉ်းစားရွေးချယ်တဲ့နေရာမှာ အန်ကယ့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ယှဉ်လိုက်ရင် ကျွန်တော့်ရွေးချယ်မှုက ပိုပြီး အသုံးတည့်မယ် အန်ကယ်။ အန်ကယ့်ကို ခေတ်မမီဘူးလို့ ပြောတာမဟုတ်ဘူးနော်။ ခေတ်နဲ့အညီ စဉ်းစားရာမှာ လူကြီးနဲ့ လူငယ် အိုင်ဒီယာချင်း ကွာသွားပြီလေ''

ဦးမြတ်သင်း မျက်နှာကွက်ကနဲ ပျက်၏။ ကျော်မင်းထွန်းက မသိဟန်ပြု၍ ဆက်ပြောလိုက်၏။

''ကျွန်တော် ပြောတာကို အန်ကယ် လက်ခံနိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ တစ်နေ့ ဒီလုပ်ငန်းတွေကို ကျွန်တော်ပဲ ဆက်ခံ ဦးဆောင်ရမှာဆိုတော့ ခုကတည်းက အရှိန်ယူထားတဲ့ သဘောပါ''

စကားထဲက ဇာတိပြလေပြီ။

ဦးမြတ်သင်း ပြုံးလိုက်ပြီးမှ အေးဆေးစွာ ပြောလိုက်၏။

''အေးကွာ…မောင်ကျော်မင်းထွန်း၊ မင်းပြောတာတွေကို အန်ကယ် သဘောပေါက်ပါတယ်ကွာ ဟုတ်လား''

''ဒါပေါ့ အန်ကယ်။ ကျွန်တော့်လုပ်ဆောင်ချက်တွေက အန်ကယ့်အတွက် ပိုပြီး အကျိုးရှိသွားစေတာပဲ မဟုတ်လား။ နစ်နာ ဆုံးရှုံးသွားတာ မဟုတ်ဘူးလေ။ အဟင်း…အန်ကယ်စိတ်ချပါ။ အားကိုးရကျိုးနပ်စေရမှာပါဗျာ။ အန်ကယ် လူရွေးမမှားစေရပါဘူး''





''မောင်ကျော်မင်းထွန်း''

''ပြောပါ အန်ကယ်''

''သမီးညိုနဲ့ ကိစ္စက''

''ဩော်…အဲဒါလည်း ကျွန်တော် သေချာစုံစမ်းပြီးပြီ အန်ကယ်။ အလကား လုပ်ကြံမှုတစ်ခုပါ''

''ဟင်''

''အဲဒီလူက မိန်းမ မုန်းသမားဝါဒီ အန်ကယ်ရာ။ ညို့ကို သိတောင် မသိပါဘူး။ ကြားလည်း မကြားဖူးပါဘူးတဲ့ဗျာ။ ဒီတစ်ခါလည်း ညို ကျွန်တော်တို့ကို ညာပြန်တာပဲ။ အဟင်း…အကောင်းဆုံးကတော့ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်ပေးပါအန်ကယ်။ ဒါမှ ကျွန်တော်လည်း သူ့ကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်ပုံစံသွင်းလို့ရမှာ''

သူ့ဘက်က အပိုင်ထုံ ပြောဆိုနေပုံတွေက သမီး ကြည့်မရဖြစ်လည်းဖြစ်စရာ။

ဒီသူငယ် အတော့်ကို အောက်ခြေလွတ်ကာ ဘဝင်မြင့်နေပါပြီကော။

''ဒီလိုရှိတယ် မောင်ကျော်မင်းထွန်း''

''ဟုတ်ကဲ့''

''အန်ကယ်တို့က သမီးကို သိပ်ချစ်တော့ သမီးဆန္ဒမပါဘဲ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ချင်ဘူးကွ။ မင်းကို သမီးက လုံးဝ လက်မခံနိုင်တော့ ဘ
မတတ်နိုင်ဘူးပေါ့ကွာ''

''ဗျာ''

ကျော်မင်းထွန်း ပျာပျာသလဲ တုန်လှုပ်သွား၏။

''အန်···အန်ကယ်ပြောတော့ လက်ထပ်ပေးဖို့ ရည်
ထားတာဆို''

''အေးလေ···ငါက မင်းကို သဘောကျပေမယ့် တက
ပေါင်းရမှာက ငါမှမဟုတ်တာ၊ သမီးပဲကွ။ သမီး စိတ်မချမ်းသာ
ကို ငါ မလုပ်ချင်ဘူးကွာ''

''ဗျာ···ဒါဖြင့်''

''ဆောရီးပဲ···မောင်ကျော်မင်းထွန်း''

''ဟင်''

''မင်းလည်း ငါနဲ့လက်တွဲလာတာ ကြာပြီဆိုတော့ လုပ်
ကိုင်ရည် အတော်လေးကို ကျွမ်းကျင်နေပြီပဲကွာ။ မင်း အရည်
နဲ့ဆို နေရာမရှားပါဘူး ဟုတ်လား။ မင်းသတိပေးမှပဲ ငါ
ကိုယ့်ကိုယ်ကို သတိထားမိတော့တယ်။ မှန်တယ်ကွဲ။ အသက်
အတွေးအခေါ်နဲ့ စဉ်းစားဆုံးဖြတ်ရမယ့်ကိစ္စတွေမှာ လူငယ်
မမီတော့ဘူး။ ဒါကြောင့် မင်း ငါ့ဆီမှာ မလုပ်နဲ့တော့ ဟုတ်





''ဗျာ···အန်ကယ်''

''ဝါရင့် အင်ဂျင်နီယာတစ်ယောက် ငါ့ကို အကူအညီ
တောင်းထားတယ်ကွ။ ကူညီရမယ့်ဝတ္တရားလည်းရှိတော့ မင်းနေရာ
မှာ ငါ အစားထိုးချင်လို့။ သူက ဆေးပင်စင်ယူထားတော့ အလုပ်
လက်မဲ့ ဖြစ်နေတယ်ကွာ။ မင်းပြောသလို အသက်ကြီးသူအချင်းချင်း
ပဲ လက်တွဲရမလားလို့၊ မင်းကို ငါ လိုက်လို့မမီဘူးကွ။ မင်းက
အရမ်းတော်နေတာကိုးကွာ အဟင်း''

ကျော်မင်းထွန်း မျက်နှာ မဲသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"တော်ပါသေးရဲ့ကွာ...လက်မတင်လေးပဲ"

အိမ်ရာပေါ် ပက်လက်လှန်အိပ်ချရင်း ဦးမြတ်သင်း ပြော လိုက်သောစကားကြောင့် ခွားနို့ပူပူလေးတစ်ခွက်နှင့် ဝင်လာ ဒေါ်ကြာဖြူမှာ နို့ခွက်ကို စားပွဲပေါ် အသာတင်ကာ မေးလိုက်ပါ

"ဘာဖြစ်လို့လဲ ကို"

"ငါတို့ လူရွေးမှားတော့မလို့ ဖြူရ သိလား"

"ရှင်...ဘယ်လို"

"မောင်ကျော်မင်းထွန်းပေါ့ကွာ"

"ဟင်"



ဒေါ်ကြာဖြူ အံ့အားသင့်သွားရ၏။

ခင်ပွန်းဖြစ်သူ၏ ပါးစပ်ဖျားမှာ တဖွဖွ ချီးမွမ်းခဲ့သော ပုငယ်မဟုတ်ပါလား။

ခုတော့ ဘာဖြစ်လို့ပါလိမ့်။

အားကိုးယုံကြည်ရသော ညာလက်ရုံးအဖြစ် သမက်အရာ ထိပင် မှန်းထားသော ကောင်လေး ဘာများဖြစ်ပါလိမ့်။

"ဘာဖြစ်လို့လဲ ကို၊ ပြဿနာဖြစ်လို့လား"

"အဟင်း...မဖြစ်သေးပါဘူးကွာ။ အချိန်မီလေး သိလိုက် လို့ ချက်ချင်းပဲ ရှင်းလိုက်ရတာပေါ့"

"ဟင်...ရှင်းလိုက်တယ်"

"အင်း...အလုပ်ထုတ်လိုက်ပြီ"

"ဘုရားရေ"

ဒေါ်ကြာဖြူ တကယ် အံ့သြသွားရပါပြီ။

"အလုပ်ထုတ်လိုက်ရအောင်ကို အခြေအနေက ဆိုးလို့လား ။ ဘာဖြစ်လို့လဲ ကိုရယ်"

"ဒီကောင် အောက်ခြေလွတ်သွားပြီကွ"

"ရှင်"

"ဘဝင်လည်း မြင့်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ငါကလည်း အရေးပေး မြှောက်စားထားတာကိုး"

"ပြောပါဦး ကို၊ တော်တယ်ဆို…ကောင်းတယ်ဆို"

"အေးကွာ…ငါ့အမှားပဲ။ ငါ လူကဲခတ်မှားသွားပြီ။ သူ့ကို လူတော်လူကောင်းလေးတစ်ယောက်လို့ ထင်ထားတာ လူတော် ဖြစ်မယ်။ လူကောင်းတော့ မဖြစ်ဘူး"

"ရှင်…ဘယ်လို"

"ငါ့လုပ်ငန်းတွေကို စွက်ဖက် ချယ်လှယ်ပြီး ထင်တိုင်း ကျဲတော့မလို့ကွ"

"ဟင်…ဟုတ်လား"

"ငါကလည်း စိတ်ချပြီး လုပ်ပိုင်ခွင့်လေး နည်းနည်း ပေးမိတယ်လေ။ အဟင်း…ဟင်း ကိုယ့်လူက ဘယ်လောက် အတင့်ရဲလာသလဲဆိုရင် တကယ့်ကို ပိုင်စိုးပိုင်နင်းကြီးကွာ။ ငါ့ တောင်မှ အသိမပေးတော့ဘူး။ ငါဆိုင်ထားတဲ့ အိမ်လေးတစ်လုံး တခြားလူ့ ဘတ်ကနဲ ရောင်းလိုက်တာကွာ။ ငါ့မှာ မိတ်ဆွေ မျက်နှာပျက်ရော"

"အို…ဟုတ်လား"

"သူ့ဆင်ခြေက စျေးပိုပေးတဲ့လူကို ရောင်းတာပဲ။





တ်ထဲ ငါ ငွေပိုရလို့ သူ့ကို ချီးကျူးမလားပေါ့။ လူမှုရေး ရှိသေး ယ်ကွ။ ပိုရတိုင်း မရောင်းသင့်ဘူးဆိုတာ သူ နားမလည်သေးဘူး။ ိုက ငါ့ကို ဘယ်လိုထင်သွားမလဲ။ အထင်သေးသွားမှာပေါ့"

"အကျိုးအကြောင်းပြောပြပြီး နောက်အိမ်တစ်လုံးလုံးနဲ့ ဆင်ပြေအောင် ညှိပေးပါလားကိုရယ်"

"မရတော့ဘူး…ကိုမျိုးဇော်က ငါ့ကို စိတ်ဖြစ်သွားပြီ၊ ထင်လွဲသွားပြီ။ သူ့မှာ ငွေအခက်အခဲကလည်း ရှိနေတော့ သူ့ကို ဘူးလို့ ထင်သွားပုံရတယ် တော်ပြီတဲ့"

"ဖြစ်ရလေ"

"နောက်တစ်ခု ရှိသေးတယ်"

"ဟင်"

"အစအဆုံး ပြီးစီးအောင် ဆွဲထားတဲ့ ပရောဂျက်တစ်ခုကို ဘာမပြော ညာမပြော တစ်မျိုးပြောင်းထားတယ်"

"ဟင်"

"စဉ်းစားကြည့်…ပရောဂျက်တစ်ခု အဆင်သင့်ဖြစ်အောင် နှိုရော၊ ငွေရော ဘယ်လောက်ရင်းနှီးထားရသလဲဆိုတာ သူ ျက်နဲ့ ငါ့ကို ဆရာလာလုပ်တာကွ"

"ဒီသူငယ်ကလည်းနော်"



www.burmeseclassic.com

www.burmeseclassic.com



"ငါက သူ့ထက် ထမင်းအရင်စားပြီး အတွေ့အကြုံကအား ပိုပြီး သူကထက်မြားတာ၊ အသက်ပိုကြီးတာ၊ အရင်းအနှီးရှိလို့ သူ့ကို နိုင်းထားတာ။ အဟား…အဲဒီလိုကောင်က အရည်အချင်းလေး နည်းနည်းရှိလာတာနဲ့ သူ့ကိုယ်သူ ဘာထင်နေလဲ မသိပါဘူးကွာ။ ဘဝင်မြင့်ပြီး ငါ့ကို ဘာတွေပြောတယ်မှတ်သလဲ"

"ဘာပြောလဲဟင်"

"အန်ကယ်က အသက်ကြီးပြီတဲ့။ ခေတ်နဲ့အညီ တွေးခေါ် ဆုံးဖြတ် ရွေးချယ်ရတဲ့အနေအထားတွေမှာ လူငယ်ကို မမီတော့ဘူး တဲ့ကွာ…တောက်"

"ဟင်…အဲဒီလိုကို ပြောတယ်လား။ ဘုရား…ဘုရား။ ဒီကောင်လေး ဒုက္ခပါလား"

"ငါကွာ စိတ်တိုလွန်းလို့ ဒေါသမထွက်အောင် မနည်းကို ကို ဟန်ဆောင်ထားလိုက်ရတယ်။ စိတ်ရှိတိုင်း လွှတ်ထုတ်လိုက်ရမှ ပွဲကြမ်းပြီပေါ့။ ဒါပေမယ့် ဒေါသတွေကို ငါ သတိလေးနဲ့ အပြုံး ဘရိတ်အုပ်လိုက်နိုင်တယ်ကွ"

"ကောင်းတာပေါ့ရှင်…ဒေါသဆိုတာ အမှားပါတတ်တယ် လေ"

"ဒါပေါ့…ငါ့အဖြစ်က ကိုယ့်ခွေး ကိုယ့်ပြန်ကိုက်ပြီ ပြီ





ကိုး။ အလိမ္မာနဲ့ တုံ့ပြန်ဖို့ပဲ စိတ်အေးအေး ခေါင်းအေးအေး ဆုံးဖြတ် ရတော့တာပေါ့"

"အင်း…အင်း…ပြောပါဦးရှင်"

"လာသေးတယ်ကွာ…ငါက ဦးနှောက်ထဲ ဖြောင်းဆန် အောင် ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ တွေးနေတာကို ဒီကောင် ဘာထင်လဲ မသိပါဘူး။ သူ့စကားတွေ ဟုတ်လွန်းလို့ ငါ မလှုပ်နိုင် ဘူး ထင်ပုံရတယ်။ နောက်တစ်ခု ထပ်ပြောတယ်ကွ။ သူအခုလို ပြောတာတွေကို ငါ လက်ခံနိုင်မှာပါတဲ့။ ဘာလို့လဲဆိုတော့ ဒီလုပ် ငန်းတွေကို တစ်နေ့ သူပဲ ဆက်ခံဦးဆောင်ပြီး လုပ်သွားရမှာဆိုတော့ ခုကတည်းက အရှိန်ယူထားတဲ့သဘောပါတဲ့ကွာ"

"ဘုရားရေ…ကိုရယ် မဖြစ်တော့ပါဘူးနော်။ ကြောက်စရာ ကောင်းလိုက်တာ"

"နားထောင်ပါဦး မြူရာ…ငါလည်း သူ ဘယ်လောက် အထိ တက်မလဲဆိုတာဘဲ လွှတ်ထားလိုက်တာပေါ့။ မီးပုံးပျံဆိုတာ မှိုင်းကုန်ရင် ကျလာတာဘဲ မဟုတ်လား။ အဟဲ…သူ အပိုင်တွက် ထားတဲ့စိတ်ကူးတွေ ဇာတိပြတာပေါ့ကွာ။ သမီးနဲ့သာ အမြန်ဆုံး လက်ထပ်ပေးပါတဲ့လေ"

"ဒီတော့ ကိုက ဘာပြောလိုက်လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးက သူ့ကို ကြည့်မရတာ၊ ဒါကြောင့်ပဲဖြစ်မှာပေါ့ကွာ။ ဟိုအကြောင်းပြ ဒီအကြောင်းပြ ငြင်းနေတာ ခုမှပဲ အဖြေပေါ်တော့တယ်"

"ဟုတ်တယ်ကို…သမီးက သူ့ကိုသာယူရရင် သတ်သေပစ်မှာကွဲ့ သိလား"

"မယူရပါဘူးကွာ…အခုတော့ ငါ အပြတ်ပြောလိုက်ပြီ။ သမီးကို ငါတို့က အရမ်းချစ်တော့ သမီးဆန္ဒမပါဘဲနဲ့ ဒီကိစ္စ မဖြစ်နိုင်တော့ပါဘူးကွာလို့"

"ကောင်းတယ်…သမီးကြားရင် ဝမ်းသာမှာ"

"ကိုယ့်လူ မျက်နှာမဲ့သွားတာဘဲကွာ။ အဟင်း…ပြီးတော့ ငါ ဆက်ပြောလိုက်တယ်ကွာ။ မင်းက အရမ်းတော်နေတော့ ငါက အသက်လည်း ကြီးလာပြီမို့ မင်းနဲ့ လက်တွဲသွားဖို့ အခွင့်မပြေတော့ဘူးကွာ။ မင်းကို လိုက်မမီတော့ဘူးလို့။ မင်း အရည်အချင်းနဲ့ ... နေရာမရှားပါဘူးကွာ။ ငါ့မှာ အခက်အခဲဖြစ်နေတဲ့ မိတ်... အင်ဂျင်နီယာတစ်ယောက်ကို ကူညီရမယ့် ဝတ္တရားရှိနေလို့ မင်းနေ... မှာ အစားထိုးမလို့၊ မင်း ငါ့ဆီမှာ မလုပ်နဲ့တော့လို့ တစ်ခါတ... ပြောလိုက်ကာပေါ့"

"တော်ပါသေးရဲ့ရှင်…သမီးသာသိရင် အရမ်းကို ဝမ်း... ရှာမှာ ကိုရဲ့"





နွားနို့ခွက်လေး လှမ်းယူပေးရင်း ဒေါ်ကြာဖြူ ပြောတော့ ဦးမြတ်သင်းက နွားနို့ကို ဖြည်းဖြည်းသောက်ရင်း စကားဆက်လိုက်၏။

"ဒါနဲ့ ဖြူ"

"ရှင်"

"သမီးမှာ ချစ်သူ မရှိသေးတာ အမှန်ပဲလား"

"ရှိတယ်တဲ့ကို"

"ဟင်…ဘယ်ကလဲ၊ ဘယ်သူလဲ။ မင်းသိလား"

"သူတို့ဆိုင်နားကတဲ့။ လက်ဖက်ရည်ဆိုင်ဖွင့်တယ်ဆိုလားပဲ"

"သေချာရဲ့လား။ ကျော်မင်းထွန်း သွားစုံစမ်းတော့ အဲဒီလူက မိန်းမမုန်းဝါဒီသမားတဲ့။ သမီးကိုတောင် မသိဘူးတဲ့ကွာ"

"ဟင်"

"ငါ စဉ်းစားမိတယ် ဖြူ"

"ရှင်…ဘာလဲကို"

"သမီးက တကယ်မဟုတ်ဘဲနဲ့ တောင်ပြော မြောက်ပြော ...ပြောနေတာ မင်းလည်းအသိပဲ။ ပထမတစ်ခါတုန်းက နိုင်ငံခြားမှာ ...လုပ်လုပ်နေတာလို့ ပြောတယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း…ဟုတ်တယ်"

"ကျော်မင်းထွန်းနဲ့ မင်းကိုတော့ လက်ဖက်ရည်ဆိုင်ကလူလို့ ပြောတယ် စဉ်းစားစရာပဲ"

"ဟုတ်တယ်…ကို၊ ဒါပေမယ့် အဲဒီလူက မိန်းမမုန်းတဲ့လူဆို"

"အေး…သမီးက ဒါကိုသိလို့ သူ့အတွက် နောက်ကြောင်းရှင်းအောင်ဆိုပြီး အဲဒီလူကို ဓားစားခံလုပ်တာဖြစ်လိမ့်မယ်။ မိန်းကလေးတွေကို စိတ်မဝင်စားတဲ့လူဆိုရင် သမီးအတွက် အန္တရာယ်ကင်းတယ် မဟုတ်လားကွ"

"ဟုတ်တယ်နော်…ဖြစ်နိုင်တယ် ကို"

"ပြီးတော့ အဲဒီလူကိုမှ သမီးက လက်ညှိုးထိုးပြတယ်ဆိုတာ မဆန်းလား ဖြူ"

"ရှင်…ဘယ်လို"

"ကေန္တ သမီးကိုယ်တိုင် အဲဒီလူငယ်ကို စိတ်ဝင်စားမှုရှိနေပုံရတယ်။ ဆိုင်ချင်းလည်း နီးတယ်ဆိုတော့"

"ဟုတ်တယ်နော်…ကို။ သမီးက တကယ်ဆိုရင် အိမ်ထောင်ပြုဖို့ဆန္ဒ ရှိတာလည်း မဟုတ်တာ"

"ဆန္ဒမရှိလို့ မဖြစ်ဘူး ဖြူ၊ ငါတို့အတွက် အမွေဆက်ခံ





သွားမယ့် မျိုးဆက်လေးတွေ ရှိမှဖြစ်မှာကွ။ ငါတို့ မျက်စိမှိတ်ရင် သမီးကို အပျိုကြီးဘဝနဲ့ အားကိုးရာမဲ့အဖြစ်နဲ့ နေသွားရမှာ ငါ မလိုလားဘူးကွာ"

"ဒါတော့…ဒါပေါ့ရှင်။ ဖြူလည်း ကို့လိုပေါ့။ ဒါပေမယ့် သမီးက လက်ခံမှ ကောင်းတယ်မဟုတ်လား"

"ငါတို့သမီးက အခုပဲ အသက်အစိတ်ရှိနေပြီ။ ဒီအရွယ်မှ အိမ်ထောင်မပြုသေးရင် ဟိုင်းလာရုံပဲ ရှိတော့မှာ။ တချို့များ ရှိတတ်တယ်နော်။ အရွယ်လေး ဟိုင်းသွားတော့မှ ကိုယ့်ထက် အသက်အများကြီးငယ်တဲ့ ကောင်လေးတွေနဲ့ ဇာတ်လမ်းဖြစ်ကြတာ ရှက်စရာကြီး မဟုတ်လားကွာ"

"ဘယ်လိုလုပ်မလဲ ဟင်"

"နေဦး…ငါ ခေါင်းအေးအေးထားပြီး စဉ်းစားနေတယ်။ ခုနက လက်ဖက်ရည်ဆိုင်ဆိုတာ လမ်းဘေးပွဲကျဆိုင်များလားကွာ"

"မဟုတ်ဘူးရှင့်။ ဆိုင်နာမည် 'အိပ်မက်' တဲ့။ သားသားနားနားလို့တော့ ပြောတာပဲ ကိုရဲ့"

"အိပ်မက်"

"အင်း"

"နာမည်ရော သိလားဖြူ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်လေးနာမည်က မိုးစက်တဲ့"

"မိုးစက်"

"ဟုတ်တယ်"

"ကောင်းပြီလေ..လေ့လာအကဲခတ်တဲ့အနေနဲ့ သွားကြည့်ရသေးတာပေါ့"



# အခန်း (၁၆)

သမီးတို့ဆိုင်အနားမှာဆိုသဖြင့် သူ့ကားကို ထားခဲ့ကာ တက္ကစီဖြင့်သာ လာခဲ့၏။

မတော်တဆ သမီးနှင့် တွေ့သွားမှာစိုး၍ပါ။ ငှားလာသော ကားကို သမီးတို့ဆိုင်နှင့် ခပ်လှမ်းလှမ်းမှာ သူ ရပ်ခိုင်းလိုက်၏။

မျက်ဝန်းတွေကို ဝေ့ဝဲရှာဖွေပြီး သူ ကြည့်မိတော့ တွေ့ရပါပြီ။

'အိပ်မက်' ဆိုသော ဆိုင်က သမီးတို့ဆိုင်နှင့် မျက်စောင်းထိုးလောက်မှာ ဖြင့်လိုက်ရ၏။

သူ ခပ်သွက်သွက်လေး လှမ်းလာရင်း ရှေ့မျက်နှာစာတစ်ခုလုံး မှန်အကြည် ကာထားပေမယ့် အထဲဖက်မှာတော့ ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



သေသပ်လှပသော အခင်းအကျင်းတွေဖြင့် လူတွေ စည်နေသော အိပ်မက်ထဲသို့ သူ လှမ်းဝင်လိုက်သည်နှင့် ကြိုဆိုနေဟန်ရှိသော ကောင်လေးက…

"ကြွပါခင်ဗျာ…ဟိုဖက်နားမှာ နေရာလွတ်ရှိပါတယ်၊ လာပါ အန်ကယ်။ ကျွန်တော် လိုက်ပို့ပေးပါ့မယ် ခင်ဗျ"

ရည်မွန်ယဉ်ကျေးသော ကြိုဆိုမှုကြောင့် သူ ဝင်ဝင်ချင်း သဘောကျသွား၏။

ခေါင်းညိတ်ပြကာ ထိုကောင်လေး ခေါ်ဆောင်ရာနောက် လျှောက်လာခဲ့စဉ်…

"ဗျို့ ကိုမြတ်သင်း…ဒီကိုလာဗျာ"

ရင်းရင်းနှီးနှီး ခေါ်လိုက်သံကြောင့် သူ လှမ်းကြည့်ပါ၏။ သူ့မိတ်ဆွေ ကိုကျော်သက်ပင်။

လက်တစ်ဖက်ထောင်ကာ သူ့ကို လှမ်းခေါ်နေ… ကိုကျော်သက်ကို ခေါင်းညိတ်ပြကာ လျှောက်သွားလိုက်၏။

ကိုကျော်သက်က…

"လာဗျာ…မတွေ့တာ အတော်ကြာပြီပဲ။ အဆင်ပြေ… မဟုတ်လား။ ကျုပ်လည်း တစ်ယောက်တည်းပျင်းနေတာနဲ့ … ဝင်လာတာမြင်တော့ ဝမ်းသာသွားတယ် ကိုမြတ်သင်းရေ"





သူ အသာဝင်ထိုင်ရင်း ခေါင်းညိတ်ကာ…

"နေကောင်းတယ်နော် ကိုကျော်သက်"

"ကောင်းပါ့…လက်ဖက်ရည်လား၊ ကော်ဖီလား"

"အင်း…ဘာ ကောင်းမလဲ"

"လက်ဖက်ရည်သောက်ကြည့် ခင်ဗျား စွဲသွားမယ်"

"ဟုတ်လား…ခင်ဗျားညွှန်းတော့လည်း သောက်ရတာပေါ့ ပေါ့"

"လက်ဖက်ရည်တစ်ခွက်ပေါ့"

အနားမှာအသင့်ရပ်နေသော စားပွဲထိုးလေးကို ကိုကျော် …က်က လက်ဖက်ရည်တစ်ခွက် မှာလိုက်၏။ ပြီးမှ…

"ကြားပါတယ်ဗျာ…ခင်ဗျား အောင်မြင်နေတယ်ဆိုတဲ့ …ဟင်းတွေ၊ ဝမ်းသာတယ်ဗျာ"

"အဟင်း…ဒီလောက်တောင်လည်း မဟုတ်ပါဘူးဗျာ။ …ုံးစားနေရတာပဲ"

"အံမာ…မာ။ ကိုယ့်လူကလည်း ဓာတ်သိချင်း လျှို့နေပြန် …။ …င်ဗျား ဆောက်နေတဲ့ အိမ်ရာပရောဂျက်တွေ တစ်ခုပြီးတစ်ခု …တွေ မိုးဦးကျ ပေါ်လာသလို ဘွားကနဲ ဘွားကနဲ ဆောက်ထုတ် …ဗျား မသိရင်ခက်မယ်။ အမျိုးသမီးက ရွှေဆိုင်ထိုင်၊ သမီးက…



www.burmeseclassic.com

www.burmeseclassic.com



စတိုးဆိုင်ကြီး ပိုင်တယ်ဆိုတဲ့လူက ကြိုးစားနေရတာဆိုတော့ ကျ
တို့ ဘာလုပ်ရဦးမလဲ…အဟဲ''

ကိုကျော်သက်စကားကြောင့် သူ ပြုံးလိုက်ပြီးမှ ဆိုင်ဟ
ခင်းကျင်းပြင်ဆင်ထားမှုတွေကို ဝေ့ကနဲကြည့်ကာ သူ ပြောလိုက်

''ဒီဆိုင်ဖွင့်တာ မကြာသေးဘူးထင်တယ်နော်။ ခင်ဗျ
နေ့တိုင်းလာသောက်လား ကိုကျော်သက်''

''ဟုတ်တယ်လေ။ နေ့တိုင်း အချိန်မှန်မှန်ကို လာသေ
တာဗျ။ အိမ်က မိန်းမဖျော်တဲ့လက်ဖက်ရည်ထက် ကောင်းလို့ လေ''

ထိုစဉ် စားပွဲထိုးလေးက လေးထောင့်စပ်စပ် ယွန်းဗန်း
နှင့် သယ်လာသော လက်ဖက်ရည်ခွက်ကို သူ့ရှေ့မှာ အသာ
တော့ ကိုကျော်သက်က လက်ဖက်ရည်ပန်းကန်ကို မေးလေး
ပြီး…

''သောက်လိုက် ကိုမြတ်သင်း။ အရသာလေး မြည်း
ကြည့်''

''အင်း''

ကြွေလက်ဖက်ရည်ခွက်လေးကို သူယူကာ တ
ဖြည်းဖြည်းလေး သောက်လိုက်၏။ ချိုမြ မွှေးဆိမ့်သော လ
ရည် အရသာလေးက သူ့လျှာပေါ်မှာ စွဲသွားရ၏။





''ဘယ်လိုလဲ''

ကိုကျော်သက်အမေးကို သူ ပြုံးပြုံးလေး ခေါင်းညိတ်
ကာ…

''အင်း…ကောင်းတယ်''

''ကြိုက်လား''

''အဟင်း''

''နေ့တိုင်းလာဗျာ။ အဟင်း…ပြောသာပြောရတာပါလေ။
ခင်ဗျားက အလုပ်များတဲ့လူ မဟုတ်လား။ ခုတောင် ဘယ်ကမျက်စိ
လည် လမ်းမှားပြီး ဒီကိုရောက်လာတာလဲ''

''ဒီဖက်လမ်းကြုံလို့ပါ။ လက်ဖက်ရည်ဆိုင်သစ်ဆိုတော့
နည်းနည်း စိတ်ဝင်စားတာနဲ့''

မယုတ်မလွန် ပြောရင်း သူ လက်ဖက်ရည်ကို အရသာခံ
ကာ တဖြည်းဖြည်း သောက်နေမိ၏။

ကိုကျော်သက် ပြောသလိုပင်။

လက်ဖက်ရည်အရသာလေးက တစ်မျိုးလေးမို့ လက်ဖက်
ရည် မကြိုက်တတ်သောသူပင် ကြိုက်တိုက်တိုက်လေး ရှိသွားရ
လောက်လို့။

ကိုကျော်သက်က သူ့ကို ပြုံးပြရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဆိုင်အသစ်ဆိုတော့ စိတ်ဝင်စားမှုလေးနဲ့ ဝင်လေ့လာတဲ့သဘောပေါ့ ဟုတ်လား"

"အဟင်း...လူ့သဘာဝပဲမဟုတ်လား ကိုကျော်သက်ရာ။ စတိုးဆိုင်အသစ်လေး၊ မီနီမားကက်အသစ်လေး၊ စင်တာသစ်ရှေ့ ဆို လူတွေက စိတ်ဝင်စားတတ်တာပဲဗျာ။ စားသောက်ဆိုင်သစ်ဆို ရင်လည်း ပိုပြီးတော့င် စိတ်ဝင်စားတာပေါ့။ ကောင်းရင် ကိုယ့်မိတ် ဆွေတွေကို လက်ဆင့်ကမ်း ကျွေးရအောင်လေ မဟုတ်ဘူးလား"

"ဟုတ်တယ်...ဟုတ်တယ်။ ခင်ဗျားပြောတာ သဘာဝ ကျတယ်ဗျ။ ဒါပေမယ့် ဒီဆိုင်က ထူးခြားတယ်ဗျ"

"ဘာလို့လဲ"

"ခင်ဗျား သတိထားမိလား။ ဆိုင်ရဲ့ အပြင်အဆင် အခင်း အကျင်းတွေလေ"

"အင်း...သန့်ရှင်းလှပ သပ်ရပ်ပြီး၊ အေးအေးဆေးဆေး ရှိတယ်။ ဒီဆိုင်ရှင်က စိတ်ကူးကောင်းပုံ ရတယ်နော်"

"ဒါပေါ့...ကိုမြတ်သင်းရ။ ဆိုင်ရှင်ဆိုလို့ ခင်ဗျားက အသက်ခပ်ကြီးကြီး ထင်နေလား"

"မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ အစိတ်ဝန်းကျင် လူငယ်လေးတစ်ယောက်ပါ"





"ဩော်"

"အင်မတန် တော်တဲ့လူငယ်ပေါ့"

"ခင်ဗျားနဲ့ သိလို့လား"

"အဟဲ...သိဆို သူ့မိဘတွေနဲ့က မိတ်ဆွေတွေလေ။ အရမ်း ရင်းနှီးတဲ့ မိတ်ဆွေဗျ"

"ဟုတ်လား"

ရေငတ်သူ ရေတွင်းထဲကျပြီတည်း...

မိုးစက်အကြောင်း စုံစမ်းချင်ပါမှ သူ့မှာ မိတ်ဆွေဟောင်း ကိုကျော်သက်နှင့် တွေ့နေရလေပြီ။

သို့သော် သူကလည်း မင်ကောင်းသူမို့ ခပ်တည်တည်ပင် သိပ်စိတ်မဝင်စားဟန်ပြုကာ ရေနွေးကြမ်းခွက်လေးကို အဖုံးဖွင့်ကာ တစ်ငုံသောက်လိုက်၏။

ကိုကျော်သက်ကတော့ ပြောချင်နေပုံဖြင့်...

"သူ့အဖေနဲ့က ရင်းနှီးတဲ့ လုပ်ဖော်ကိုင်ဖက်တွေဗျာ။ အင်မတန် ရိုးသားအေးဆေးတဲ့လူ။ မိန်းမကို ချစ်လိုက်တာမှ တုန်နေ တာ။ အရာရှိပေမယ့် ကိုယ့်လူက ထမင်းချက်၊ အဝတ်လျှော်၊ အိမ်မှု ကိစ္စတွေအားလုံး လုပ်တာဗျ"

"ဟင်...သူ့မိန်းမက နာတာရှည်ရောဂါသည်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ပွဲစား"

"ဟင်"

"ပွဲစားဆိုတော့ အိမ်မှာ နေချိန်မရှိဘူးလေ။ မနက်ထွက်သွား၊ ညနေမှ ပြန်လာ။ အိမ်အလုပ် ဘယ်လုပ်အားမှာလဲ"

သူ့အတွေးထဲ ဇနီးဖြစ်သူ ဖြူကို ဒက်ကနဲ သတိရလိုက်၏။

သြော်...ဖြူလည်း အလုပ်တစ်ဖက်နဲ့ပါပဲ။ ဒါပေမယ့် အိမ်ကိစ္စတွေကို အကွက်စေ့အောင် ဖြူ လုပ်ကိုင်စီမံတတ်သည် မဟုတ်ပါလား။

"အိမ်ဖော် မထားဘူးလား"

"ဘယ်အိမ်ဖော်မှ မမြဲဘူး။ ပြီးတော့ သားလူပျိုကလေး ရှိနေတော့ အန္တရာယ်ကင်းအောင် အိမ်ဖော်မထားတော့ဘဲ ကိုယ့်ဘာသာ ဒိုင်ခံလုပ်တာ။ သိတယ်ဟုတ်လား။ မိန်းမတွေများ သူ့တို့ဝင်ငွေ ရှိလာပြီဆိုရင် လင်ကိုတောင်မှ လက်မထောင်ချင်ပြီး၊ ကျော် မော့မော့ ဖြစ်ချင်တတ်ကြတာလေ။ ခုလည်း...သူ့မိန်းမက သူ့ မြက်မြက်လေးရတဲ့နေ့ဆို ရှင့်လခက ကျွန်မ တစ်နေ့ဝင်ငွေ ဘူးနော်ဆိုတဲ့ အချိုးတွေ ဖြစ်လာပြီး၊ မောက်မာချင် ဂရုမစိုက် မထီမဲ့မြင် ပြုလာတာဗျ"





"ဟင်"

သူ အလွန်ကံကောင်းတာပေါ့။ ဖြူ့ရွှေဆိုင်က ဝင်ငွေလည်း ပဲ မနည်းမနော မဟုတ်ပါလား။ သူကသာ မဖြစ်စလောက်ဟု ပြောပေမယ့် ဖြူ စိတ်လည်းမဆိုး၊ ပြန်လည်းမပြော ပုံမှန်ပင်။

"ဆိုးတာက ဒါလောက်ကောင်းတဲ့ လင်ပစ်ပြီး၊ လင်ငယ် နောက် ကောက်ကောက်ပါအောင်လိုက်သွားတော့ ကိုယ့်လူ အရှုံးကြီးတစ်ပိုင်းဖြစ်ပြီး ယစ်ထုပ်ဘဝရောက်၊ အလုပ်လည်း ပြုတ်တဲ့ အထိ ဘဝပျက်သွားရတာဗျာ"

"ဟာ...အတော်ဆိုးပါလား"

"သူ့ကိုသနားလွန်းလို့ ကျုပ်တို့ အပေါင်းအသင်းတွေစုပြီး ဖျောင်းဖျနှစ်သိမ့် အကြံပေးတဲ့အနေနဲ့ စာအုပ်လေးတွေ ဖတ်ခိုင်း၊ စိတ်တည်ငြိမ်အောင် ဘာသာရေးလုပ်ခိုင်း၊ အဟင်း...ကျွတ်ချိန် တန်လို့ထင်ပါရဲ့ဗျာ၊ ရဟန်းဝတ်လိုက်ပြီလေ ရာသက်ပန်ပေါ့"

"တော်သေးတာပေါ့"

"အင်း...ကျွန်ခဲ့တဲ့ သူ့သား ဒီဆိုင်ရှင်သူငယ်လေးဆို အဖေ ဖြစ်ကိုကြည့်ပြီး အမေ့ကို စိတ်နာသွားတော့တာဗျ။ လောကအလယ် တစ်ကောင်ကြွက်ဘဝနဲ့ ကျန်ခဲ့ပေမယ့် ဒီကောင်လေး အရမ်းတော် တာ။ မိဘကျန်ခဲ့တဲ့ပစ္စည်းတွေကို ထုခွဲရင်းနှီးပြီး ဒီဆိုင်ကို ဖွင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလေ။ အောင်မြင်သလားမမေးနဲ့၊ မြင်တဲ့အတိုင်း လာသောက်
လူတွေများ အလျှုကြီးပေးနေတာကျရော''

မှန်ပါသည်… ။

သူဝင်လာကတည်းက စားပွဲတိုင်း လူပြည့်နေသော
အထားက ဝင်လာလိုက်၊ ထွက်သွားလိုက်တွေနှင့် ပြည့်မြဲ
နေလေသည်။

''ဒီကောင်လေး အမေ့ကို ဘယ်လောက်စိတ်နာသ
သိလား။ မိန်းမဆိုရင် ခပ်ကင်းကင်း ရှင်းရှင်းလေးကို နေတော့
ရည်းစားဆို ဝေးရောပေါ့ဗျာ''

''ဒါဆို…သူက လူ့ပွစာလေးဖြစ်နေတာပေါ့''

''နိုး…နိုး၊ သူက မိန်းမတွေနဲ့သာ မျက်နှာထား မှုန်
ကုပ် တည်တင်းတင်းလေး နေတတ်ပေမယ့် ယောကျ်ားအချင်း
ဆို ဟော…ဟော၊ ဟိုမှာ လာနေပြီ၊ ကျုပ်ကို နှုတ်ဆက်ဖို့ လာ
သူပေါ့''

ကိုကျော်သက် ညွှန်ရာဆီ သူ လှမ်းကြည့်တော့ သူ
ဆီ ပြုံးရွှင်စွာလာနေသော လူငယ်တစ်ယောက်ကို တွေ့ရ၏။

အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် ခန့်ညားချောမော
သူ့အသွင်က ယဉ်ကျေးရည်မွန်ပုံ ရ၏။





''ဦးလေးကို နှုတ်ဆက်ဖို့ဟာ လူကျနေလို့၊ ဧည့်သည်လည်း
ပါတယ်လား။ ကျေးဇူးတင်ပါတယ်ခင်ဗျ၊ နောက်လည်း လာအားပေး
ပါ။ ဦးလေး ကျွန်တော် မိုးစက်ပါ။ ဒီက ဦးလေး ကျော်သက်ရဲ့သား
ဆိုလည်း မမှားပါဘူးဗျာ''

''အင်း…အင်း ဦးလည်း သိရတာဝမ်းသာပါတယ်ကွာ။
ဦးနာမည် မြတ်သင်းပါ။ ကိုကျော်သက် မိတ်ဆွေဆိုပါတော့''

''ဟုတ်ကဲ့…လက်ဖက်ရည် အဆင်ပြေရဲ့လားခင်ဗျ။
လိုသလို ပြောလို့ရပါတယ် ဦး''

''ကောင်းပါတယ်ကွာ…လက်ဖက်ရည်မကြိုက်တဲ့ ဦး
တောင် စွဲသွားပြီလားမသိဘူး အဟင်း…''

''ကျေးဇူးပါပဲ ဦး''

မိုးစက်ဆိုသော သူငယ်ကို သူ သဘောကျသွားရ၏။

ကိုကျော်သက်က ခေါင်းအသာညိတ်ပြကာ၊ ခင်ဗျား တွေ့ပြီ
ဟုတ်လား ဒီကောင်လေး ဆက်ဆံရေး ကောင်းတယ်ဟူသော
မျက်လုံးဖြင့် သူ့ကို ပြုံးပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟဲ့…ညို၊ ပြဿနာပဲဟာ"

"ဟင်"

ဖြူးဖြူးပြာပြာလေးဝင်လာသော ပပနှင့် ယမုံကိုကြည့်ပြီး ညို မျက်မှောင်ကြုတ်သွားရ၏။

ဘာမှန်းတော့မသိ။ နှစ်ယောက်စလုံး မျက်စိမျက်နှာပျက် နေကြ၏။

ခုနကပင်အကောင်း၊ လက်ဖက်ရည်သွားသောက်မည်ဟု ပြီး ထွက်သွားကြတာ ဘာမှမကြာသေး။

ဟင်…





ညို အနည်းငယ်တော့ အံ့သြသွားရ၏။ ဟုတ်သားပဲ။ လက်ဖက်ရည်သွားသောက်တာ ဒီလောက်တော့ မမြန်နိုင်ပါ။

ခုတော့ ဟိုကိုမှ ရောက်ခဲ့ရဲ့လားမသိ။

"ဘာဖြစ်တာလဲ၊ လက်ဖက်ရည်သွားသောက်မလို့ဆို။ မရောက်ခဲ့ဘူးလား။ လမ်းမှ ဘာပြဿနာဝင်လာလို့လဲ"

"လမ်းမှာ ဘာမှမဖြစ်ဘူး ညိုရေ၊ အဲဒီဆိုင်မှာဖြစ်တာ"

"ဟင်…အဲဒီလူနဲ့လား…ဘာပြောလို့လဲ"

ညို ထိတ်ကနဲ ရှိသွားရ၏။ သူက ပပတို့နှင့် အပေးအယူ ဖြောင့်နေသည်ဟု ညို နားလည်ထား၏။

"သူနဲ့ မဟုတ်ပါဘူး ညိုရယ်။ အဲဒီဆိုင်မှာ ငါတို့ ဘယ်သူ့ကို တွေ့ခဲ့တယ်မှတ်လဲ"

"ကိုကျော်မင်းထွန်းလား"

"လုံးဝမဟုတ်ဘူး…နင့်ဖေဖေ"

"ဟင်…ဘာ"

ညို ခေါင်းထဲ ဒိန်းကနဲဆောင့်ကာ လူပင် ခုတ်ကနဲ တုန် သွားရ၏။

ဖေဖေတဲ့။ ဖေဖေ အဲဒီကို ဘာလာလုပ်ပါလိမ့်နော်။ ဒုက္ခ ပါပဲ ယမုံက…



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ညီုရေ။ နှင့်ဖေဖေမှ အစစ်၊ ရေမရောဘူး သိလား။ ငါတို့ကို အန်ကယ် တွေ့မသွားလို့ တော်ပါသေးရဲ့ဟာ"

"ဖေဖေ တစ်ယာက်တည်းလားဟင်။ လမ်းကြုံလို့ ဝင်သောက်တာများလား"

"လူကြီးတစ်ယောက်နဲ့ ထိုင်နေတာ။ ပြီးတော့ မိုးစက်ရဲ့ ရင်းရင်းနှီးနှီး ပြုံးရွှင်ရယ်မောပြီးကို စကားတွေပြောနေတာဟ"

"ဟင်"

ညီ့ ပို၍ သွေးပျက်ချင်လာရပါတော့၏။

ဖေဖေနဲ့သူ စကားတွေပြောနေတယ်တဲ့။ ဘာစကားတွေပါ လိမ့်နော်။

"အဲဒါ ငါတို့လည်း သူမမြင်အောင် အသာလေး လစ် ထွက်လာခဲ့ရတယ် သိလား။ ကြည့်ရတာ အတော်လေးကို လေး ပြောင့်နေတာဟ။ ညီုရေ နှင့်ဖေဖေတော့ စုံစမ်းရေးတွေ လုပ်ရ ထင်တယ်"

"ဟင်"

စိတ်ရှုပ်သွားရစွာ ညီ့ အသက်ရှူပင်မဝချင်တော့။

ပြီးမှ . . .

"နှင်တို့ပြောတုန်းက သူ လက်ခံတယ်မလား။ အခု ဖေဖေ





က သူ့ကို တိုက်ရိုက်ကြီး ဖွင့်မေးလိုက်ရင် သူ ညာပေးမယ် ထင်တယ်နော် ပပ၊ အဲဒီလို ဟုတ်လား"

ပပမျက်နှာ မသိမသာလွှဲကာ အင်တင်တင်လေး ခေါင်းညိတ်တော့ ညီ့ ပို၍ မသက်သာတော့ပေ။

"ပပရယ် . . . အလွဲလွဲ အချော်ချော်တွေတော့ မဖြစ်တန်ကောင်းဘူးထင်တယ်နော်။ ဒီတစ်ခါလည်း ငါ ညာမှန်းသိသွားရင် ဖေဖေ စိတ်တိုတော့မှာ။ သူ သဘောကျတဲ့ ကိုကျော်မင်းထွန်းနဲ့ အတင်း စီစဉ်တော့မှာ"

ညီ့မျက်နှာ ဖိုးရွက်ခန့်သာ ရှိတော့၏။ ပပက သနားလာရ ဟန်ဖြင့် . . .

"ဟယ် . . . ညီုရာ ဒီလောက်လည်း မစိုးရိမ်ပါနဲ့။ နှင့်ဖေဖေက အင်မတန် သေချာ တိကျ စေ့စပ်တဲ့လူပဲ။ အရမ်းကာရော လုပ်မှာမဟုတ်ပါဘူးဟာ"

"အင်း"

ပပစကားကြောင့် အနည်းငယ် စိတ်သက်သာရာ ရသွားခဲ့ ပေမယ့် ညီ့ဖေဖေနဲ့သူ ဘာတွေပြောကြသည်ဆိုတာ အလွန်သိချင် နေပါသည်။

ထို့အတူ မိုးစက်တစ်ယောက်လည်း ဦးကျော်သက်၏



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေဆိုသော လူကြီးနှင့် ရယ်မောရင်းနှီးစွာပြောဆိုပြီး ကောင်တာဆီ ပြန်လာထိုင်ချိန်ထိ မစဉ်းစားမိသေး။

ငွေများကို ရေတွက်သိမ်းဆည်းရန် တူရာတူရာ ရွေးနေစဉ်မှာပင် ခေါင်းထဲ သတိလေးတစ်ခုက လှပ်ကနဲ ဝင်လာပါတော့၏။

*'ဦးမြတ်သင်း'*

ထိုနာမည်ကို သူ မှတ်မိနေသလိုလိုပင်။

သူ့ဆိုင်လာနေကျ လက်ဖက်ရည်သောက်သူ အတော်များများကို (အမျိုးသားများ) သူ မှတ်မိကာ ခင်မင်ရင်းနှီးစွာ ပြောဆိုဆက်ဆံတတ်သော သူ့အကျင့်ကြောင့် ဦးမြတ်သင်းဆိုသော ပုဂ္ဂိုလ်ကိုတော့ မျက်မှန်းတန်းမိသူတွေထဲ မပါတာ သေချာပါသည်။

ဦးကျော်သက်၏ မိတ်ဆွေ ခုမှ ပထမဆုံး ဒီဆိုင်ကိုရောက်ဘူးသူဟု သူသိထား၏။ ဒါဆိုလျှင် ဦးမြတ်သင်းနာမည်ကို အမှု သူ ကြားဖူး သိဖူးတာ ဖြစ်ရပေမယ့် ထိုသို့မဟုတ်၊ သူ့နားမှာ မှတ်မှတ်ရရပင် ရှိနေရသော ထိုနာမည်ကြောင့် စိတ်အေးအေးထား ကာ သူ ငြိမ်သက်စွာ စဉ်းစားနေမိ၏။

သူ့မှတ်ဉာဏ်ကပင် ကောင်းနေ၍လားမသိပါလေဘူး၊ ကြာကြာပင် မစဉ်းစားလိုက်ရချေ။





တလောက လူတစ်ယောက် သူ့ကို လာပြောသွားသော စကားကို ချက်ချင်း သတိရလိုက်မိပါတော့၏။

'ကျော်မင်းထွန်း' ဆိုသောပုဂ္ဂိုလ်။

ဦးမြတ်သင်း၏ ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာ။

'ဦးမြတ်သင်းက ကိုယ့်ကို ညိုနဲ့ လက်ထပ်ပေးချင်တဲ့ဆန္ဒရှိတာယ်ကွာ' ဟူသော စကားတွေဖြင့် သူ ဖျတ်ကနဲ မှတ်မိသွားရ၏။

'ဦးမြတ်သင်း' 'ညို' စသောနာမည်တွေမှ ထို 'ညို' ဆိုသော မိန်းမက သူ့ကို သူမ၏ ချစ်သူလိုလို ဘာလိုလို မလိမ့်တပတ်လေးပြော၍သာ ကျော်မင်းထွန်းဆိုသောလူက သူ့ထံ ကမူးရှူးထိုး ရောက်လာခဲ့သည် မဟုတ်ပါလား။

အကယ်၍ အခြားသောနာမည်တူ ဦးမြတ်သင်း တစ်ယောက်ဆိုလျှင်တော့ မတတ်နိုင်။

ယခု သူတွေ့ရသော ဦးမြတ်သင်းသာဆိုပါလျှင် 'ညို' ဆိုသောမိန်းမ ဘယ်ပြေးမလဲ၊ တွေ့ကို တွေ့ပြီး ပြောပစ်လိုက်မည်။

မိုးစက်ကို ဘာထင်လို့ နာမည်ခုတုံးလုပ် အသုံးချရတာလဲ။

မိန်းမပီပီ အရှက်မဲ့၊ သိက္ခာမဲ့၊ ဣန္ဒြေမဲ့စွာ မဟုတ်မဟတ်တွေ ပြောတတ်တာတွေဟာ မိုးစက်အတွက် ရိုးနေပါပြီ။

နေနှင့်ဦးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အသေအချာကို သိရအောင် ဦးကျော်သက်နဲ့တွေ့မှ မေးမြန်းစုံစမ်းလိုက်ဦးမည်။

ဟွန်း…သူ့လိုလူအဖို့ မိန်းမတစ်ယောက်၏နာမည်ကို ဒါပထမဆုံးနှင့် နောက်ဆုံးထား စုံစမ်းခြင်းပဲ ဖြစ်မည်။

ပါးစပ်သနလွန်းလို့ ရှင်းနိုင်သမျှ ရှင်းအောင်နေပါတယ်ဆိုမှ ဒီမိန်းမ ဆတ်စလူးထပြီး သူ့ကို အသုံးချတာ လွန်လွန်းပြီ။

ပက်ပက်စက်စက်ကို ပြောပစ်ရမည်။

နာမည်ကလည်း ညိုတဲ့။ ဟွန်း…အပိုတွေ ညိုရာကမဲသွားအောင်၊ သူ့ပါးစပ်သေနတ်ဘောက်မှာ သေချင်လောက်အောင်ရှက်သွားစေရမယ်။ ပြင်ထားပေတော့။

ကိုယ့်အတွေးနဲ့ကိုယ် စိတ်ကူးလေးဖြင့် ကျေနပ်စွာ သူပြုံးလိုက်၏။

ညနေ ထမင်းဝိုင်းမှာတော့ ညို ဖေဖေ့ကို မသိမသာ အကဲခတ်နေမိ၏။

ဖေဖေ ဘာပြောလေမလဲဟု၍ပါ။

ထမင်းသာ စားပြီးသွား၏။

ဖေဖေက သူ့အလုပ်ကိစ္စအကြောင်းတွေလောက်ပဲ ပြော၏။





တိတ်ဆိတ်စွာ ထမင်းစားနေသော ညိုမှာ ထမင်းပင်မျိုမကျချင်တော့၊ မေမေက…

"သမီး စားမကောင်းဘူးလား၊ မုန်လာဥပိုးတီသနပ်လေ။ သမီးအကြိုက် များများစား။ ဒီဖက်က ငါးသလောက်ဥကြော်လည်းကောင်းလိုက်တာ။ ခံတွင်း မတွေ့ဘူးလား။ ထမင်းနည်းနည်းစား၊ စားစရာတွေ များများစားပါလား သမီး"

"အင်း…စားပါတယ် မေမေ။ နေ့ခင်းတုန်းက ဆိုင်မှာပေတို့နဲ့ သင်္ဘောသီးသုပ် စားထားလို့"

ဖေဖေက ရေသောက်ရင်းမှ ညို့ကို ပြောလိုက်၏။

"သမီးပြီးရင် ဧည့်ခန်းထဲမှာ ဖေဖေနဲ့ စကားပြောရအောင် ဖေဖေ ပြောစရာရှိတယ်"

"ရှင်…ဟုတ်"

ရင်ထဲ ဒိန်းကနဲတုန်ကာ ညို မျက်နှာပျက်ချင်ချင်။

မေမေ့ကို ဝေ့ကနဲကြည့်တော့ မေမေ ခေါင်းအသာရမ်းကာ ပြုံး၏။

မေမေလည်း မသိပါဟုသည့် အဓိပ္ပာယ်။

ညို ဇွန်းနှင့် ခက်ရင်းကိုချကာ ရေသောက်လိုက်၏။ ဖေဖေထွက်သွားပြီဖြစ်၏။ မေမေက…



www.burmeseclassic.com

www.burmeseclassic.com



"သွားသမီး၊ မေမေ လက်ဖက်အစ်ကလေးနဲ့ ထွက်လာ ခဲ့မယ် ဟုတ်လား"

ညို ဧည့်ခန်းထဲရောက်တော့ ဖေဖေက…

"လာ သမီး၊ ဖေဖေ ဘာပြောမလဲ သိလား"

ဖေဖေ့ရှေ့ဆက်တီမှာဝင်ထိုင်ရင်း ညို ခေါင်းခါပြလိုက်…

"ဘာလဲ ဖေဖေ၊ သမီး မသိပါဘူး"

"ဖေဖေ နှစ်ခုပြောမလို့"

"ဟုတ်"

"ပထမတစ်ခုက မောင်ကျော်မင်းထွန်းကိစ္စ"

"ရှင်"

"သမီးက သူ့ကို မကြိုက်ဘူးဟုတ်လား"

"ဟုတ်"

"စိတ်ချ…မဖြစ်စေရဘူး။ ဖေဖေလည်း သူ့စိတ်… အပြုအမူတွေကို သဘောမကျလို့ အလုပ်ထုတ်လိုက်ပြီ။ ဘုရား… လို့ ကိုးကွယ်မလို့ဟာ တော်သေးတာပေါ့ ဖွတ်ကြီးထွက်… တောင်ပို့ဖြစ်နေမှန်း သိလိုက်ရတာ၊ လက်မတင်လေး။ … စိတ်အေးတော့ ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဖေဖေ"





"နောက်တစ်ခုက မောင်မိုးစက်ကိစ္စ"

"ရှင်"

ညိုခေါင်းပေါ် ကောင်းကင်ကြီး ပြိုကျလာသလိုပင်တည်း။

"သမီး လူရွေးမှန်သားပဲ၊ ဒီသူငယ်မဆိုးဘူး။ ဖေဖေ လက်ခံနိုင်တယ် သမီး"

"ဟင်…ရှင်…ဟုတ်"

ညို အိုးနင်းခွက်နင်းလေးဖြစ်ကာ ခေါင်းညိတ်မိသလား …ါမိသလားပင် မသိပါလေတော့။

ဒုက္ခပါပဲ။ ဖေဖေသဘောကျသည်ဆိုပါလား။

ပြဿနာက ခုမှပင် ညို့ခေါင်း ဆင်နင်းတော့မည်ထင်ပါ …။

"ဖေဖေ အဲဒီဆိုင်ရောက်ပြီးပြီ။ အဆင်ပြေချင်တော့ …က်ဆွေတစ်ယောက်နဲ့တွေ့တာလေ။ အဲဒီသူငယ်အကြောင်းတွေ …ိလိုက်ရတာပေါ့။ ကြိုးစားသလောက် အောင်မြင်နေတဲ့ လူငယ် …စ်ယောက်ပါပဲ။ ကဲ…ဒီတော့ သမီး ဖေဖေ ရှည်ရှည်ဝေးဝေး …ည်း မပြောတော့ဘူး ဟုတ်လား။ သမီးတို့လူငယ်ချင်း အမြန်ဆုံး …ွေးနွေးညှိနှိုင်းပေတော့။ ဝါမဝင်ခင် လက်ထပ်ကြရအောင် …ုတ်လား။ သူ့မှာ မိဘမရှိတော့ ဖေဖေတို့ကပဲ မင်္ဂလာကိစ္စအဝဝ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူမယ်။ သမီးနှစ်သက်တဲ့လူကို ဖေဖေတို့လည်း သဘော
လက်ခံနိုင်ပြီဆိုမှတော့ အချိန်မဆွဲချင်ဘူး ဟုတ်လား"

ညိုမှာ ခေါင်းညိတ်ရအခက်၊ ခါရအခက်။ ရှက်တာ
လန့်တာတွေပါ ပေါင်းကာ တစ်ကိုယ်လုံး ထူပူတုန်လှုပ်ကာ ခေါ
တွင်တွင် ငုံ့ထားမိတော့၏။

မေမေ လက်ဖက်အစ်ကလေးနှင့်ဝင်လာတော့ ဖေဖေက

"မြူရေ…မင်းသမီးကို သူ နှစ်သက်သဘောကျတဲ့
ငါ ခွင့်ပြုလိုက်ပြီကွာ။ ကောင်လေးက လူတော် လူကောင်းလေး
မဆိုးဘူး"

"ဟင်…ဟုတ်လား…ကောင်းတာပေါ့ရှင်"

ညို အော်၍သာ ငိုလိုက်ချင်ပါတော့၏။



# အခန်း (၁၈)

ပပတို့ကို ညို ပြောပြတော့ ပပရော ယမုံပါ အံ့အားသင့်
သွားကြကာ…

"ဟင်…နင့်ဖေဖေက သဘောတူတယ်။ သူ့အကြောင်း
တွေကိုသိလို့ လက်ခံနိုင်တယ် ဟုတ်လား ညို"

"အင်းပါဆို…ငါတော့ သေသာ သေလိုက်ချင်တော့တာပဲ
ဟာ"

ညို စိတ်ပျက်လက်ပျက်ညည်းတော့ ယမုံက …

"ညိုရေ…နင့်အဖြစ်က ခုမှ စုတ်ရော လဲ့ဘ်ရော ဝင်ကိန်း
ကြုံပြီထင်တယ်နော်။ အဟင်း…နင့်ဖေဖေက အင်မတန် စေ့စပ်



www.burmeseclassic.com

www.burmeseclassic.com



သေချာတဲ့လူ၊ သူ လက်ခံတယ်ဆိုမှတော့ တော်ရုံမဟုတ်တော့ဘူး သိလား။ ကြံကြံဖန်ဖန်ပါယ် နှင့်ဖေဖေက ဘယ်လိုလုပ်ပြီး သွားပါ လိမ့်နော်''

''ငါ စဉ်းစားမိပြီ''

ပပစကားကြောင့် ညီက…

''ဟင်…ဘာကိုလဲ''

''ယမုံ မနေ့က နှင်နဲ့ငါ အဲဒီဆိုင်မှာ ညီ့ဖေဖေကို မိုးစ… စကားပြောနေတာလို့ မြင်ခဲ့တယ် မဟုတ်လား''

''အင်းလေ…အဲဒါ ဘာဖြစ်တုန်း''

''သူတို့နှစ်ယောက်တည်း မဟုတ်ဘူး။ တခြားလူ… တစ်ယောက်နဲ့''

''အင်း…အင်း…ဟုတ်တယ်''

''ငါ့အထင် အဲဒီလူကြီးပြောပြလို့ မိုးစက်အကြောင်း… ဖေဖေ သိသွားတာဖြစ်ရမယ်''

''ဖြစ်နိုင်တာပေါ့၊ ဖြစ်လိမ့်မယ်။ ဖေဖေ့မိတ်ဆွေ… တာတဲ့''

''ဘယ်လိုလုပ်မလဲ ညီ''

''ဘယ်လိုလုပ်ရမှန်း မသိလို့ အကြံဉာဏ်လေး…





ပါဦးဟာ၊ ဖေဖေက အမြန်ဆုံး ဆွေးနွေးတိုင်ပင်တော့တဲ့လေ ဒုက္ခ ပါပဲ''

''အင်း…နှင့်ဖေဖေကလည်း သူ့သမီး အပျိုဟိုင်းဘဝနဲ့ အရိုးထုတ်သွားမှာကို တစ်စက်ကလေးမှ လိုလားပုံးမရဘူးနော်။ နှင်ကလည်း အိမ်ထောင်ဆိုတဲ့ အချုပ်ကြီးကို စိတ်ပျက်နေတာနဲ့ တော့ အကိုက်ပဲ အဟင်း''

''ပပ''

''ဟင်''

''အဲဒီလူနဲ့ သွားဆွေးနွေးသင့်သလား''

''ဟင်…ဘယ်လို‥ရှင် ကျွန်မကို လက်ထပ်ပါလို့လား''

''အာ…ဘယ်ကလာ၊ အမှန်အတိုင်းပြောပြပြီး တောင်းပန် …ပုဘပေါ့ဟာ။ ဖေဖေက တကယ်မှတ်ပြီး သူ့ကို စကားတွေကျွံထား …ငံ သူဟန်ဆောင်ပေးမယ်လို့ နှင်တို့ကို ကတိပေးထားတယ်မလား။ …ဖေ့ကို သူ အလိုက်သင့် ဆက်ညာပေးအောင်လို့ပါ။ နောက်မှ …ဘောထားမတိုင်ဆိုင်လို့ လမ်းခွဲလိုက်တယ်လို့ပေါ့''

''ဟင်''

ပပရော ယမုံပါ တစ်ယောက်ကိုတစ်ယောက် မသိမသာ …ညှိမိကြပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကို မိုးစက် ဘာမှမသိတာ ညိုမသိ။

အမှန်အတိုင်းလည်း ညိုကို ပြောမပြရဲတော့ရာ နှစ်ယောက်သား ငြိမ်ကုပ်ကုပ်လေး နှုတ်ဆိတ်နေလိုက်ကြ၏။

ညိုက . . .

"နော် . . . ပပ၊ အဲဒီအစီအစဉ်ကောင်းတယ် ဟုတ်လား။ ငါလည်း စိတ်ထဲ တစ်နေ့မှ မသက်သာပါဘူးဟာ။ အလိမ်ပေါ်သွားရင်ဆိုတဲ့အတွေးနဲ့ တထိတ်ထိတ်။ ခုတော့ ဟို ကိုကျော်မင်းတို့ကိစ္စလည်း ရှင်းသွားပြီဆိုတော့ ကာကွယ်ဟန်ဆောင်ပေးစရာ မလိုတော့ဘူးလေ။ ကျေးဇူးတင်စကားလေးတော့ ပြောသင့်တယ် မဟုတ်လား"

"ညို"

"ဟင်"

"အဲဒီလူက လူ့ဂွစာဟဲ့။ မတော်လို့ ဟောက်လိုက်ရင် အရှက်ကွဲမလားဘဲ"

"မဟုတ်ဘူးလေ . . သူလည်း ခေတ်လူငယ်တစ်ယောက်ပဲဟာ။ ဒီလောက်လည်း ရိုင်းမယ်မထင်ပါဘူး"

"အင်း . . . ဒါလည်း ဟုတ်ပါတယ်လေ"

"ဒါဖြင့် . . . ဒီနေ့ပဲ သွားရအောင်ဟာ"





"ဟင်"

"အခုလား . . . ညို"

"အခုဆိုရင် လူများတဲ့အချိန် မကောင်းဘူးထင်တယ်နော်။ လူနည်းနည်းရှင်းတဲ့အချိန်လောက် မကောင်းဘူးလား"

"အင်း . . . ကောင်းတယ်။ ညနေ ငါတို့မပြန်ခင် လေးနာရီ ငါးနာရီဝန်းကျင်လောက်ဆို ဘယ်လိုနေမလဲ"

"ကောင်းတယ် . . . အဲဒီလိုပဲ လုပ်ရအောင်"

ဘာပဲဖြစ်ဖြစ် ညိုဘက်မှ အကျိုးအကြောင်း အမှန်အတိုင်းကို ရိုးသားပွင့်လင်းစွာပင် ပြောလိုက်ချင်ပါသည်။

ဆုံးဖြတ်ချက်ကျပြီးမှ ညိုလည်း လေးလံနေသောစိတ်တွေ အနည်းငယ်တော့ ပေါ့သွားသလိုပင်။

ထိုအချိန်မှာတော့ 'အိပ်မက်' မှာ ဦးကျော်သက်ကို မိုးစက်က လိမ္မာပါးနပ်စွာ စကားတောက်ကြည့်နေပါသည်။

"ဦးလေး . . . မနေ့ကလာတဲ့ဦး မပါတော့ဘူးလား"

"ဟာ . . . ငါနဲ့သူက အနေဝေးသလို တော်ရုံလည်း ဆုံဖြစ်တာမဟုတ်ဘူးကွ၊ မနေ့ကဆုံတာတောင် တိုက်ဆိုင်လွန်းလို့ကွာ။ သူက လုပ်ငန်းရှင်ဆိုတော့ အလုပ်များတယ်လေ"

"ဟုတ်လား . . . သူက ဘာလုပ်ငန်းရှင်လဲ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မင်းကြားဖူးမှာပေါ့။ မြတ်သင်းဆောက်လုပ်ရေး လေကွာ။ အဲဒါ သူပေါ့"

သေချာပြီ။ သူ ထိတ်ကနဲ ဝမ်းသာသွားရစွာ ဟန်မပျက် ပြောလိုက်ရ၏။

"ဪ…ဟုတ်လား။ နာမည်ကြီးပဲ။ ကျွန်တော်က နာမည်တူထင်နေတာ"

"သူပဲ…သူပဲ။ အောင်မြင်နေတဲ့လုပ်ငန်းကို ဦးဆောင်စီမံနေတဲ့ပုဂ္ဂိုလ်ပေါ့ကွာ၊ သူဌေးကွ။ သူ့မိန်းမက ရွှေဆိုင်နဲ့ သူ့သမီးက စတိုးဆိုင်ကြီး ဟီးနေအောင် သူငယ်ချင်းတွေနဲ့စပ်တူဖွင့်ထားတာ။ ရှယ်ရာအများဆုံးထည့်ဝင်ထားတာကွ။ ဟော…ဟိုဘက်မျက်စောင်းထိုးက 'တော်ဝင်သူ' စတိုးပေါ့ကွာ။ ကောင်မလေးနာမည်က ကြာညိုသင်း၊ ထက်ထက်မြက်မြက်လေးပဲ"

"ဪ"

သူ အတော်ကျေနပ်သွားရ၏။

ညိုဆိုတာ အဲဒီ ကြာညိုသင်းဆိုတဲ့ မိန်းကလေးပင် မဟုတ်ပါလား။ သူ ကောင်းကောင်းမှတ်မိနေသော ကျော်မင်းထွန်း ပြော လိုက်သည့်စကားထဲမှာ…

"ကိုယ့်ကို ငြင်းချင်လို့အကြောင်းပြချက်တစ်ခုအနေနဲ့





ခင်ဗျားနာမည်ကို အလွယ်သုံးလိုက်ပုံရတယ်။ ခင်ဗျား သူ့ကို မသိဘူးဆိုတာ သေချာသွားပြီ။ ကိုယ့်ဇနီးလောင်းရဲ့သိက္ခာအတွက် ကိုယ် မပြောပါရစေနဲ့တော့ ဟုတ်လား"

ကဲ…ဘယ်လောက်ရှင်းသလဲ။

ခုတော့ လယ်ပြင်မှာ ဆင်သွားတာထက်ပင် ကွက်ကွက်ကွင်းကွင်း ဘွားကနဲ ပေါ်လာပြီ။ မင်း ဘယ်ပြေးမလဲ ကြာညိုသင်း။

တွေ့ကြသေးတာပေါ့ကွာ။

မိုးစက်ဆိုတဲ့ကောင်ကို မင်း ဘာထင်လို့ နာမည်အလွဲသုံးစား လုပ်ရတာလဲ။ မင်း အတော့်ကို တရားလွန်နေပြီ။

ဒေါသနှင့် မခံချင်စိတ်တို့ကြောင့် မိုးစက် ဆောက်တည်မရ လှုပ်လှုပ်ရှားရှား ဖြစ်နေရ၏။

နေရာသိပြီ။ လူလည်းသိရပြီ။ သိပ်လည်းမဝေး နီးနီးလေးမို့ ခုပင် ချက်ချင်း ထသွားလိုက်ရင် ကောင်းမလား။

မဖြစ်သေးဘူး ထင်သည်။ သူက မိန်းကလေး။ သူ့ပိုင်နက်ထဲ ကိုယ်ဝင်သွားပြီး လာရောက်ရမ်းကားပါသည်ဟု ပရိယာယ် မာယာတွေသုံးလိုက်လျှင် အခက်။

မိန်းမဆိုတာ အင်မတန်မှကို မာယာများတတ်သည့် သတ္တဝါ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



မိုးစက် မင်း ခေါင်းအေးအေးထား စဉ်းစားစမ်း။ မမှားစေနဲ့။ သူ့အလွန်က ကိုယ့်အလွန်မဖြစ်စေနဲ့။ ပိုင်မှပြော။ စိတ်ရှည်ရှည်ထား။

တကယ်ပင် စိတ်လှုပ်ရှားရလွန်း၍ သူ ဂဏာမငြိမ်တော့။ ဖိုးတာကပင် သတိထားမိကာ သူ အဝင်ဝဆီ တကြည့်ကြည့်ရှိနေမှုကို မေးတော့၏။

"အစ်ကို...သွားစရာရှိလား"

"မရှိပါဘူးကွာ"

"တစ်ယောက်ယောက်နဲ့ ချိန်းထားလား"

"မချိန်းပါဘူး...ဘာလို့လဲ"

"မသိဘူးလေ...အစ်ကို့ကြည့်ရတာ အပြင်ထွက်မလိုလို၊ တစ်ယောက်ယောက်ကိုပဲ မျှော်နေသလိုလို ဖြစ်နေလို့"

"ဟင်"

ဖိုးတာပြောမှပင် သူ ယောက်ယက်ခတ် မှုပျက်နေမှုကို ဆင်ခြင်မိတော့၏။ တစ်နေ့လုံး နေလို့ထိုင်လို့ပင် မကောင်းတော့။

အရေးထဲ အဲဒီစတိုးမှ လာသောက်နေကျ နှစ်ယောက်(...) လည်း ပေါ်မလာတော့။ ထိုနှစ်ယောက်ကိုတော့ သူသိ၏။

မရင်းနီးပါ။ ပပနှင့် ယမုံ။

နှစ်ယောက်စလုံး သူ့ကိုတော့ ခင်မင်ချင်မျက်နှာပေး(...)





နှင့် မျက်နှာချိုသွေးပြတတ်ပေမယ့် သူ ခပ်တင်းတင်းပင် နေထား၏။ ဒီနေ့တော့ အဲဒီနှစ်ယောက်သာ လာခဲ့ပါလျှင် သူကပင် စပြောရတော့မည်။ လိုရင်း တိုရှင်းပဲ။

*"ကြာညိုသင်းနဲ့ ရှင်းစရာရှိတယ်"* ဟူ၍။

ညနေလေးနာရီခွဲလောက်မှာ သူ ဆတ်ကနဲ ဖြစ်သွားရတော့၏။

ဆိုင်အဝင်ဝမှ ဝင်လာသော သုံးယောက်ထဲမှာ ကြာညိုသင်း ပါနေသည် မဟုတ်ပါလား။

တစ်နေ့လုံး ယောက်ယက်ခတ် စိတ်တိုထားခဲ့ရသူမို့ ဝင်လာနေသော ထိုတစ်ယောက်ကို သူ အစိမ်းလိုက်ဝါးစားတော့မည့် မျက်ဝန်းများဖြင့် ကောင်တာမှ လှမ်း၍ ကြည့်နေလိုက်၏။

ကြာညိုသင်းကလည်း သူ့ထံ အပြစ်ရှိသောမျက်ဝန်းဖြင့် ဝေ့ကနဲ လှမ်းကြည့်ပြီး အနီးဆုံးဝိုင်းမှာ ဝင်ထိုင်ကြရန် ဟန်ပြင်နေစဉ် သူက ဖိုးတာကို လှမ်းပြောလိုက်၏။

"ဖိုးတာ အဲဒီသုံးယောက်ကို ဒီဘက် အထဲဝိုင်းဆီ ခေါ်ခဲ့ကွာ"

"ဟုတ်ကဲ့...အစ်ကို"

သူ့မျက်နှာအကြည့်၊ သူ့လေသံ မာဆတ်ဆတ်တို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ညို လာမိတာမှားပြီဟူသော အားငယ်တွေးလေး ရှိသွားရစဉ် ယမုံက တိုးတိုးလေး အတင်းပြောနေသေး၏။

"ဟဲ့…ဆိုင်ရှင်ကလည်း ကြိုဆိုပျူငှာ ချိုသာလိုက်တာ နော်။ သူ့ဆိုင် လာအားပေးတာကို ပြောနေပုံကြည့် လှည့်ပြန်စရာ"

ပပက ညို့ကို လက်ကုတ်၍…

"အဲဒါ…နင်ပါလာလို့ သိလား၊ မထူးဘူး။ ကိုယ်ပြော ချင်တာပြောပြီးမှပဲ ပြန်မယ်ဟာ"

စကားအဆုံး ပပက စားပွဲဝိုင်းထဲ ဝင်မထိုင်ခင် မိုးစက်ထံ သွားကာ ပြောလိုက်၏။

"ကိုမိုးစက် ကျေးဇူးပြုပြီး ခဏလောက် ပြောစရာလေး ရှိလို့"

စကားအဆုံး ပပ ချာကနဲ လှည့်ထွက်လာပြီး ညိုတို့နှင့်အတူ ဝင်လာထိုင်လိုက်၏။ မိုးစက် ပို၍ စိတ်တိုသွားရလေပြီ။

ကြည့်စမ်း…လာလာချေသေးကွာ။ သူတို့ကပဲ ပြောစရာ ရှိတယ်တဲ့။ ရှုပ်ရှုပ်ယှက်ယှက်တွေ၊ ဘာတွေ ကလိန်ကကျစ် ပြော ဦးမှာတဲ့လဲ။ လုံးဝ နားမထောင်နိုင်ဘူးကွာ။

မိုးစက် ဆတ်ကနဲ ထလာကာ ခြေလှမ်းကျဲတွေဖြင့် လျှောက်လာပြီးမှ ထိုင်နေသော ညို့ကို လက်ညှိုးထိုးကာ…





"ကြာညိုသင်း နော်"

"ရှင်…ဟုတ်"

ညို ဒိန်းကနဲ တုန်သွားရစွာ သူ့ကို မော့ကြည့်လိုက်သည် နှင့် အထင်သေးသော မျက်ဝန်းစူးလက်လက်တစ်စုံနှင့်အတူ လှောင် ပြောင်သရော်ပြုံးသော သူ့နှုတ်ဖျားမှ စကားသံတွေက ညို့ နားမှ တစ်ဆင့်၊ ရင်ထဲ ဦးနှောက်အသိတရားတွေထဲ ဆိုးဝါးပြောင်းဆန် သွားရစွာ ကြမ်းတမ်းနှင့်သီးခြင်းကြီးစွာ ကဆုန်စိုင်း ဝင်လာရပါ တော့၏။

"မင်း…အတော့်ကို ဣန္ဒြေသိက္ခာမဲ့တဲ့စကားတွေနဲ့ ငါ့ကို ဆွဲထည့်အသုံးချထားတာတွေ ရပ်တန်းက ရပ် ဟုတ်လား။ ငါဆိုတဲ့ ကောင်က မိန်းမဆို ရွံလွန်းလို့ ကင်းအောင်နေခဲ့တာ။ မင်းအရုပ်တွေ ထဲ ငါ့နာမည် ခုတုံးလုပ်ထားတာ အတော်လွန်တာပဲ။ မရှက်ဘူးလား ကွာ။ မင်းမရှက်ပေမယ့် ငါ ရှက်တယ်၊ နာတယ်၊ သနတယ်"

ညို ဘယ်လိုမှ နားမထောင်ရဲတော့စွာ ဖြုန်းကနဲ ထွက်ပြေး လာခဲ့ပါတော့၏။

ရှိုက်သံနှင့်အတူ မျက်ရည်စက်တွေပါ လွင့်စင်လိမ့်ကျ သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ညို့တစ်သက်မှာ ဒီလို အပြောခံရတာမျိုး မကြုံခဲ့ရ
သဖြင့် ခုလို ပက်စက်ရင့်သီးစွာ အပြောခံလိုက်ရသောအခါ . . .

အံ့ဩတုန်လှုပ် ထိတ်လန့်ခြင်းနှင့်အတူ . . .

ရှက်ရွံ့ သိမ်ငယ်ခြင်းများ စုဝေးကာ ညို့တစ်ကိုယ်
ထိုနေရာမှာပင် ထိုလူ့ မျက်ဝန်းစူးစူးအောက်မှာ ပြာကျလွင့်
ပျောက်ကွယ်သွားလိုက်ပါလျှင် ဘယ်လောက် ကောင်းလိုက်
လဲ။ ဒါမှမဟုတ် ထူပူ ရှက်ရွံ့ တုန်လှုပ်စိတ်ဖြင့် ထိုင်ရက်ငုတ်
လေး မြေကြီးဟက်တက်ကွဲကာ ညို့ကို ဝါးမျို ဖျောက်ဖျက်ပစ်
ပါလျှင်လည်း ညို ကျေနပ်အားရ လိုလားစွာပင် ငြိမ်သက်စွာ
မည်သာပင်။





◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

ခုတော့ ဆိုးဝါးလိုက်တဲ့ ညို့အဖြစ်နှယ်။ လူတစ်ယောက်၏
အထင်သေးရွံရှာ နှိမ့်ချ ရှုံ့ချ ပြစ်တင်မှု စကားသေနတ်တွေ အောက်
မှာ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်လောက်အောင် ချောက်ချား အားငယ်
မျက်ဝန်းများဖြင့် ညို အလန့်တကြားလေး ကြောင်တက်တက်
ကြည့်နေရုံမှလွဲ၍ ဘာမှ မတုံ့ပြန်နိုင်။

ဆင့်ကဲ ဆင့်ကဲ သွန်အန်ထွက်လာမည့် သူ့နှုတ်ဖျားမှ
ကြောက်စရာ၊ ရှက်စရာ စကားများကို ညို ဆက်ပြီး ငြိမ်သက်စွာ
ခံ့ထောင်နိုင်သောအင်အားလည်း မရှိတော့။ သတ္တိတွေလည်း မရှိ
တော့။

အံ့ဩ မင်သက်သော မျက်ဝန်းထဲမှ အိုင်ထွန်း စို့ဝဲလာရ
သော မျက်ရည်များ သွန်ကျမလာခင် ညို ထွက်ပြေးလာခဲ့ပါ၏။

ရှက်လွန်း၍ အတတ်နိုင်ဆုံး အောင့်အီးမျိုသိပ်ထားသည့်
ငိုသံများမှ ရှိုက်သံက တားမရ ဆီးမနိုင် ထွက်ကျလာရသေး၏။

ဆိုင်ထဲမှ ညို ဘယ်လိုခြေလှမ်းတွေဖြင့် လှမ်းထွက်လာခဲ့
လဲ မသိပါလေတော့။

ညို့တစ်ကိုယ်လုံး ထူပူတုန်ယင် ရှက်ရွံ့စိတ်များဖြင့်
တက်ဆတ်ဆတ်တုန်နေကာ စတိုးဆိုင်ရှိရာဆီ လမ်းတစ်ဖက်ဆီသို့
ထောက်တွေက သူ့အလိုလို အသော့ပြေးနေပေမယ့်၊ ညို့



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းထဲမှာ မျက်ရည်များဖြင့် ပြည့်လျှံကာ ဘာကိုမှ သဲကွဲစွာ မမြင်တော့။

မြင်အောင်လည်း ညို ကြိုးစားဖို့သတိမရတော့။ ဆိုင်ရှေ့ ချင်စိတ်တစ်ခုတည်းသာ ညို့မှာရှိ၏။ နောက်မှ ယမုံ့အသံကို သဲ့သဲ့ ကြားနေရသော်လည်း ညို လှည့်မကြည့်တော့။ မနားတမ်းပြေး လမ်းကို ဖြတ်ကူးလိုက်ချိန်မှာ ယမုံ့အသံသဲ့သဲ့ကို ညို ကြားလိုက်၏။

"အမလေး…ညို"

"ဝုန်း"

ညို့တစ်ကိုယ်လုံး လွင့်စင်သွားရပါပြီတည်း။

ထိုအချိန်မှာတော့ 'အိပ်မက်' ထဲမှာ ပပက မိုးစက် ပြောနေ၏။

ထွက်ပြေးသွားသော ညို့နောက်သို့ 'ယမုံလိုက်သွား' ပပက ပြောပြီး မတ်တတ်ရပ်ကာ…

"ဒီမယ် ကိုမိုးစက်၊ ရှင် သိပ်လွန်တယ် သိလား။ ညို လေး တစ်ယောက်ကို ရှင် ဒီလောက်အထိ ချိုးချိုးဖဲ့ဖဲ့ မပြော ဘူး"

"ဘာ…ငါလွန်တယ်။ ခင်ဗျားလူက ကျုပ်ကို





ထည့်ရတာလဲ၊ ဘာသဘောလဲ။ လုံးဝ မရိုးသားတဲ့သဘောဘဲ မဟုတ်လား"

"ညိုက ဒီလိုမရိုးသားတဲ့ အစားထဲက မဟုတ်ဘူး ကိုမိုးစက်။ ရှင် အထင်မှားနေပြီ။ ခုတော့ ညို ဘယ်လောက် ရှက်သွားရမလဲ။ ဒီနေ့ သူ လိုက်လာတာဟာ ရှင့်ကို အကျိုးအကြောင်းတွေ အမှန်အတိုင်းပြောပြပြီး တောင်းပန်ဖို့ သိလား။ ရှင်ဟာ တကယ့်ကို စာနာ ညှာတာစိတ်ကင်းတဲ့လူပါလား"

"ထင်ချင်သလိုထင်ကွာ…ဘာတွေလဲ။ ရှုပ်ရှုပ်ယှက် ယှက်"

"အစ်ကို…အစ်ကို"

သူနှင့်ပပတို့ အခြေအတင်ပြောဆိုနေစဉ် ဖိုးတာပြေးလာ ကာ…

"ကားအက်ဆီးဒင့် ဖြစ်တယ် အစ်ကို"

အရေးထဲ ဖိုးတာစကားက အရင်းမရှိ အဖျားမရှိမို့ သူ စိတ်တိုသွားရစ္စာ…

"ဟာ…အဲဒါ ဘာဖြစ်လဲကွာ။ အရေးထဲ မင်းကလည်း"

"မဟုတ်ဘူး အစ်ကို၊ ခုနက ဆိုင်ထဲက ပြေးထွက်သွားတဲ့ မမကို တိုက်မိသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



“ဘာ”

“ဟင်…အမလေး…ဘုရားရေ…ညို”

သူရော၊ ပပပါ လှုပ်လှုပ်ရှားရှားဖြစ်သွားရကာ ပပက သူ့ကို မျက်စောင်း ဒိုင်းကနဲထိုး လှည့်ထွက်သွားရင်း အော်ပြော သွားလိုက်သေး၏။

“ညိုသာ တစ်ခုခုဖြစ်ရင်တော့လား ရှင် တရားခံ”

“ဟာ”

သူ ရုတ်တရက် တုန်လှုပ်သွားရစွာ ကြက်သေသေနေပါ တော့၏။

ဖိုးတာကလည်း ပြေးထွက်သွား၏။

သူ့ခြေထောက်တွေကို ဆိုင်အဝင်ဝ တံခါးဆီရောက်အော မနည်းကြီး လျှောက်လာရ၏။ စိုးရိမ်တုန်လှုပ်မှုများဖြင့် သူ့တစ်ကိုယ် လုံး ကျောက်ရုပ်တစ်ရုပ်ပမာ မတ်တောင့်တောင့် ကြောင်စီစီနိုင ၏။

လှမ်းလှမ်းမှာ လူတွေ ရုတ်ရုတ်သဲသဲနှင့် ရှိနေတာကို ကြည့်လည်းကြည့်ချင်၊ မြင်လည်းမမြင်ရဲသလို စိတ်တွေ ချောက်ချ နေမိ၏။ သူ့ကြောင့် ထိုတစ်ယောက် တစ်စုံတစ်ခုများ ဖြစ်သွား ပြီလား။





ဖြစ်ခဲ့လျှင်တော့ ခုနက ပပ ပြောသွားသလို သူ တရားခံ ဖြစ်မည်လား။

အို…ဘာမှမဖြစ်ပါစေနဲ့။

တံခါးဝမှာ သူ ဝင်ရမလို ထွက်ရမလိုရှိနေစဉ် ဖိုးတာ ပြေးလာတာ မြင်လိုက်ရ၏။

ဟိုဖက်မှာတော့ ကားတွေ ထွက်သွားတာလည်း လှမ်းတွေ့ မိ၏။ ဖိုးတာက မျက်နှာမကောင်း။

“အစ်ကို…အဲဒီအစ်မကို ဆေးရုံပို့လိုက်ပြီ”

“ဖိုးတာ…သေသွားပြီလားဟင်”

“မသိဘူး…အစ်ကို။ သွေးတွေမနည်းဘူးဗျာ။ ခေါင်းထိ သွားတာ ထင်တယ်။ သတိလစ်နေတာလို့တော့ ပြောသံကြားရ တယ်”

“ဟင်”

“ကားသမားအလွန်တော့ မဟုတ်ပေမယ့်၊ အဲဒီအစ်မက ဗြုတ်ဖြတ်ကူးတော့ သနားပါတယ် အစ်ကိုရာ”

ဖိုးတာ စကားကို သူ ရှင်းအောင်မမေးရဲပါ။

ဘယ်သူ့ကို သနားတာလဲ။

ကားဆရာကိုလား၊ ကြာညိုသင်းကိုလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ အစ်ကို၊ သူနဲ့အစ်ကို စကားများကြတာလား။ ကျွန်တော် လက်ဖက်ရည်သွားယူနေလို့ မသိလိုက်ဘူးဗျာ"

"ဘာမှ မဟုတ်ပါဘူးကွာ"

"အစ်ကိုကလည်း ဘာလို့ မဟုတ်ရမှာလဲ။ အဲဒီအစ်မ ငိုပြီး ပြေးထွက်သွားတာပဲ"

"ဟင်"

"အဲဒါကြောင့် ကားတိုက်တာ။ သနားပါတယ်ဗျာ။ တကယ်တော့ အဲဒီအစ်မက ဒီဆိုင် လာလေ့လာထ မရှိပါဘူး။ ပထမဆုံးတစ်ခေါက် စ လာလာချင်း အစ်ကို ခွက်တစ်လုံး ငါးထောင်ယူပစ်လိုက်တဲ့ အစ်မပေါ့၊ မှတ်မိလား။ အဲဒီကတည်း လုံးဝမလာတော့တာ။ ကျွန်အစ်မနှစ်ယောက်ပဲ နေ့တိုင်းလာတာ"

ဖိုးတာစကားကို သူ အင်းမလှုပ် အဲမလှုပ် နားထောင် မိ၏။

ခါတိုင်းသာဆို သူလား နားထောင်မှာ…

"တော်စမ်းကွာ…အရည်မရ၊ အဖတ်မရ စကားတွေ"

ဟူ၍ ပိတ်ပြော ဟန့်တား ငေါက်ငမ်းလိုက်မည်။ ခုတော့ သူ့မှာ စိတ်နှင့်လူ မကပ်သလိုကြီး ဖြစ်နေရလေပြီ။





"သုံးယောက်ထဲမှာ အဲဒီအစ်မက အလှဆုံး အချမ်းသာဆုံးတဲ့ အစ်ကိုရ။ မာနလည်း ကြီးပုံရတယ်။ ခုတော့…"

"ဖိုးတာ"

"ဗျာ"

"ဒီနေ့ ဆိုင်စောစောပိတ်မယ်ကွာ"

"ဗျာ…ဟုတ်ကဲ့…ဟုတ်ကဲ့ အစ်ကို"

ဆိုင်ပိတ်ကာ သူ့ သီးသန့်အခန်းလေးထဲရောက်တော့မှ ခြေပစ်လက်ပစ် ခုတင်ပေါ် ပက်လက်ဆန့်ဆန့် လှဲပစ်လိုက်မိ၏။

နဖူးပေါ်လက်တင်ကာ မျက်နှာကျက်အပြာရောင် ဖျော့ဖျော့ကို မျက်တောင်မခတ် သူ ငေးစိုက်ကာ ကြည့်နေမိလေသည်။

သူ့မျက်ဝန်းထဲမှာ မျက်နှာကျက်ပေါ်မှ ပေါ်လာသော မျက်နှာလေးတစ်ခု။

သွယ်လျ ပြည့်တင်းသော ဖောင်းမို့မို့ မျက်နှာလှလှလေးပေါ်မှ ရှက်ရွံ့ထိတ်လန့် အံ့ဩဟန် မျက်ဝန်းရွှန်းရွှန်းလေးထဲမှာ သူ့ကို ချောက်ချားတုန်လှုပ်စွာ ကြည့်နေရာမှ သူ့စကားတွေကြောင့် ရှတ်ခြည်း ပျက်ယွင်းသွားရစွာ နှုတ်ခမ်း တဆတ်ဆတ်တုန်ကာ မျက်ရည်တွေဝဲကာနဲ့ စိုလက်အိုင်ထွန်းသွားရသော မျက်ဝန်းများ…

အို…သူ…မှားသွားပြီလား။



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို လွန်သွားပြီလား။

မိန်းကလေးတစ်ယောက်ကို မစာမနာ ရက်စက်စွာ သူ ပြောမိလေပြီလား။

ခုတော့ ကားတိုက်ခံရတာဟာ သူပယောဂ လုံးလုံး မဟုတ် ပါလား။

သူ ဘာလုပ်သင့်သနည်း။

သူမ အခြေအနေက ဘယ်လိုရှိပါလိမ့်။

သူ အလွန်သိချင်လှပါ၏။



## အခန်း (၂၀)

အိပ်မောကျနေရာမှ ဖျတ်ကနဲ နိုးလာရသူပမာ သူ့ အသိ တရားများကို သတိထား စုစည်းမိလိုက်၏။

သူ ကားအတိုက်ခံလိုက်ရတာပဲ။

အခု သူ ဘယ်ရောက်နေပြီလဲ။

ပက်လက်စန့်စန့် အနေအထားရှိနေသော သူ့ခန္ဓာကိုယ် တစ်ခုလုံး ဘယ်နေရာ ဘာဖြစ်သွားပါလိမ့်ဟူသော စူးစမ်းမှုဖြင့် သူ့လက်ချောင်းလေးတွေ လှုပ်စမ်းကြည့်၏။

လက်ဘာမှမဖြစ်။ ခြေချောင်းလေးတွေကို မသိမသာ လှုပ်ကြည့်မိ၏။ ခြေလည်း ဘာမှမဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့။

"ညို...ညို...သတိရပြီလား"

ပပအသံကြောင့် သူ့ မျက်လုံးတွေ ဖျတ်ကနဲ ဖွင့်လာရကာ ခေါင်းလေးကို စောင်းငဲ့ကြည့်လိုက်တော့ ဂျိုစောင်းမှာ စစ်ကနဲ နာ၏။

"ကျွတ်...ကျွတ်"

မျက်နှာလေး ရှုံ့ကာ သူညည်းတော့ ယမုံက...

"ညို...နေကောင်းရဲ့လား၊ သတိရပြီနော်။ တော်ပါသေး ရဲ့ဟာ"

"ငါ...ဘယ်ရောက်နေလဲဟင်"

"ဆေးရုံလေ၊ နင် သတိလစ်နေတာ။ ဂျိုစောင်းမှာ ဒဏ်ရာ ရထားတယ်။ ခေါင်းမူးလားဟင်...ညို"

အနာရှိန့်ကြောင့် အနည်းငယ်တော့ မူးနောက်နောက်လေး ဖြစ်နေ၏။ ပပက...

"ညို...နေကောင်းရဲ့လား"

"အင်း...ကောင်းပါတယ်"

"တခြား ဘယ်နေရာ နာသွားသေးလဲ ညို"

"ဟင့်အင်း"





"နှင့်အိမ်လည်း ဖုန်းဆက်ထားတယ်၊ ရုတ်တရက်ဆိုတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူးဟာ။ တော်ပါသေး ရဲ့ ဆိုးဆိုးဝါးဝါး မဖြစ်လို့"

"သမီး"

ဖေဖေရော မေမေပါ ရောက်လာကြကာ စိုးရိမ်တကြီး မေးပါတော့၏။

"ဘယ်လိုဖြစ်ရတာလဲကွယ်။ မသေကောင်း မပျောက် ကောင်း သမီးရယ်"

ညို့ဘေးမှာ ဝင်ထိုင်ကာ မေမေက မျက်နှာပျက်ရစွာပြော ပြီး ညို့ခေါင်းမှပတ်တီးကိုလည်း မသက်မသာ ကြည့်မိရ၏။ ဖေဖေက...

"နေကောင်းရဲ့လား သမီး"

"ဟုတ်...ကောင်းပါတယ် ဖေဖေ"

"တိုက်တဲ့ကားကရော ဘာတဲ့လဲ"

"ဟို...ညို အလွန်ပါဖေဖေ။ ကားသမားအပြစ် မဟုတ်ပါ ဘူး။ ညို မမြင်ဘဲ ဖြတ်ကူးမိလို့"

"ဟင်...ဘယ်နေရာမှာ ဖြစ်တာလဲ"

"ဆိုင်နားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးမှာ ကားရှိသားနဲ့ ဘယ်သွားလို့ လမ်းဖြတ်ကူးရတာလဲကွယ်"

"လက်ဖက်ရည်ဆိုင်ပါ မေမေ"

"ဟင်"

ဖေဖေရော မေမေပါ တစ်ယောက်ကိုတစ်ယောက် ဖျတ်ကနဲ ကြည့်လိုက်ကြပါတော့၏။

ဒါကို ညီရော၊ ပပတို့ကပါ ဒက်ကနဲ သဘောပေါက်လိုက်၏။

မိုးစက်ဆိုင်ကို လက်ဖက်ရည်သွားသောက်သည်ဟူသော အဖြေပင် မဟုတ်ပါလား။

သေသာ သေလိုက်ချင်ပါသည်။

ထိုစဉ် ဆရာဝန် ရောက်လာကာ ပြုံး၍...

"ဘယ်လိုနေလဲ။ နေကောင်းရဲ့လား။ ခေါင်းကဒဏ်ရာရော နာနေသေးလား၊ တော်သေးတယ်။ ဒဏ်ရာက ခပ်ပေါ့ပေါ့လေးမို့ အကြောက်လွန်ပြီး သတိလစ်သွားတာ ဖြစ်မယ်။ ဘယ်နေရာတွေ နာနေသေးလဲ"

"မနာပါဘူး ဆရာ...ကောင်းပါတယ်"

"အိုကေ...စိုးရိမ်စရာမရှိတော့ဘူး ဟုတ်လား"





"ဒါဖြင့် ပြန်လို့ရမလား ဆရာ"

"အင်း...ရတာပေါ့၊ ချုပ်ရိုးကို တစ်ပတ်ပြည့်တဲ့နေ့မှာ ဖြေမယ်၊ တစ်ချက်ပဲ ချုပ်ရတာပါ။ အနီးဆုံးဆေးခန်းတစ်ခုခုမှာ ဖြေလည်း ရတာပဲလေ"

"ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ် ဆရာ"

ဖေဖေရော မေမေပါ ခုမှပင် သက်ပြင်းလေး မသိမသာ ချကြပါတော့၏။

အပြန်မှာ ပပတို့လည်း ပါနေသဖြင့် ဖေဖေရော မေမေပါ ဘာမှမပြော။ အိမ်ရောက်တော့ မေမေက...

"သမီးအခန်းထဲမှာ သွားနားနော်။ ပပတို့လည်း မသွားပါနဲ့ဦးကွယ်။ သမီးအဖော်ရအောင် နေပေးပါနော်။ ဟုတ်လား"

နကိုကတည်းကပင် နေချင်နေသော ပပတို့က သဘောကျသွားရုစ္စာ...

"ဟုတ်ကဲ့ပါ အန်တီ...နေပါ့မယ်"

"အေး...အေး...ကျေးဇူးပါပဲ သမီးတို့ရယ်"

ညီ့အခန်းထဲရောက်တော့မှ အပြင်မှာ ဟန်ဆောင်ထားခဲ့ရသမျှ ညီ့ စိတ်ကိုလျှော့လိုက်သည်နှင့် မျက်ရည်တွေက အလိုလို ကျလာရပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ပပရော ယမုံပါ အထိတ်တလန့် ရှိသွားရကာ ပျာပျာသလဲ မေးတော့သည်။

"ဟင်…ညို…ဘာဖြစ်လို့လဲ၊ ဘယ်နေရာ နာလို့လဲဟင်။ နေမကောင်းဘူးလား"

ညို ခေါင်းအသာရမ်းကာ မျက်ရည်များကို ကြိုးစားသုတ်ရင်း ပြောလိုက်၏။

"ငါ…အရမ်းရှက်လို့ပါဟာ။ တစ်ခါတည်း သေသွားလိုက်ရင် ဘယ်လောက်ကောင်းမလဲနော်"

"အို…မဟုတ်တာ၊ ညိုကလည်း ဘာလို့သေရမှာလဲ"

"အေးလေဟယ်…တကယ်လွန်တာက သူပါညိုရယ်။ နင်က ဘာလို့ ဒီစကားပြောရတာလဲ။ ခပ်မာမာနေစမ်းပါဟာ"

"အဟင်း"

မချိုပြုံးလေးပြုံးကာ ညို မငိုမိအောင် ကြိုးစားလေ မျက်ရ… တွေက တားမရ ဆီးမနိုင် ကျလာလေနှင့် ညို့ကို ကြည့်ပြီး ပပ… ယမုံပါ စိတ်မကောင်းနိုင်တော့။

ကျလာသောမျက်ရည်တွေကို မနိုင်အင်ကာ သုတ်ဖယ်… ရင်း ညို ကြေကြေကွဲကွဲ ဝမ်းနည်းရှက်ရွံ့စွာ မချိတရိလေး … လိုက်မိလေသည်။





"ငါဟာ အတော့်ကို ဣန္ဒြေမဲ့ အရှက်မဲ့ သိက္ခာမဲ့တဲ့ မိန်းမ တစ်ယောက်ပါလားနော်။ သူ့အတွက် အရမ်းကို အထင်သေးစရာ ကောင်းနေပြီပဲ။ ဘယ်လောက် ရှက်စရာကောင်းလဲလို့။ အသက် မရှင်ချင်တော့လောက်အောင်ပါဘဲဟာ"

ပြောရင်း ညို မျက်ရည်ကျလာရပြန်၏။

ပပက…

"ညိုကလည်းဟာ ဘာလို့ ဒီလိုတွေးရတာလဲ၊ မဟုတ်တာ နော်။ သူ့ကြောင့် ညို ကံကောင်းလို့မသေတာသိလား။ ငါတို့ လုံးဝ သူ့ကို ခွင့်မလွှတ်ဘူး။ ပညာပေးရမယ်နော် ယမုံ"

"ဒါပေါ့…ဒီလူ အတော်ဆိုးတဲ့လူ"

ပပနှင့် ယမုံတို့က ညို့အတွက် မခံမရပ်နိုင် ဖြစ်နေကြတာ ကို ညို ခေါင်းအသာရမ်းလိုက်ပြီးမှ…

"တော်ပါတော့ဟာ၊ နေပါစေတော့။ ငါ သူ့ကို ကြောက် သွားပါပြီ"

"ဟင်"

"နောက်ထပ် ဆက်စပ် ပတ်သက်မှုတွေ မရှိချင်တော့ပါ ဘူးဟာ။ သွား မပတ်သက်ပါနဲ့တော့"

"ညို…နင်ကလည်း ဘာလို့ ဒီလောက်တောင် ပျော့ညံ့



www.burmeseclassic.com

www.burmeseclassic.com



အားငယ်သွားရတာလဲဟာ။ ဒါ ကြာညိုသင်း မဟုတ်ပါဘူးနော်။ နှင့်ပုံစံက ဒီလိုမှ မဟုတ်တာ''

''အဟင်း…ဟုတ်တယ်ပပ။ ကြာညိုသင်းဆိုတဲ့ မိန်းမက ဘယ်ယောကျ်ားကိုမှ အထင်ကြီးစရာလို့ မမြင်ထားတာလေ။ အထင်မကြီးတဲ့အပြင် ကိုယ့်ကိုယ်ကို ဟုတ်လှပြီလို့ ဘဝင်တစ်ခွဲသားလေးနဲ့ မာန်ထည်ထည်နေလာခဲ့တဲ့ မိန်းမပါ။ ခုတော့ အဲဒီလူရဲ့ ပါးစပ်က ထွက်လာတဲ့စကားလုံးတွေကြောင့် ငါ့ကိုယ်ငါ စကြာဝဠာ အပြင်ဖက်ထိ လွင့်ထွက်သွားရလောက်အောင်ကို ရှက်မိတယ်။ သူ့ကို နောက်တစ်ကြိမ် မဆုံရဲတော့လောက်အောင်ကို ရှက်မိတယ်။ ဆိုင်ချင်းနီးတော့ ဒီလူနဲ့ ငါ တစ်ကြိမ်ကြိမ်တော့ မတွေ့ဖြစ်ဘဲ နေမှာမဟုတ်ဘူးလေ။ တွေးကြည့်…ငါ ဘယ်လိုမျက်နှာနဲ့ နေရမလဲ။ အရှက်မရှိတဲ့ မိန်းမတစ်ယောက်အဖြစ်နဲ့ သူ့မျက်လုံးအောက်မှာ ငါ တစ်သက်လုံး မျက်လွှာချ ခေါင်းငုံ့ထားရတော့မယ်။ ဘယ်လောက်ဆိုးတဲ့ အဖြစ်လဲနော်''

''ညိုရယ်''

''ငါ ဆုံးဖြတ်ပြီးပြီ''

''ဟင်''

''ငါတို့ဆိုင်ကို တခြားတစ်နေရာရာ ပြောင်းရအောင်ဟာ''





''ဟင်''

''အဲဒီနေရာနဲ့ ဝေးလေ ကောင်းလေပဲ''

''ညိုရယ်…နေရာကောင်းလေးကို၊ ဘာဆိုင်လဲ… ဂရုမစိုက် စမ်းပါနဲ့ဟာ''

''ဟင့်အင်း…ငါ ဂရုစိုက်ရမယ် ပပရယ်။ အဲဒီနေရာကို ငါ ဘယ်တော့မှ သွားမှာမဟုတ်လို့ပါ။ အင်းလေ…နှင်တို့ဖက်က တွေးတာလည်း မှန်ပါတယ်။ နေရာကောင်း ရောင်းကောင်းတဲ့ နေရာကနေ တခြား ဘယ်ရွှေ့ချင်မလဲလေ။ မရွှေ့ချင်လည်း ရတယ်။ ဘယ်တော့မှ ဆိုင်ကိုလာတော့မှာ မဟုတ်လို့ပါ။ ငါမရှိလည်း နှင်နဲ့ ယမုံ ဆက်လုပ်သွားပေါ့ဟာ''

''မဟုတ်တာ ညိုရယ်…နှင်မရှိလို့ ဖြစ်မလား။ နှင်က ခေါင်းအကျဆုံးပဲဟာ၊ စဉ်းစားတာပေါ့နော်။ တခြားနေရာလည်း စမ်းပါ့မယ်။ ဒါပေမယ့် နှင် အဲဒီလောက်အထိ စိတ်မပျက်ပါနဲ့ ညိုရာ။ နေဦး…အဲဒီလူတော့လား တွေ့မှ ပြောကိုပစ်မယ်''

''ပပ''

ပပစကားကြောင့် ညို အလန့်တကြားလေး ခေါ်လိုက်မိပြီး …

''ငါ တောင်းပန်ပါတယ်ဟာ။ အဲဒီလူနဲ့ တတ်နိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ကင်းကင်းရှင်းရှင်း နေပေးစမ်းပါနော်။ နင်တို့ထပ်ပြီး အရှက်အကွဲ
ချင်လို့လားဟင်''

''ဘာရယ်''

''သူ့စကားထဲမှာ မကြားဘူးလား။ ငါဆိုတဲ့ကောင်
မိန်းမဆို ရွံ့လွန်းလို့ ကင်းအောင်နေခဲ့တာတဲ့လေ။ အဟင်း…ဘ
လောက် ကြောက်စရာကောင်းလဲ။ သူ့တစ်ကိုယ်လုံး မိန်းမ
တရားကြီး ဖုံးလွှမ်းနေတဲ့ လူတစ်ယောက်ကို ဘာလို့ သွား
သက်ချင်ရတာလဲ။ ငါ့အမြင်က သင်ခန်းစာပဲ မဟုတ်လား။ ရပ်
က ရပ်လိုက်ပါနော် ပပ''

''ရပ်ရမယ် ဟုတ်လား ညို''

''အင်းလေ''

''ဒါဆို သူ ပိုပြီး သွေးနားထင်ရောက်သွားမှာပေါ့ပဲ
မှန်းသိအောင် အမောက် ထောင်ကိုထောင်ပြရမှာ သိလား။
မှာ သူထင်နေသလို မိန်းမတိုင်း အထင်သေးစရာမဟုတ်
ဆိုတဲ့ အမြင်မှန်လေး ရသွားအောင်ကို ပညာပေးဖို့ လိုနေပြီ
''ဟုတ်တယ်…ညို။ ပပ ပြောတာ ငါထောက်
ဒီလူ ဒီလောက်အထိ တစ်ယူသန်အစွန်းရောက်နေတာ
ရှုးသွားနိုင်တယ်။ ဟွန်း…သိမယ်။ နင့်ကို သူ စော်ကား





နင့်ရှေ့မှာ ဒူးထောက်တောင်းပန်တဲ့အနေအထားရောက်မှ ငါတို့
ကျေနပ်နိုင်မယ်''

''ယမုံရယ်…ပြဿနာ မရှာပါနဲ့တော့နော်။ ဟင့်အင်း…
သူ့ကို ငါ ဘယ်တော့မှ မတွေ့ချင်တော့ပါဘူး။ တောင်းပန်စရာလည်း
မလိုဘူး။ ဘာမှ မပြောပါနဲ့တော့ဟာ''

ပပက ညို မမြင်အောင် ယမုံ့ကို မျက်စပစ်ပြလိုက်ပြီးမှ…

''ကဲ…ကဲ…အဲဒီကိစ္စ တော်ပြီဟာ။ မပြောနဲ့တော့။ ညို
နေကောင်းအောင်နေနော်။ ငါတို့ သွားတော့မယ်''

''နောက်နေ့လည်း လာမယ်ဟုတ်လား ဟင် ပပ''

''အို…လာမှာပေါ့…စိတ်ချ''

ပပတို့ထွက်သွားတော့မှ ညို ခေါင်းအုံးပေါ် အသာလှဲချ
လိုက်မိ၏။

မိုးစက်ဆိုသော လူ၏ ဒေါသတကြီး ပက်စက်နင့်သီးစွာ
သူမကိုပြောနေသော အမူအရာက ရုတ်ခြည်း ပေါ်လာရသဖြင့်
မျက်လုံးတွေကို အလန့်တကြား မှိတ်လိုက်မိပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၁]

"ဟင်"

ဆိုင်အဝင်ဝထောင့်မှာ ရပ်နေသော မိုးစက်ကို ပပရေ ယမုံပါ အံ့ဩသွားရ၏။

ပပတို့ကိုမြင်သည်နှင့် မိုးစက် လှုပ်လှုပ်ရှားရှား ဖြစ်သွ ရစ္စာ ပပတို့ထံ လျှောက်လာပြီး အကဲခတ်မျက်ဝန်းများဖြင့် မေးငေ ၏။

"ဟို…မပပ…သူ…သူ့အခြေအနေ"

သူ့စကားတွေက သိလည်းသိချင် ဘယ်လိုမေးရမှ လည်းမသိ။





ကဘောက်တိ ကဘောက်ချာနိုင်လှတာမို့ ပပ ခပ်တည် တည်ပင် မဲ့ပြုံးလေးပြုံးကာ သူ့ကို ခပ်ရှုးရှူးလေးကြည့်ပြီး ပြောလိုက်၏။

"ဆိုင်ရှေ့မှာ ကျွန်မ မပြောချင်ဘူး ကိုမိုးစက်။ အထဲမှာ ပြောရအောင် ရှင် ဆန္ဒရှိရင်ပေါ့။ မရှိလည်း ဖြစ်တယ်နော်"

"ကျွန်တော် သိချင်ပါတယ်ဗျာ"

"ဒါဖြင့်လာ"

ပပ ဦးဆောင်ကာ ဆိုင်တွင်း သီးသန့်ရုံးခန်းလေးဆီ မိုးစက်ကို ခေါ်လာခဲ့၏။ ယမုံနှင့် တိုင်ပင်ထားပြီးသားမို့ နှစ်ယောက်သား ကျေနပ်စွာ ပြုံးမိကြ၏။

အခန်းထဲရောက်တော့မှ ပပက ထိုင်ခုံကို ညွှန်၍…

"ထိုင်ပါ…ရှင့်ဘက်က လူမှုရေးအရ ဝတ္တရားအရ ဧမေးဖော်ရတော့လည်း ပြောရတာပေါ့။ ရှင် သိပ်လွန်တယ် သိလား"

"သူ…ဘာဖြစ်သွားလဲဟင်"

"အဟင်း…ခေါင်းကွဲသွားတယ်လေ"

"ဗျာ"

"မသေတာ ကံကောင်းပေါ့။ ဒါပေမယ့် ညိုက တစ်ခါ တည်းသာ သေသွားရင် သိပ်ကောင်းမှာတဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထိုစကားစုအတွက် သူ့မျက်နှာကို ပြင်းစွာ အရိုက်ခံလိုက်ရသလိုပင်။

သူ့ကြောင့် တစ်စုံတစ်ယောက်မှာ သေချင်လောက်အောင် အထိပင် ခံစား ထိရှသွားခဲ့ရတာပါလား။

ဒီလောက်အထိ ဖြစ်သွားလိမ့်မည်ဟု သူ ထင်မထားခဲ့ပါ။

ခုတော့ သူ့ကြောင့် အနာတရဖြစ်သွားခဲ့ရလေပြီ။

"ရှင်…ညို့အကြောင်း ဘယ်လောက်သိလို့လဲဟင်"

"ဗျာ…မသိပါဘူး"

"ဩော်…အံ့ပါရဲ့နော်။ မသိဘဲနဲ့ ဒီလို လွှန်လွှန်ကျွံကျွံ ပြောရသလားလို့"

"ဟုတ်တယ်…ကျွန်တော်မှားသွားတယ်"

"ဟုတ်လား…ရှင့်အနေနဲ့ မှားသွားတယ်ဆိုတဲ့စကားလေး တစ်ခွန်းနဲ့ပြီးရောလား။ ညို ဘယ်လောက် ခံစားသွားရသလဲ သိလား။ အင်းလေ ရှင့်လိုလူစားက ဒါတွေ ဘယ်သိပါ့မလဲ။ ဘယ် နားလည်ပါ့မလဲ။ ရှင့်အသိတရားထဲမှာ မိန်းမတွေဟာ အထင်သေး စရာတွေလိုပဲ စွဲနေတာကိုး။ ဒီမယ် ကျွန်မ ပြောမယ်။ ကြာညိုသာ ဆိုတဲ့မိန်းကလေးရဲ့ ဦးနှောက်ထဲမှာလည်း ရှင်တို့ယောကျ်ားတွေ





လေးစားအထင်ကြီးစရာ မှိုခို ကိုးကွယ်အားထားရာဆိုတဲ့ အတွေး အခေါ် လုံးဝကို မရှိဘူးရှင့်"

"ဗျာ…ဘယ်လို…မပပ"

"မအံ့ဩသွားပါနဲ့၊ ဒါအမှန်ဘဲ ကိုမိုးစက်။ ညို ဒီလိုဖြစ် ရတာဟာလည်း သူ့ ကိုယ်ရေကိုယ်တာ မိသားစုအရေးအထားကြောင့် ပါ။ ရှင်းရှင်းပြောရရင် ညိုဟာ ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စား တဲ့ မိန်းမပါ"

"ဒါဖြင့် ကျွန်တော့်ကို သူ ဘာဖြစ်လို့"

"အဲဒါ ကျွန်မတို့ကြောင့်"

"ဟင်…ဘယ်လို"

"ရှင့်အကြောင်းတွေကို စကားစပ်မိလို့ ကျွန်မနဲ့ ဟောဒီက ယမုံ သိခဲ့ရတယ်လေ"

"ဘာအကြောင်းလဲ"

"မိန်းမတွေကို မုန်းနေတဲ့လူလို့ပေါ့"

"အဲဒီတော့"

"ညို့ကို သူ့မိဘတွေက အိမ်ထောင်ချပေးဖို့ ပြောတော့ သူ ပြောမိပြောရာ ချစ်သူရှိတယ်လို့ ပြောလိုက်တာ။ ကျွန်မတို့ကပဲ ယောက်ကြောင်းရှင်းပြီး အန္တရာယ်ကင်းအောင်ဆိုပြီး ရှင့်နာမည်ကို



www.burmeseclassic.com

www.burmeseclassic.com



ခဏသုံးလိုက်ဖို့ အကြံပေးခဲ့တာပါ။ အဲဒီအတွက် ရှင့်ကို တောင်းပန်ဖို့အလာမှာ ရှင့်စကားတွေကြောင့် သူ ဘယ်လောက် ရှက်သွားရသလဲ မသိပါဘူး။ သေသွားရင် ကောင်းမှာတဲ့လေ။ သူ ဘယ်လောက်အထိ သိမ်ငယ် ရှက်ရွံ့သွားရသလဲသိလား။ ရှင့်ကို ရှုံ့ကြောက်ကြီးဖြစ်ပြီး ပေဘာဒီဆိုင်ကိုပါ နေ့ရာပြောင်းဖို့အထိ ပြောနေ… ပြီလေ။ သူ ဒီလမ်းကို ဘယ်တော့မှ မလာချင်တော့ပါဘူးတဲ့လေ''

ယမုံကလည်း ခေါင်းညိတ်ကာ ပြောပြန်၏။

''ဟုတ်တယ်…ညိုဟာ အင်မတန် ထက်မြက်တဲ့ မိန်းကလေးတစ်ယောက်ပါ။ ခုတော့ ကျွန်မတို့ ဆတ်ဆတ်ဆော့ဆော့ အကြံပေးခဲ့မိလို့ သူ့မှာ ရှိသမျှ ဥာဏ်ဖြေ သိက္ခာနဲ့ အရှက်တွေအားလုံး ကျဆုံး နစ်မြုပ်သွားသလိုပါဘဲ။ ရှင်ဟာ ယောက်ျားတစ်ယောက် ဖြစ်ပြီး မိန်းကလေးတစ်ယောက်အပေါ် မညှာမတာ မစာမနာ ရက် ရက်စက်စက် ပြောတတ်သူပါလားနော်။ တကယ်အံ့သြတယ်။ ဝမ်းလည်းနည်းတယ်။ ညို့အတွက် အရမ်းကို စိတ်မကောင်းဖြစ် ရတယ်။ ရှင့်ပြုမူမှုတွေကြောင့် ညိုဟာ ယောကျ်ားတွေအပေါ် ပို… ကို နာကျည်း အထင်သေးသွားပုံပဲ။ သူ့ကိုယ်သူ ယူကြုံးမရဖြစ်… ပုံဘဲလေ။ ရှင် နိုင်ပါတယ်နော်။ ကျော်ကျော်နပ်နပ်ကြီးကို ဂုဏ်… ကျေနပ်လိုက်ပါတော့ ဟုတ်လား။ ရှင် အရှက်ခွဲစော်ကားလိုက်သ…



စကားတွေအားလုံး ညို ရှက်ရွံ့တုန်လှုပ် ကြေကွဲပြီးကို ခံယူလိုက်ပါပြီလို့''

ပပနှင့် ယမုံ့စကားတွေကြောင့် သူ့ရင်ထဲ ပြင်းစွာ နှောင်တရသွားပါပြီတည်း။

ခေါင်းမဖော်နိုင်တော့လောက်အောင် ခေါင်းငိုက်စိုက်ချ ငြိမ်သက်နေမိ၏။

ပပက သူ့ကို အကဲခတ်ဟန် ကြည့်ပြီးမှ ဆက်ပြော၏။

''ရှင် အခုလာမေးတာက ရှင့် ပယောဂကြောင့်လို့ ယူဆပြီး ဝတ္တရားအရ လာမေးတာ မဟုတ်လား။ စိတ်ချ…ညို ဘာမှ မဖြစ်ဘူး၊ မသေဘူးပေါ့။ ညိုက သေကိုသေချင်နေတာ။ တကယ်လို့ သေသွားရင်တောင်မှ ညို ကျော်ကျော်နပ်နပ်ကြီးကို သေမယ့်ပုံပဲ။ ခုတော့ အားလုံးပြီးသွားပါပြီလေ။ ကျွန်မတို့ကပဲ ညို့ကိုယ်စား ရှင့်ကို တောင်းပန်ပါတယ် ဟုတ်လား။ ညို ဒဏ်ရာရတဲ့အတွက် ရှင့်တာဝန် ဘာမှမရှိပါဘူး။ သေသွားရင်တောင်မှ ရှင့်ပယောဂပါလို့ ကျွန်မတို့ ပြောမှာ မဟုတ်ဘူး။ ညိုက အဲဒီလိုပဲ ခံယူထားလို့ပါ''

''ဆိုလိုချင်တာက ညိုဟာ ရှင့်ကို အရမ်းရွံ့ကြောက်ကြီး ဖြစ်သွားပြီ။ နောက်ထပ် ဘာမှ မပတ်သက်ချင်လောက်အောင်ကို လန့်သွားရပါပြီလေ''

www.burmeseclassic.com

www.burmeseclassic.com



"မပပ သူအခု ဘယ်မှာလဲဟင်။ ဆေးရုံမှာလား၊ အိမ်မှာလား"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် တောင်းပန်ချင်လို့ပါ။ ကျွန်တော့်ကြောင့် ဖြစ်သွားရတာဆိုတော့ တကယ် စိတ်မကောင်းပါဘူးဗျာ"

"ဝမ်းနည်းပါတယ် ကိုမိုးစက်"

"ဗျာ"

"ရှင်…မကြိုးစားပါနဲ့တော့"

"ဟင်"

"ညီ့စိတ်ကို ရှင် မသိသေးပါဘူး။ အခုကိစ္စမှာ သူ မဆင်မချင်ပြောမိတဲ့အတွက် အရှက်ကွဲရတာလို့ သူ့ကိုယ်သူ အံ့ရမ်းယူကြုံးမရစိတ်တွေနဲ့ နာကျည်းကြေကွဲနေရတာ။ ရှင့်လို ယောက်ျားတန်မဲ့ နှုတ်သီးကောင်းလျှာပါး ရန်တွေ့ကောင်းတဲ့လူစားမျိုးကို ညီ နောက်တစ်ကြိမ် တွေ့ချင်တဲ့ဆန္ဒ ရှိဦးမယ်ထင်သလား။ ဝေးပါသေးရဲ့နော်။ တော်ပါတော့ ကိုမိုးစက်ရယ်"

ယမုံကလည်း အကွက်ဆိုက်တုန်း ဖိပြောပစ်ပြန်၏။

"ဟုတ်တယ်…ရှင် ဘာမှ သွားပတ်သက်ဘို့ မစဉ်းစားနဲ့တော့ ဟုတ်လား။ ကျွန်မတို့ သူငယ်ချင်းအကြောင်း ကျွန်မတို့





အသိဆုံး။ နဂိုကမှ ယောက်ျားဆိုရင် ခပ်ကင်းကင်းနေလာခဲ့တာ၊ ညီ့ခံယူချက်က ဘာလဲသိလား။ အိမ်ထောင်ပြုတဲ့မိန်းမတွေဟာ ခပ်ညံ့ညံ့တွေတဲ့။ လင်သားရဲ့ ဩဇာအောက်မှာ မယားဝတ္တရားဆိုတဲ့ အချုပ်ကြိုးအကျခံပြီး ကျွန်တစ်ယောက်အဖြစ်နဲ့ ကိုယ့်ဘဝကိုယ် နှစ်မြှုပ် ဇာတ်သိမ်းလိုက်တာနဲ့ အတူတူပဲတဲ့။ အဲဒီလို ခံယူချက်နဲ့ မိန်းကလေးဟာ ရှင့်ကြောင့် စိတ်ထဲ ဒဏ်ရာရသွားခဲ့ပြီလေ။ ရှင်သာ သွားပြီး တောင်းပန်စကားပြောကြည့်၊ ညီ ခွင့်လွှတ်ကျေနပ်မယ် ထင်သလား၊ ဝေးသေးတယ်။ ဒီတော့ ရှင်လည်း ရှင့်ခံယူချက်နဲ့ ရှင် ပိုနေမြဲ ကျားနေမြဲပဲ နေပါတော့ ဟုတ်လား"

"ဟုတ်တယ်‥ယမုံပြောတာမှန်တယ်။ ရှင် ညီ့ကို တောင်းပန်ပန် မပန်ပန် ညီ့ရင်ထဲမှာ မိုးစက်ဆိုတဲ့လူဟာ အတော် ကြောက်စရာကောင်းပါလား။ နှုတ်သရမ်း ပါးစပ်ကြမ်းပါလားဆိုတဲ့ ရွံ့ရှာအထင်သေးစိတ်တွေနဲ့ ဝေးနိုင်သမျှ ဝေးအောင် နေသွားဖို့ကိုပဲ စဉ်းစားနေပြီဆိုတော့ ဇာတ်လမ်းအရှုပ်မခံပါနဲ့တော့။ စော်ကားတုန်းက ရှင် အရသာရှိရှိ ပက်ပက်စက်စက် ပြောခဲ့ပြီးပြီပဲလေ။ ကျေနပ်တော့ ဟုတ်လား။ ကျွန်မတို့အားလုံးက ရှင့်ကို ကြောက်စရာကောင်းတဲ့လူ၊ စာနာစိတ်မရှိတဲ့လူလို့ သတ်မှတ်ထားလိုက်ပြီ။ ကြောက်ပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်ပြီး နားထောင်နိုင်စွမ်းမရှိတော့စွာ လေးကန်စွာ ထရပ်လိုက်ပြီးမှ…

"ဒီလောက်အထိ ဖြစ်သွားရတာ အားလုံး ကျွန်တော့်ကြောင့်ဆိုတာ ကျွန်တော် နားလည်ပါပြီဗျာ။ ဝမ်းနည်းပါတယ်"

စကားအဆုံး မိုးစက် ချာကနဲ လှည့်ထွက်သွားပါတော့၏။

ပပနှင့် ယမုံမှာ တစ်ယောက်ကိုတစ်ယောက် သဘောကျစွာ ခေါင်းညိတ်ပြုံးလိုက်ပြီးမှ ပပက…

"ဟာ…အရသာရှိလိုက်တာကွာ။ ညို့ကိုယ်စား ငါတို့ ပြောချင်တာ ပြောလိုက်ရလို့ ကျေနပ်သွားပြီ"

"ဟုတ်တယ် ပပ၊ တွေ့လား။ မျက်နှာကိုပျက်နေတာပဲ။ အခုမှ သူလွန်မှန်း သိပုံရတယ်။ ဒီလူ မှတ်ကရော"

"ညိုသိရင် ဝမ်းသာမလား၊ အပြစ်တင်မလားဘဲ။ ညို့ဆီ ဖုန်းဆက်ဦးမယ်ဟာ"

"အင်း…အင်း"

ပပ ညို့ဆီ ဖုန်းဆက်တော့၏။

အနားမှမြည်လာသော ဆဲလ်ဖုန်းလေးကို ညို ကောက်ယူနားထောင်လိုက်၏။

"ဟုတ်ကဲ့…ညိုပါ"





"ဟဲ့…ညို၊ ဝမ်းသာစရာပြောမလို့ သိလား"

"ဟင်…ဘာလဲ…ပပ"

"ဟို ပုဂ္ဂိုလ်လေ အစောကြီးလာစောင့်ပြီး နင့်သတင်းလာမေးသွားတယ်"

"ဟင်"

"ငါနဲ့ ယမုံ အတော်များများ ပြောလိုက်တာပေါ့"

"ဟင်…ဘာကိုလဲ"

"နင့်ကို တောင်းပန်ချင်လို့တဲ့လေ"

"အို…မလိုတော့ပါဘူး ပပရယ်။ စာရင်းရှုပ်တယ်"

"အေး…ငါ ပြောလိုက်ပါတယ်။ ရှင် တောင်းပန်စရာမလိုပါဘူး။ မှားတာက ကျွန်မတို့ စမှားတာကိုးလို့။ ရှင့်လို မစာမနာပြောတတ်တဲ့လူကိုတော့ ကြောက်သွားပြီလို့။ ညိုဆို သေချင်တဲ့အထိပဲလို့ပေါ့"

"ဟုတ်တယ်…အရှက်နဲ့အသက်ကို လဲပစ်လိုက်ချင်တယ်ဟာ"

"ကိုယ့်လူ ခေါင်းငိုက်စိုက်ကျပြီး နောင်တရနေပုံပဲ သိလား"

"တော်ပါပြီ ပပရယ်။ အဲဒီလူအကြောင်းဆိုရင် ငါ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မထောင်ချင်တော့ဘူးဟာ။ နောက် ဘယ်တော့မှ မပြောပါနဲ့ ပပရာ နော်"

"အင်းပါဟာ…နင် နေကောင်းတယ်ဟုတ်လား ညို"

"အင်း…ကောင်းပါတယ်"

"ညနေ ဆိုင်ပိတ်မှ ငါတို့ လာခဲ့မယ်နော် ညို"

"အင်း"



# အခန်း(၂၂)

သူ့ဘဝမှာ သူ့ကြောင့် မိန်းမသားတစ်ယောက်၏ ဣန္ဒြေသိက္ခာတွေ ထိရှ ပွန်းပဲ့စေခဲ့ရသော ယခု အဖြစ်အပျက်က တစ်သက်တာ ကြေကွဲနောင်တရစရာအဖြစ် ရှိသွားရလေပြီ။

သူ့ကိုယ်သူ ယူကြုံးမရ ဖြစ်မဆုံးတော့ပါ။

တစ်လျှောက်လုံးလုံး အပြစ်အနာအဆာကင်းအောင် နေလာခဲ့သမျှ ခုတော့ သူ့အဖြစ်က…

ကြောက်ရွံ့ ရှောင်ဖယ်စရာ လူတစ်ယောက်။

မစာမနာ နစ်နာလောက်အောင် နှုတ်သရမ်း ပါးစပ်ကြမ်းစွာ ပြောဆိုတတ်သူတစ်ယောက်အဖြစ် ရာဇဝင်တွင်စေခဲ့လေပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ မကောင်းနိုင်တော့။

ဒေါသကြောင့် သူ မှားခဲ့ပြီ မဟုတ်ပါလား။

စကားကျွံတော့ အနှုတ်ခက်ရပြီ ဖြစ်လေ၏။

မိန်းကလေးတစ်ယောက်ကို ထိုမျှအထိ နစ်နာအရှက်ကွဲစေလောက်အောင်တော့ သူ မရည်ရွယ်တာ အမှန်ပါ။

ခုတော့ သူ့ကြောင့် သူ့စကားတွေကြောင့် တစ်ယောက်သူမှာ နာကျင်စေခဲ့ပြီတည်း။

ကြာညိုသင်း။

သူမ၏ ရှက်လန့် အံ့သြ တုန်လှုပ် မျက်နှာလေးက သူ့ကို အစဉ် လွမ်းမိုးစေခဲ့ပြီဖြစ်၏။ အချိန်တိုင်းမှာ ကြာညိုသင်းဆိုသော မိန်းကလေးကိုသာ သူ့အာရုံထဲ တဝဲလည်လည် ရှိတော့၏။

သူ မှားသွားပြီ။ သူ လွန်သွားပြီပဲသော အသိနှင့်အတူ ကြာညိုသင်းကို သူ တွေ့ဆုံတောင်းပန်ချင်သော ဆန္ဒတွေ တဖွားဖွား ရှိနေခဲ့လေသည်။

စားစား၊ သွားသွား၊ နေနေ ကြာညိုသင်းက သူ့ကို စိုးမိုးနေပြီတည်း။

ထို့ကြောင့်လည်း အားတင်းအရဲစွန့်ကာ တော်ဝင်သူ့ ရှေ့မှာ သူ စောစီးစွာ ကြိုရောက်နှင့်ကာ ပပတို့အလာကို မျှော်ရ၏။





ရောက်လာကြသော ပပတို့၏ မျက်ဝန်းတွေက သူ့ကို လုံးဝ ကျေနပ်ဟန်မရှိသည့်အပြင် ပြောလိုက်သည့်စကားတွေကလည်း ရစရာကိုမရှိတော့။ သူ့ကို အတော်လေး ချဉ်သွားကြပုံရ၏။

ကြာညိုသင်းအတွက် သူငယ်ချင်းကောင်းပီသစွာ သူ့ကို စိတ်ရှိ လက်ရှိပြောသမျှ ငြိမ်သက်စွာ နားထောင်နေရုံမှလွဲ၍ သူ ဘာတတ်နိုင်မည်နည်း။

ပြောပါစေတော့။ သူ လွန်ခဲ့ပြီမဟုတ်ပါလား။ အဆိုးဆုံးက ကြာညိုသင်းကို သူ တွေ့ခွင့်မရတာက ပိုဆိုး၏။

ပပတို့ကလည်း အကဲဆတ်လွန်းစွာ လုံးဝ မျက်နှာလွှဲပိတ်ပြော ပြောလိုက်ကြတာမို့ သူ့မှာ လမ်းပျောက်သွားရစွာ လေးကန်တုန့်နှေးစွာ ပြန်လာကာ လုပ်စရာရှိတာတွေ လုပ်နေရပေမယ့် လူက အသက်မပါတော့။ စက်ရုပ်တစ်ရုပ်လို ရှိနေရ၏။

တစ်နေ့လုံး သူ မျက်နှာမကောင်းသဖြင့် ဖိုးတာက မေးတော့၏။

“အစ်ကို...နေမကောင်းဘူးလား ဟင်”

“ကောင်းပါတယ်ကွာ”

“မနေ့က ဟိုအစ်မ ဘယ်လိုနေမလဲ မသိဘူးနော်။ အစ်ကို သိလား”

www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးကွာ"

"သနားပါတယ်ဗျာ၊ ဒီဆိုင် တစ်ခါလာ တစ်ခုဖြစ်ဆိုသလို အဲဒီအစ်မ ကံကို ဆိုးတယ်နော်"

"ဟင်"

သူ မျက်နှာကွက်ကနဲ ပျက်သွားရ၏။

ဟုတ်သားပဲ။

ကြာညိုသင်း ပထမဆုံးအကြိမ်လာစဉ်က ပန်းကန်လုံးဖိုး ငွေငါးထောင် သူ အလျော်ယူပစ်ခဲ့သည်။

ဒုတိယအကြိမ် ခုတော့ ယာဉ်မတော်တဆမှုဖြင့် အနာတရ ဖြစ်သွားခဲ့ရ၏။

နှစ်ခုစလုံး သူ့ကြောင့်တွေပဲ မဟုတ်ပါလား။ သူ အတော်လို တရားလွန်နေလေပြီလား။ ထိုစဉ်မှာပင် စားပွဲထိုးလေး မောင်တိုးက စာခေါက်လေး တစ်ခု သူ့ကို လာပေး၏။

"အစ်ကို့စာ"

"ဘယ်သူပေးတာလဲ"

"ကလေးတစ်ယောက်ပဲ အစ်ကို"

စာအိတ်မပါ။ Stapler နှင့် ညှပ်ထားသော စာခေါက်လေး ကို သူ ကြည့်လိုက်၏။





အပြင်မှာ သူ့နာမည်ရေးထားသည်။

သူ Stapler ကိုဖြုတ်ကာ ဖွင့်လိုက်တော့ လိပ်စာကဒ်ပြား လေးတစ်ခု ထွက်ကျလာ၏။

"ဟင်"

ကမန်းကတမ်း ဖတ်လိုက်တော့ သူ ထိတ်ကနဲ ဝမ်းသာ သွားရလေသည်။

ကြာညိုသင်း၏ လိပ်စာကဒ်ပင်တည်း။

ဖုန်းနံပါတ်လည်းပါသဖြင့် သူ့အတွက် လမ်းစရပြီတည်း။

စာရွက်ခေါက်ဖြူဖြူမှာ စာတွေရေးထားသဖြင့် သူ ဖတ်လိုက်၏။

ကိုပိုးစက်

ရှင် ညို့ကို တောင်းပန်ချင်တဲ့ဆန္ဒအတွက် ကျွန်မတို့က ပိတ်ဆို့ထားသလိုဖြစ်နေမှာစိုးလို့ ညို့ လိပ်စာကဒ် လေး ပေးလိုက်တယ်။

ညို လက်ခံ မခံဆိုတာက ရှင့်ကံတရားပဲပေါ့။ ရှင့်လိုလူရဲ့ လက်ဖက်ရည်ဆိုင်ကို ကျွန်မတို့ ဘယ်တော့မှ လာမသောက်ရဲတော့ပါဘူး။ အရှက်ခွဲခံရမှာစိုးလို့။

ပပ…ယမုံ

သူ မချိပြုံးလေးပြုံးကာ စာကို အသာခေါက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာကဒ်လေးကိုကြည့်ကာ သူ အချိန်မဆွဲချင်တော့။ ဖိုးတာတို့ရှေ့မှာလည်း သူ ဖုန်းမပြောချင်သဖြင့်...

"ဖိုးတာ ဆိုင် ခဏကြည့်ထားနော်"

"ဟုတ်ကဲ့....အစ်ကို"

သူ အိပ်ခန်းထဲ အမြန်ဆုံးတွက်လာကာ တံခါးပိတ်လိုက်ပြီးမှ ညို့ဖုန်းနံပါတ်ကို သူ နှိပ်လိုက်လေသည်။

"ဟုတ်ကဲ့...ညိုပါ"

တစ်ဖက်မှ နူးညံ့ သိမ်မွေ့သော အသံလွင်အေးအေးလေးကြောင့် သူ ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားရတော့၏။

ညိုကလည်း အသံမကြားရသဖြင့် ဇဝေဇဝါလေး ရှိသွားရကာ ထပ်၍ ပြောလိုက်ပြန်သည်။

"ကြာညိုသင်းပါ...ဘယ်သူလဲဟင်"

"ကျွန်တော်ပါ"

"ရှင်...ဘယ်သူ"

"မိုးစက်ပါ...ညို"

"ဟင်"

ညို အလန့်တကြားလေး ဖုန်းကို ချလိုက်ပါတော့၏။

ဟင့်အင်း ညို နားမထောင်ချင်ပါဘူး။





သူ့ကို ညို မပတ်သက်ချင်ပါ။

"ဟာ...ဟယ်လို...ဟယ်လို"

မိုးစက်ကလည်း ညို ဖုန်းချသွားမှန်းသိလိုက်သည်နှင့် လှုပ်လှုပ်ရှားရှား ပျာသွားရရှာ ဖုန်းကို ထပ်ခေါ်လိုက်ပြန်၏။

ညို ဖုန်းမကိုင်တော့။

အဆက်မပြတ်မြည်နေသော ဖုန်းကို တွေတွေလေး ကြည့်ကာ ညို မျက်ရည်ဝဲလာရ၏။

ပြီးမှ ဖုန်းကို ဆတ်ကနဲယူကာ ဓာတ်ခဲလေးကိုပါ ဖြုတ်ထုတ်ထားလိုက်တော့၏။

ကဲ...ရှင် ဘာတတ်နိုင်သေးလဲ မိုးစက်။

မျက်ရည်ကို ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်ပြီးမှ ညို မဲ့မဲ့လေး ပြုံးလိုက်မိလေသည်။

မိုးစက်ရယ် ရှင် ဘာကိစ္စ ညို့ဆီ ဖုန်းဆက်ရတာလဲ။ ဘာလဲ ရှင်ပြောချင်တဲ့ ရက်စက်နင့်သီးတဲ့စကားတွေ ကျန်နေသေးလို့လား။

ညို့ဖုန်းနံပါတ်ကိုရော ရှင် ဘယ်လိုရခဲ့တာလဲ။ ညို ရှင့်ကို ပြောစရာ ဘာမှ အကြောင်းမရှိတော့ပါဘူးနော်။

မပတ်သက်ချင်လောက်အောင် ကင်းကင်းလေးနေချင်ပါတယ်။ ရှင့်ကို ညို မုန်းတယ် သိလား။

www.burmeseclassic.com

www.burmeseclassic.com



လုံး၀ မကျေနပ်ပေမယ့် ညို့ဖက်က စမှားခဲ့တာဖြစ်လို့ ကိုယ့်အပြစ်နဲ့ကိုယ် ညို ကြိတ်မှိတ် မျိုသိပ်ခံစားပြီး ဝမ်းနည်းနေရတာပါနော်။ ညို ဘယ်လောက် ရှက်ရွံ့ကြေကွဲခဲ့ရသလဲဆိုတာ ရှင် မသိပါဘူး မိုးစက်ရယ်။

ယောက်ျားဖြစ်ပြီး မိန်းကလေးတစ်ယောက်ကို မညှာမတာ ပြောရက်တဲ့ ရှင့်စိတ်ဓာတ်ကိုလည်း ညို အရမ်း အထင်သေးတယ် သိလား။

ရှင့်လို စာနာစိတ်မရှိတဲ့လူကို ညို ဘယ်တော့မှ မမြင်ချ တော့လောက်အောင်ပါဘဲလေ။

ဒါပေမယ့် မိုးစက်၊ ရှင်ဟာ ညို့ကို အလန့်တကြား ဖြစ်လော လောက်အောင် ဆိုးခဲ့ပေမယ့်၊ ညို ရှင့်ကို စက္ကန့်မလပ် တွေးဖြစ်နေ မိတာဟာ ဘာကြောင့်ပါလိမ့်။

မုန်းလွန်းလို့ နာကျည်းစွာ အမှတ်ရနေတာမျိုးလားပဲ။

ဟုတ်တယ်…ရှင့်ကို ညို ဘယ်တော့မှ မကျေဘူးမှပ်ပါ။

အဆိုးဆုံးက မျက်လုံးမှိတ်လိုက်တာနဲ့ ရှင့်မျက်နှာဟာ အာရုံထဲ ပေါ်ပေါ်လာနေတာက တကယ်ဆိုးဝါးတာပဲ။

အတွေးထဲမှာတောင် ရှင့်ကို မမြင်ချင်တဲ့ညိုဟာ ရှင့်ကို တစ်ချိန်လုံး မြင်နေတာ ကြောက်စရာကောင်းနေပြီ။



ရှင့်လို ကြင်နာ ညှာတာစိတ် ကင်းမဲ့တဲ့လူကို ညို ဘာလို့ တွေးနေရမှာလဲ။

ဟင့်အင်း မတန်လိုက်တာနော်။ ရှင်ဟာ ညို့အတွေးနဲ့ လုံး၀ မတန်တဲ့လူဘဲ။

အခန်းထဲမှာ ညိုတစ်ယောက် အတွေးနှင့် နပမ်းလုံးနေချိန်တွင် ဧည့်ခန်းထဲမှာတော့ ညို့ဖေဖေနှင့် မေမေက ညို့အကြောင်း ပြောနေကြ၏။

"ဖြူ…ငါတစ်ခု နားမလည်ဘူးကွာ"

"ဘာလဲကို"

"သမီး ခုလိုဖြစ်တာ ဟိုသူငယ် မသိလို့များလား"

"ဘယ်သူလဲ မောင်မိုးစက်လား"

"အင်းပေါ့…သမီးချစ်သူဖြစ်ပြီး ခုချိန်ထိ သတင်းမေး အားပေးဖော်မရတာ မဆန်းလားကွာ"

"ဟုတ်တယ်နော် ကို။ ဖြူလည်း သတိမထားမိပါဘူးရှင်။ သမီးဓာနဲ့ ဘာမှကို သတိမရတော့ပါဘူးလေ"

"မင်း…မေးကြည့်ပါလားကွ"

"ရှင်"

"မောင်မိုးစက် ဘာလို့မလာတာလဲဆိုတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကလည်း ကလေးတွေကိစ္စ ရှင်က လမ်းခင်းပေးနေပြန်ပါပြီ။ သမီးက မလာစေချင်သေးတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ရှင်"

"ဟာ…ဖြူရာ။ ဒီကိစ္စကို ငါကိုယ်တိုင် သဘောတူပါတယ်လို့ ပြောထားပြီးပြီပဲကွာ။ ဘာ မလာစေချင်သေးတာလဲကွာ။ ဒီလိုအချိန်မှ ပိုပြီး လာသင့်တာပေါ့ကွ"

"အင်းပါ…ဖြူ မေးကြည့်ပါ့မယ်"

"ဖြူ"

"ဟင်"

"သူတို့ချင်း စိတ်ကောက်နေတာမျိုးလား။ အကဲခတ်ရတာ သမီးလည်း မျက်နှာမကောင်းသလိုဘဲကွာ။ မင်း သေချာအစ်ကြည့် ဟုတ်လား။ ဒါမျိုးက ဘေးကနေ ကူညီပေးမှကွ။ မဟုတ်ရင် လူကောင်းလေးတစ်ယောက် အလကား လွဲသွားမှာစိုးလို့"

"အင်းပါ ကိုရီယ်"



# အခန်း (၂၃)

"ဒေါက်…ဒေါက်…သမီးရေ"

တံခါးခေါက်ကာ ခေါ်ကြာဖြူ ခေါ်သော်လည်း တုံ့ပြန်ထူးသံ မကြားရသဖြင့် အခန်းတံခါးကို အသာဖွင့်ကာ ဝင်လာခဲ့၏။

အခန်းထဲမှာ သမီး ရှိမနေပါ။

ဖတ်လက်စ မဂ္ဂဇင်းလေးတစ်အုပ်သာ ခုတင်ပေါ်မှာ ရှိနေသဖြင့် သဘောပေါက်လိုက်၏။

သမီး သန့်စင်ခန်းထဲ ရောက်နေသည်ဟူ၍ သပ်ရပ် သန့်ရှင်းလှပနေသော သမီးအခန်းလေးကို ကျေနပ်စွာ ငေးကြည့်ရှုနေစဉ် သမီးမှန်တင်ခုံပေါ်မှ ဆဲလ်ဖုန်းလေးက မြည်လာပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြာဖြူ ကိုင်သင့် မသင့် တွေကနဲ စဉ်းစားလိုက်သေး၏။

သမီးကလည်း ထွက်မလာသေးတာမို့ အသာကိုင်ကာ နားထောင်လိုက်သည်။

"ဟယ်လို"

"ကျွန်တော်ပါ ညို၊ ကျေးဇူးပြုပြီး ဖုန်းမချလိုက်ပါနဲ့ဗျာ။ ညို့ကို ကျွန်တော် တောင်းပန်ချင်လို့ပါ"

"ဟင်…ခုပြောနေတာ ဘယ်သူလဲကွယ့်၊ အန်တီက ညို့မေမေ ဒေါ်ကြာဖြူပါ သမီးက…"

ပြောနေစဉ်မှာပင် ညို ရောက်လာရာ…

"မေမေ ဘယ်ကဖုန်းလဲဟင်"

"အင်း…အင်း…ရော့ သမီးဖုန်း"

တစ်ဖက်မှ မိုးစက်ကလည်း ပြောချင်ဇောနှင့် ညို့မှတ်ကာ ပြောလိုက်မိပြီးမှ ညို့မေမေဖြစ်နေတာမို့ အကြပ်ရိုက်သွားစွာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေစဉ် ညို့အသံ လွင်အေးအေးလေးက သူ့နားထဲ သာယာချိုမြစွာ စီးမျောဝင်လာပါတော့၏။

"ဘယ်သူလဲဟင်…ညိုပါ"

"ညို…ကျွန်တော်ပါ…မိုးစက်ပါ"





"ဟင်"

ညို ဖုန်းချလိုက်ရန် စဉ်းစားလိုက်သည်နှင့်…

"ဖုန်းမချနဲ့နော် ညို၊ ကျွန်တော် ပြောတာနားမထောင်ရင် ညို့အိမ်အထိ လိုက်လာရလိမ့်မယ်"

မေမေ ရှိနေသဖြင့် ညို ဟန်ဆောင်ကာ ဘာမှမဖြစ်သလို နားထောင်နေရသော်လည်း စိတ်ထဲမှာတော့ ဖုန်းကို အကြိမ်ကြိမ် ချပစ်နေမိ၏။

"ညို…ကျွန်တော် သိပ်ကိုမှားသွားပြီဆိုတာ တွေးမိလေ ယူကြုံးမရလေဖြစ်နေရတာပါဗျာ။ ခွင့်လွှတ်ပါလို့ မပြောရဲပေမယ့် ညို ကျေနပ်အောင် တောင်းပန်ချင်တယ်။ ကျွန်တော် ဘယ်လိုမှ နေမကျ ထိုင်မကျနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိလောက်အောင် ဖြစ်နေရတာပါ။ ကျွန်တော် အရမ်းလွန်သွားတယ်ဆိုတာ နားလည်ပါပြီ ညို။ တောင်းပန်ပါတယ်၊ ညိုပေးတဲ့ အပြစ်ကိုလည်း ကျွန်တော် ခံယူချင်ပါတယ်။ ဒါမှ ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်လွှတ်နိုင်မှာမို့ပါ။ ညို နားထောင်နေတယ်ဟုတ်လား။ ကျွန်တော့်ကို တစ်ခုခု ပြန်ပြောပါလားဗျာ။ အဲဒီလို အသံတိတ်ငြိမ်မနေပါနဲ့။ ကျွန်တော် တကယ်မနေတတ်လို့ပါ။ ဖြစ်နိုင်ရင် ညို့ကို ကျွန်တော်တွေ့ချင်တယ်။ ညို ရိုက်မယ်ဆိုရင်လည်း ကျွန်တော် ခံချင်ပါတယ်၊ ပြောပါ ညို…"



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ရင်း ညို ဒေါသကို မျိုသိပ်နေရ၏။ မေမေရှိနေသည် မဟုတ်ပါလား။

ဖြစ်နိုင်လျှင် သူ့ကို ညို စိတ်ရှိလက်ရှိ ကုတ်ဖဲ့ ထုရိုက်ပစ်လိုက်ချင်ပါသည်။

ညို့ကို ချိုးချိုးဖဲ့ဖဲ့ စော်ကားထားတဲ့ရှင့်ကိုလား ဘယ်တော့မှ မကျေဘူးမှတ်ပါ။

မေမေက ညို့အရိပ်အကဲကိုကြည့်ပြီး မလှမ်းမကမ်းမှာ ဘာသိဘာသာဟန် သွားနေလိုက်ပေမယ့် နားစွင့်ထားမှန်း ညို မသိပါ။

မေမေ မကြားနိုင်တော့ဟုတွက်ကာ ညို အသံအုပ်အုပ်နှင့် ကြိတ်၍ ပြောလိုက်၏။

"ဒီမယ် ရှင် သေချာနားထောင်၊ ရှင်ပြောသမျှ သည်းခံပြီး နားထောင်နေတာကို အဟုတ်မှတ်မနေနဲ့။ ရှင့်ကို တစ်သက်ပကျေ ဘူး။ တွေ့ချင်စိတ်လည်းမရှိဘူး။ ရှင့်အပြစ် ရှင်သိရင် ညို့နဲ့ ဘယ် တော့မှ ပတ်သက်ဖို့ မကြိုးစားပါနဲ့ ဟွန်း"

စကားအဆုံး ညို ဖုန်းကို ဆောင့်ကာပိတ်ချလိုက်ချိန်မှာ...

"သမီးရယ် ဘယ်လိုဖြစ်ကြတာလဲဟင်၊ မေမေ ရင်ထိတ် လိုက်တာ"





"အို"

ညို့မျက်နှာတစ်ခုလုံး ဖွေးကနဲ ဖြူသွားရပါတော့၏။

မေမေက ညို့အနား လာထိုင်ကာမေးလေပြီ။

"သမီး ခုနက မောင်မိုးစက် ဟုတ်လား"

ညို အမြန်ဆုံး ဟန်ဆောင်ကာ ဘာမှအရေးမကြီးဟန်ဖြင့် ပြုံးကာ ပြောလိုက်၏။

"ဘာမှ မဟုတ်ပါဘူး မေမေရယ်"

"သမီး မညာနဲ့နော်"

"ဟင်"

"သမီး ဖေဖေကတောင် ပြောနေပြီ။ မောင်မိုးစက် တစ်ယောက် ဘာလို့မလာတာပါလိမ့်ဆိုပြီးပေါ့"

"အို"

ညို တကာယ်ပင် ငိုချင်စိတ်ပေါက်သွားရ၏။

"မေမေ့ကို မှန်မှန်ပြောစမ်း၊ ဘာဖြစ်တာလဲ။ စိတ်ကောက် နေကြတာလား"

ညို ဘယ်လိုဖြေရမှန်းမသိ။

ငြိမ်နေတော့ မေမေကပြုံး၍...

"သမီးရည်းစားတွေ အခန့်မသင့်လို့ စိတ်ကောက်တာ



www.burmeseclassic.com

www.burmeseclassic.com



သန်းလား သမီးရယ်။ သမီးခုနက ပြောလိုက်တဲ့စကားတွေက တင်းလွန်းပါတယ်။ လူဆိုတာ အမှားရှိတတ်တာ သဘာဝပဲဟာ။ သမီးဖေဖေက ရိုပ်မိပုံရတယ်လေ''

''ရှင်''

''စိတ်ကောက်နေကြတာလား မသိဘူးတဲ့။ လူကောင်းလေးတစ်ယောက် အလကားလွဲသွားမှာစိုးတယ်တဲ့လေ အဟင်း''

''ဘုရားရေ''

ညို ဘုရားကို စိတ်ထဲမှာသာ ကြိတ်၍ တလိုက်မိတော့၏။ ဖြစ်မှဖြစ်ရလေနော်။ ဒုဲ ဥပါပဲ။

ညို ဘာလုပ်ရတော့မှာ ... ။ ဖေဖေတို့က အဲဒီလူကိုများ လူကောင်းလေးတစ်ယောက် တဲ့လ ...။

စိတ်ပျက်လိုက်တာ နော်။

ဘာလူကောင်းလဲ။ ဒါလောက် သဘောဆိုးတဲ့လူ၊ စာမှ ညှာတာစိတ်မရှိတဲ့လူကိုများ လူကောင်းတဲ့လား။

ကုန်း၍သာ ဟစ်အော်ပြောလိုက်ချင်ပါသည်။

ဖေဖေရေ ... သူဟာ လူကောင်းမဟုတ်ပါဘူး။ အင်မတန် ကြောက်စရာကောင်းတဲ့လူ၊ ဖေဖေ့သမီးကိုလေ ရစရာမရှိအောင် ... ရက်ရက် ... စက် ပြောထားသူပါနော်။



အဲဒီလို လူကိုသာ ညို ယူရရင်လား။

''သမီး''

''ဟင် ... ရှင် ... မေမေ''

''ဘာတွေစဉ်းစားနေတာလဲ''

''ဟင့်အင်း မေမေ''

''မေမေ မေးမယ်၊ မောင်မိုးစက်ကို ခေါ်လိုက်ပါကွယ်''

''ရှင်''

''မေမေလည်း တွေ့ချင်တယ်လေ့။ သမီးဖေဖေ ချီးကျူးနေတဲ့သူငယ်ကို မေမေ အကဲခတ်ချင်လို့ပါ။ အိမ်ကို ခေါ်လိုက်ဟုတ်လား''

''မေမေကလည်းနော်''

ညို စိတ်ညစ်သွားရရှာ ညည်းတော့ မေမေ ဘယ်လို သဘောပေါက်သည်မသိပါ ပြုံး၍ ...

''ကဲပါ ... သမီးက မာနကြီးပြီး အရင်ခေါ်ရမှာ ဝန်လေးနေရင်လည်း သူ့ဖုန်းနံပါတ်ပေး ဟုတ်လား မေမေပဲ ခေါ်လိုက်မယ်''

ညို ဒိန်းကနဲ တုန်သွားရရှာ ပျာပျာသလဲ ပြောလိုက်ရ၏။

'အို ... မဟုတ်တာ မေမေကလည်း ကိစ္စမရှိပါဘူး။ သမီး ခေါ်လိုက် ... မယ်'

◆ ညာဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



ခပ်တည်တည်လေး ပြောလိုက်ရသော်လည်း တကယ်တော့ ညို သူ့ဖုန်းနံပါတ်ကိုမှ မသိတာ။

မေမေ ကျေနပ်သွားဟန်ဖြင့် ပြုံးကာ…

"အေး…အေး ခေါ်လိုက်ဟုတ်လား။ စကားလေး ဘာလေးပြောရအောင်၊ ဘယ်နေ့ခေါ်မလဲ ထမင်းကျွေးမလား"

မေမေ စိတ်အားထက်သန်စွာ စေတနာပိုနေမှုကို ညို ရယ်လည်းရယ်ချင်၊ စိတ်လည်းပျက်နှင့် မချိတရိပြုံးကာ ပြောလိုက်ရ၏။

"နေပါဦးမေမေရယ်။ ညို စိတ်ကောက်ပြေအောင် ခဏတော့ ပညာပေးပါရစေဦးနော်။ စိတ်ပြေတာနဲ့ ညို ခေါ်လိုက်ပါ့မယ်"

"အင်း…ကောင်းပြီလေ။ သိပ်လည်း မတင်းလွန်းပါနဲ့ သမီးရယ်။ တင်းလွန်းရင် ပြတ်သတဲ့။ မိန်းမသားတစ်ယောက်အတွက် ဘဝရဲ့လက်တွဲဖော်ကောင်းရဖို့ဆိုတာ ကံကောင်းမှ မဟုတ်လား။ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ အနိုင်ယူ မတင်းပါနဲ့ကွယ်"

ညို အံ့လည်းဩ၊ စိတ်လည်းပျက်နှင့် ဘာပြောရမှန်းမသိတော့။

ဒီလူကို ဘာလို့များ ဖေဖေနဲ့ မေမေက လိုလားနေကြပါလိမ့်နော်။





ညို စိတ်ပေါက်ပေါက်နှင့် မခံချင်စွာ မေးလိုက်မိပါတော့၏။

"မေမေရယ် သူ့အကြောင်း ဘယ်လောက်သိနေလို့ မေမေတို့က စွတ်ရွတ် သဘောတူနေတာလဲဟင်"

ညို့အမေးကို မေမေ သဘောကျစွာပြုံးလိုက်ပြီးမှ…

"သိတာပေါ့ သမီးရယ်။ သမီးဖေဖေအကြောင်းလည်း သိသားနဲ့။ လူသေချာ၊ လူတိကျကြီးဆိုတော့ သမီးပြောတာနဲ့ ချက်ချင်းကို စုံစမ်းထောက်လှမ်းပစ်လိုက်တာပေါ့"

"ရှင်"

"ကံကောင်းချင်တော့ မောင်မိုးစက်ရဲ့ ရာဇဝင်အသေးစိတ်ကို သိနေတဲ့ ဦးကျော်သက်ဆိုတဲ့လူက ဖေဖေ့မိတ်ဆွေဖြစ်နေတယ်လေ။ အဲဒီ 'အိပ်မက်' ဆိုင်မှာကို ဆုံကြတာ။ ဒီသူငယ်ရဲ့ အရည်အချင်းတွေနဲ့ စိတ်နေသဘောထားအားလုံး သိခဲ့ရတာပေါ့။ သမီး ဘယ်လောက်ကံကောင်းသလဲသိလား။ ဒီကောင်လေးမှာ ပိန်းကလေးမိတ်ဆွေ လုံးဝမရှိဘူးတဲ့။ ချစ်သူဆို ဝေးရော။ သမီးကို ကျ သူ တကယ်ပဲ မြတ်မြတ်နိုးနိုး ရှိပုံရတယ်ကွယ်။ စောစောက ပေမေ ဖုန်းကိုင်လိုက်တာနဲ့ ဘာပြောတယ်မှတ်သလဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ညို့တစ်ကိုယ်လုံး ရှိန်းကနဲ ထူပူတုန်သွားသလား မသိပါလေတော့။

သူ…သူ မေမေ့ကို ညိုမှတ်ပြီး ဘာတွေများ ပြောလိုက်ပြီလဲ ဒီလူ။

“အဟင်း…ဟင်း၊ ကောင်းပန်ပါတယ်တဲ့။ ဖုန်းမချလိုက်ပါနဲ့တဲ့လေ။ သမီးက မာနအတော်ကြီးတာပဲကွယ်။ ဟိုက ပျာနေရောပဲ”

“ဟွန်း”

တော်ပါသေးရဲ့။

သူ့ဖုန်းဆို ညို နားကိုမထောင်ချင်တာမို့ တမင်လုပ်တာပဲ။

“သမီး စိတ်ကြီးတာ မေမေသိတယ်။ ဒါပေမယ့် ဟော မိုးစက်ကိုတော့ စိတ်ပြေလိုက်ပါကွယ်။ သူ့ခမျာလည်း စိတ်ရေ လူပါ ပင်ပန်းနေရောပေါ့။ ကဲ…ကဲ သမီးနားလိုက်ဦး ဟုတ်လား။ အခန်းထဲချည်း အောင်းနေတာ ငြီးစီစီမဖြစ်ဘူးလား။ လန်းသွ အောင် အောက်လေးဘာလေးဆင်းပြီး လမ်းလျှောက်ပါလား သပါ။ တလောက သမီးဝယ်လာတဲ့ ဗင်ဒါလေး ပွင့်နေပြီ”

“ဟုတ်ကဲ့ပါ မေမေ”





ညို အောက်ဆင်းပြီး မေမေ့သစ်ခွရုံလေးဘေးမှာ သွားထိုင်နေမိ၏။

ဗင်ဒါသစ်ခွလှလှတွေထက် ညို့အတွေးထဲမှာ အမြင်ကတ်စရာကောင်းသော မိုးစက်၏ သဏ္ဌာန်က တဝဲဝဲလည်မို့ အံလေးကြိတ်ကာ ရွတ်မိတော့၏။

“မုန်းတယ်”



www.burmeseclassic.com

www.burmeseclassic.com

## အခန်း [၂၆]

စားမရ အိပ်မရ ဒုက္ခတွေက သူ့ကို ကောင်းစွာနှိပ်စက်

လေပြီတည်း။

သူ့တောင်းပန်မှုကို ညို လုံးဝ လက်မခံဘဲ ခါးသီးနာကျ

စွာ တုံ့ပြန်လိုက်ပြီမို့ သူ့ကိုယ်သူ ပို၍ ယူကြုံးမရလေ ဖြစ်နေရ၏။

စိတ်တစ်ပိုင်းကလည်း သူ့ဘာသာသူ ဖြေကြည့်မိ၏။

*'အို…ကိုယ်မှားတာကို ဝန္တရားအရ တောင်းပန်နေ…*

*လက်မခံလည်း နေပေါ့ကွာ။ ဂရုစိုက်လို့'*

ဟူသော အတွေးလေး တွေးကာ ခပ်တင်းတင်းပင်နေ…

ကြိုးစားသော်လည်း အချည်းနှီးပင်။

◆ ညဏ်ဝင်းစာပေ ◆



သူ့စိတ်တွေက ကြာညိုသင်းဆိုသော မိန်းကလေးဆီသာ အချိန်ပြည့်ရောက် ရောက်နေမှုကို အလန့်တကြား အံ့သြနေမိရ၏။

ငါ သိပ်လွန်သွားလို့ တောင်းပန်ချင်စိတ်ဇောတွေ ပြင်းလွန်းနေတာများလား။

ဟုတ်ပေမယ့် တကယ်လည်း သူ တောင်းပန်ထားပြီပဲ။ ဟိုက မကျေတော့ရော ဘာအရေးလဲ နေပေါ့ဟု ဥပက္ခာ ပြုလိုက်ပါတော့လား။

မရ။ မရပါချေ။ ဘာကြောင့်များပါလိမ့်။

ပပတို့ပြောစကားအရ ကြာညိုသင်း၏ စိတ်နေသဘောထားများကို သိလိုက်ရသောအခါ သူ့မှာ မိန်းကလေးတွေအပေါ် ပေါ့တိမ်တိမ်တွေးကာ အထင်သေးခဲ့သမျှ ထိုသို့မဟုတ်သေးပါလား ဟူသော သင်ခန်းစာကို ကြာညိုသင်းက သူ့ကို ပေးလိုက်လေပြီ။

ခုတော့ သူ နားလည်လိုက်ပြီတည်း။

သူ့အပေါ် ကြာညိုသင်း အမြင်ရှင်းသည်အထိ သူ ကြိုးစားမည်။

စာနှာ ညှာတာ စိတ်ကင်းသော ယောက်ျား၊ ပါးစပ်သရမ်းသော ကြောက်စရာကောင်းသော ယောက်ျားတွေထဲမှာ သူမပါဘူးဆိုတာ ကြာညိုသင်း လက်ခံသည်အထိ သူ ကြိုးစားသွားပါတော့မည်။

◆ ညဏ်ဝင်းစာပေ ◆

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်အပေါ် ရက်စက်နိုင့်သီးစွာ အရှက်ခွဲတတ်သောသူဟူ၍ ကြာညိုသင်း သူ့ကို ရွံမုန်း ကြောက်လန့်သွားမှုအတွက် သူ ဘာသိဘာသာ နေသွား၍မရပါ။

ကြာညိုသင်းထံမှ ကြည်လင်ပျော့ပြောင်းသော အမြင်ကြည် ခွင့်လွှတ်မှုတွေကို သူ အငမ်းမရ တောင့်တမျှော်လင့်နေမိ၏။

အဲဒါ ဘာကြောင့်လဲ၊ တစ်ညဉ့်လုံး အိပ်စက်၍မပျော်နိုင်စွာ သူ အတွေးနယ်ထဲ တဝဲလည်လည် နစ်မျောခဲ့ရလေသည်။

သူ့အာရုံတစ်ခုလုံး ကြာညိုသင်းမှလွဲ၍ ဘာမှမရှိတော့။ မနက်လင်းခါနီးမှာမှ သေချာခိုင်မာသော အဖြေတစ်ခုကို သူ ထိပ်လန့်အံ့သြစွာပင် ရှာဖွေတွေ့ရှိလိုက်ပါတော့၏။

ကြာညိုသင်းကို သူ စိတ်ဝင်စားနေပြီတည်း။

မှန်၏။

ရင်နှင့်မဆန့်အောင် အားနာ သနားခြင်းကြီးစွာဖြင့် ..မြတ်နိုးမိခဲ့ရပြီဖြစ်၏။

ကြည့်စမ်း။ ဘယ်လောက်များ ထူးဆန်းတုန်လှုပ်ဖွယ်..ကောင်းတဲ့ အဖြေပါလဲ။

သူ့ကို လုံးဝ မပတ်သက်ချင်တော့ပါဟူသော မိန်းက...ကိုမှ သူ ချစ်နေမိရလေပြီ။





သူ့အဖြစ်က ရယ်ရအခက် ငိုရအခက် ဖြစ်နေပြီမဟုတ်ပါလား။

'အချစ်' ဆိုတာ ဒီလိုပဲ ရှိတတ်ပါလားဟူသော အတွေးဖြင့် သူ ဆုံးဖြတ်ချက် အခိုင်အမာ ချလိုက်ပါ၏။

"ကြာညိုသင်း မင်းကို ကိုယ်ချစ်တယ်။ မင်းဘယ်လောက်မုန်းမုန်း ကိုယ်ချစ်တယ်။ မင်းကျေနပ်တဲ့အထိ ကိုယ်စောင့်ပြီး တောင်းပန်ဖို့ ကြိုးစားသွားမယ်။ ကိုယ့်အတွက် မင်းအချစ်ကိုရမှ ဘဝတစ်ခုလုံး ပြီးပြည့်စုံနိုင်မယ်ဆိုတာ ကိုယ် နားလည်သွားပြီ"

ခိုင်မာသော ဆုံးဖြတ်ချက်ကြောင့် သူ့စိတ်တွေ အတန်ငယ်ပေါ့သွားရသလိုပင်။

ရေမိုးချိုး၊ အဝတ်အစားလဲကာ ဆိုင်ထွက်ရန် သူပြင်နေစဉ်မှာပင် ဖိုးတာက လာပြော၏။

"အစ်ကိုကို လူတစ်ယောက် တွေ့ဖို့စောင့်နေတယ်"

"ဘယ်သူလဲ"

"ဦးမြတ်သင်းတဲ့ အစ်ကို"

"ဟင်"

ဒိန်းကနဲ အံ့သြသွားရစွာ သူ အမြန်ဆုံး ထွက်လာတော့ ဦးမြတ်သင်းက ပြုံး၍ ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မိုးစက် မသိသေးဘူးထင်လို့ ဦး လာပြောတာပါ ကွာ။ သမီး အက်စီဒင့်ဖြစ်တာ သိပြီလား"

"ဗျာ"

သူ့ကြောင့် ဖြစ်ရတာကို သူ့အား မသိသေးဘူးဟုထင်ကာ ပြောနေသော ဦးမြတ်သင်း၏မျက်နှာကို မျက်နှာပျက်သွားရရှာ သူ ကြည့်မိတော့ ဦးမြတ်သင်းက ဆက်၍ပြောတာက…

"အဟင်း…စိုးရိမ်စရာမရှိလို့ တော်သေးတာပေါ့ကွာ။ ဦးက မင်း သတင်းမေးရောက်မလာလို့ နည်းနည်း စုံစမ်းကြည့်တော့ မင်းတို့ချင်း စိတ်ကောက်နေကြတာဆို။ အဟင်း…ဟင်း၊ သမီးက ထက်သလောက် မာနခဲလေးကွ။ သမီးစိတ်ဝင်စားတယ်ဆိုမှတော့ မင်းလည်း တော်ရုံအရည်အချင်းမဟုတ်ဘူးဆိုတာ ဦး နားလည်ပါ တယ်ကွာ။ အခု ဦးလာတဲ့အကြောင်းရင်းက စိတ်ကောက်နေတဲ့ သမီးကို မင်း လူနာသတင်းမေးရင်း ချော့လိုက်ပါကွာ ဟုတ်လား။ မိန်းမတွေက အချော့ကြိုက်တယ်ကွ။ ချော့ရင်းနဲ့ မင်းတို့ မင်္ဂလာ ကိစ္စပါ တစ်ခါတည်း တိုင်ပင်ဟုတ်လား။ ဝါမဝင်ခင် လပ်ထပ်ရ မယ်။ ဘမီးဆီ မင်း ဘယ်တော့သွားမလဲ"

"ဗျာ…ဟုတ်ကဲ့ဦး၊ ကျွန်တော်လည်း သွားဖို့စဉ်းစားနေ တာပါ"





"အေးကွာ…သွားလိုက်၊ ဒီနေ့ပဲ သွားပေါ့ဟုတ်လား"

"ဟုတ်"

"ကဲ…ဦး ကိစ္စရှိသေးလို့ သွားမယ်။ အဲဒါ လာပြောတာ"

"ဟုတ်ကဲ့ ဦး"

ဦးမြတ်သင်း ထွက်သွားတော့မှ သူ့မှာ အိပ်မက်မက်နေ သူပမာ အဖြစ်အပျက်ကို ဘယ်လိုမှ မယုံနိုင်ဖြစ်နေရ၏။

သူ့အမည်ကို အမှတ်မထင် ဆွဲထည့်အသုံးချလိုက်မိသော ညို့အတွက် ညို့မိဘထံမှ ခုလို သဘောတူကြည့်ဖြူမှုတွေကို အံ့ဩ စရာကောင်းလောက်အောင် ရရှိလိုက်မှုတွေဟာ တကယ်မှ ဟုတ်ပါ့ လေစ။ သူ့မျက်နှာတစ်ခုလုံး ဟန်မဆောင်နိုင်စွာ ပြုံးကြည်ရွှင်ပြ သွားရပါတော့၏။

စိတ်ထဲမှာတော့…

*"မြတ်နိုးရတဲ့ ညိုရေ မင်း ကိုယ့်ကို ဘယ်လောက်ပဲ မုန်း မုန်း၊ ကိုယ့်ဘက်က အားပေးထောက်ခံမဲ့တွေ ရှိနေပြီ။ ကိုယ် နား လည်ပြီ သိလား။ ဒါကြောင့် မင်း ကိုယ့်ကို ခါးခါးသီးသီး ဖြစ်နေတာ ကိုး။ ပြီးစလွယ်ဆုတ်ဆော့ပြောမိတဲ့ ကိုယ့်နာမည်ကြောင့် မင်းဘက် က သိက္ခာကျစရာ ရှက်စရာလို့ တွေးနေတယ်မဟုတ်လား။ မရှက်ပါ နဲ့ကွာ။ ကိုယ်လည်း မင်းကို ရင်နဲ့မဆန့်အောင် ချစ်မိလို့ မင်းကိုကို*



www.burmeseclassic.com

www.burmeseclassic.com



*မရှက်မကြောက်စတမ်း အညှံ့ခံ တောင်းဆိုဖို့ အခုပဲ ကိုယ် လာခဲ့တော့မယ် ကြာညိုသင်း''*

ချက်ချင်းပင် ညို့ဆီ သူ ထွက်လာခဲ့၏။

သူရောက်သွားချိန်မှာ တိုက်ဆိုင်စွာပင် ညိုတစ်ယောက် သူမ အိပ်ခန်းခေါင်းရင်းမှ ပန်းအိုးအတွက် အိမ်ရှေ့ပန်းခြံထဲမှ နှင်းဆီအိုးလေးတွေကြားမှာ ကတ်ကြေးတစ်လက်ဖြင့် နှင်းဆီများကို ဖြတ်ယူနေစဉ် ပြုံးကနဲ ရောက်လာသော သူ့ကို မြင်လိုက်သောအခါ ပန်းများပင် လွတ်ကျသွားမလိုလို အံ့သြလှုပ်ရှား ပျာယာခတ် ကြိတ်ဒေါသလေးဖြင့် မေးလေ၏။

''ဟင်…ရှင်…ဘာလာလုပ်တာလဲ။ ဘာကိစ္စလဲ သွား…သွား ထွက်သွား။ ရှုပ်ရှပ်ယှက်ယှက် စိတ်ပျက်လိုက်တာနော်''

အိမ်နေဝတ် စပန့်သား ဘောင်းဘီရှည်ပွပွဖားဖားနှင့် ဘလောက်စ်ဖားဖားဖြင့် ချစ်စရာကောင်းနေသော ညို့ဒေါသမျက်နှာလေးကို သူ ငေးကနဲ စိုက်ကြည့်မိသွားရပြီးမှ မချိပြုံးလေးဖြင့် သူ ပြောလိုက်၏။

''ညို ကျေနပ်ခွင့်လွှတ်တဲ့အထိ ကိုယ် တောင်းပန်ချင်လို့ပါကွာ၊ မနှင်ပါနဲ့။ ကိုယ့်ကို ညို မနှင်ပါနဲ့။ ကိုယ်လေ ဘယ်လိုမှ နေလို့မရလို့ပါ ညို''





''အို…ရှင် ဘယ်လိုလူလဲ။ ညို ပြောတာ နားမလည်ဘူးလား။ ရှင်နဲ့ နောက်ထပ် ဘယ်တော့မှ မပတ်သက်ချင်ပါဘူးလို့။ ညို့ဆီ ရှင်လာစရာ ဘာအကြောင်းမှ မရှိတော့ဘူးသိလား။ ရှင် ပြန်ပါတော့''

''ညိုက မပတ်သက်ချင်ပေမယ့် ကိုယ်က မပတ်သက်ဘဲ နေအောင် ကြိုးစားကြည့်ပြီးပါပြီ ညို''

''ဘာ…ဘာရယ်''

''ခွင့်လွှတ်ပါညို။ ညို စိတ်ဆိုးရင်လည်း ရိုက်ပါကွာ။ ကိုယ်…ကိုယ်လေ ညို့ကို…''

''ဟင်''

ညို့မျက်နှာ ဖွေးကနဲဖြစ်သွားရစွာ သူ့ကို အလန့်တကြားလေး ကြည့်မိရသလို သူကလည်း ညို အံ့သြမျက်ဝန်းများကို မြတ်နိုးကြင်နာ ကရုဏာလျှံဖိတ်နေသော မျက်ဝန်းများဖြင့် ကြည့်ကာ ပြောလိုက်၏။

''ချစ်တယ် ညို၊ ရင်နဲ့မဆန့်အောင် ချစ်မိသွားပါပြီ''

''အို…ဘုရားရေ''

ညို့မျက်နှာတစ်ခုလုံး လက်ထဲကိုင်ထားသော နှင်းဆီအနီနှင့် အပြိုင် ရဲတွတ်သွားရပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ရှက်စိတ်နှင့်အတူ တဒိန်ဒိန်း ခုန်သွားသော ကိုယ့်နှလုံးခုန်သံကိုပင် ညို ထိတ်လန့်အံ့ဩ မင်သက်ရလွန်းစွာ ပြန်ကြားနေမိကာ နားနှစ်ဖက် ပါးနှစ်ဖက်စလုံး ထူပူဖိန်းရှိန်း တုန်ယင်စိတ်ဖြင့် ဖြစ်နိုင်ပါက သူ့ရှေ့မှ ညို ထွက်ပြေးလိုက်ချင်ပါ၏။ ညို့ခြေထောက်အစုံက မြေကြီးထဲ သံမှိုစွဲထားသည့်ပမာ လုံးဝရွေ့လျား၍မရတော့။

ထိုစဉ်မှာပင် အိမ်ထဲမှ မေမေမြင်သွားတော့ရာ…

"ဩော်…သမီးရယ်၊ ညှေ့သည်ကို အိမ်ထဲခေါ်လေကွယ်။ အပြင်မှာ မတ်တပ်နဲ့ အထဲဝင်လာကြ။ မေမေ ကော်ဖီဖျော်လိုက်ဦးမယ်"

ညို့မျက်နှာတစ်ခုလုံး ရှက်လည်းရှက်၊ စိတ်လည်းရှုပ်နှင့် သူ့ကို မျက်စောင်းလေးခဲကာ ပုံမှန်အသံလေးဖြင့်…

"နေပါစေ…မေမေ၊ ဘာမှမလုပ်ပါနဲ့။ အပြင်မှာပဲ ပြောပြီးပြန်တော့မှာပါ။ ဒီမယ် ရှင် ရူးနေလား။ ညိုဆိုတဲ့မိန်းမက ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားဘူး သိလား။ ရှင်ပြောတဲ့စကားတွေက ညို့အတွက် ဘာမှ အသုံးမဝင်တဲ့ ပဲ့ဘာသပဲ။ ရှင်ပြန်ပါတော့"

"မပြန်နိုင်ဘူး ညို"

"ဘာရှင့်"

"ညို့ဆီက အဖြေရမှ ကိုယ်သွားမှာပါ"





"ရော်…ဒုက္ခပါလား၊ အဖြေပေးပြီးပြီလေ။ စိတ်မဝင်စားဘူးလို့။ ညို ဘယ်သူ့ကိုမှ ချစ်ဖို့၊ လက်ထပ်ဖို့ ဆန္ဒမရှိဘူး ကဲ"

"ဘာဖြစ်လို့လဲ ညို။ လင်ယောကျ်ားအတွက် ဇနီးဝတ္တရားဆိုတဲ့ အချုပ်ထောင်ကြီးထဲမှာ ကျွန်တစ်ယောက်လို လုပ်ကိုင်ပေးရမှာ ကြောက်လို့လား"

"ဟင်…ရှင်"

"မအံ့ဩပါနဲ့၊ ညို့အကြောင်း ကိုယ်သိပြီးပါပြီ။ စိတ်ချ…ညို…ညို ဆန္ဒမရှိတဲ့ အိမ်ရှင်မ အလုပ်တွေအားလုံး ဘာတစ်ခုမှ မလုပ်စေရပါဘူးကွာနော်။ ကိုယ် လုပ်တတ်ပါတယ်။ ထမင်းချက်၊ အဝတ်လျှော်၊ အိမ်သန့်ရှင်းရေး၊ ဈေးသွား၊ အားလုံး ကိုယ်လုပ်မှာပါ"

"ဟင်"

ညို ရယ်ချင်သွားရပါတော့၏။

သူ အတည်ပြောနေပါလား။၏

မျက်မှောင်အတွန့် အနည်းငယ်လျော့သွားသော ညို့မျက်နှာကို သူ မြတ်နိုးစွာ ကြည့်လိုက်ပြီးမှ…

"တကယ်ပါ ညို။ ကိုယ်လေ ရင်ထဲမှာ မိန်းကလေးတစ်ယောက်ကို ဒီလောက်အထိ ချစ်မိသွားရတာမျိုး အံ့ဩလွန်းလို့ အချစ်ခိုဘာ မထင်မှတ်အောင်ကို အပြောင်းအလဲတွေ ရှိသွားပါလား



www.burmeseclassic.com

www.burmeseclassic.com



လို့ ကိုယ် နားလည်သွားရပြီကွာ။ ညိုဟာ ကိုယ့်ခံယူချက်နဲ့ အစွဲအလမ်းတွေကို ဆေးကြောခဝါချပေးလိုက်တဲ့ မိန်းကလေးပါ။ ကိုယ့်ဘဝအတွက် ညိုဟာ မရှိရင်မဖြစ်တဲ့ လက်တွဲဖော်ပါ။ ဘယ်လောက်ထိ ချစ်လည်းသိလား ညို။ ညိုသာ ငြင်းလိုက်ရင် ကိုယ့်ဘဝတစ်ခုလုံး ရည်ရွယ်ချက်မဲ့ ဦးတည်ရာမဲ့ ရေစုန်မျောသွားနိုင်တယ်ကွာ။ ချစ်လွန်းလို့ ညို့ဆန္ဒမှန်သမျှ အားလုံး ဖြည့်ဆည်း လိုက်လျောပေးချင်တဲ့ စိတ်ပဲ ရှိတော့တယ်။ ညို ယုံလားဟင်။ ယုံတယ် ဟုတ်လား"

ညို ခေါင်းငုံ့ကာ ဘာပြောရမှန်း မသိတော့။ သူက…

"ယုံပါလို့ ကိုယ်ပြောရင် ညို လက်ခံချင်မှ လက်ခံလိမ့်မယ်။ ကိုယ့်အချစ်ကို ကိုယ့်မေတ္တာ စေတနာ အကြင်နာ ဂရုစိုက်အလေးထားမှုတွေနဲ့ သက်သေပြပါရစေ ညို။ ညို့ကို ကိုယ် လက်ထပ်ပါရစေကွာ"

"ဟင်"

ဒီလူ ငြိမ်နေတာကို တစ်ဆင့်ပြီးတစ်ဆင့် တက်လာနေပြီ။ ညို ပြန်ပြောရန် ဟန်ပြင်လိုက်စဉ်…

"ဦးက ပြောတယ်၊ ညို စိတ်ကောက်နေတာ ချော့လိုက်ပါတဲ့။ ပြီးရင် လက်ထပ်ဖို့ကိစ္စကိုပါ တိုင်ပင်ကြတဲ့"

"အို"





ညို ရှက်သွားရစွာ နောက်လှည့်ပြေးရန် ခြေလှမ်းလိုက်သည်နှင့် ညို့လက်တစ်ဖက်ကို သူ ဖမ်းဆွဲထားကာ…

"ညို ပြောပါကွာ…ချစ်တယ် ဟုတ်လား"

"ဟင်…လွှတ်၊ မေမေ တွေ့သွားမယ်"

"ဒါဆို ပြောလေ ချစ်တယ်နော်။ မပြောရင် မလွှတ်ဘူးနော်"

ညို အကြံခက်သွားရစွာ ရှက်စိတ်ဝဲဝဲနှင့်ပင် နှင်းဆီတွေကို သူ့ရင်ခွင်ထဲ လျှင်မြန်စွာ ထည့်ပေးလိုက်ရင်းမှ ရှက်မျက်စောင်းလေးချိတ်ကာ ပြောပြီးသည်နှင့် အိမ်ထဲ အမြန်ဆုံး ပြေးဝင်လာခဲ့ပါတော့၏။

"မုန်းတယ်"

သူ့မျက်နှာ ပြုံးကျသွားရတာကို ညို တွေးမိတာက ဒီညဥ့်မှာတော့ သူရော၊ ညိုပါ အိပ်မက်လှလှလေးတွေ မက်ကြတော့မည်ပဲ့ဟူ၍…။

*စာရှုသူများ၏ မေတ္တာရိပ်မှ*
ခင်သူဇာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com



www.burmeseclassic.com